# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၁) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၅ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ်(၃၅)ပေါ်တွင် တည်ရှိသည့် ကယားဂေဟာ အမည်ရှိသော အဆောက်အအုံနှင့်မြေအား ကယားပြည်နယ်အစိုးရထံသို့ ဥပဒေနှင့်အညီ လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၆ | ထန်တလန်မြို့အတွက် ၆၆ ကေဗွီဓာတ်အားလိုင်းစီမံကိန်း တည်ဆောက်ခြင်း သည် မည်သည့် အချိန်တွင်ပြီးစီးမည်ကို သိလိုခြင်းနှင့် မြို့နယ် အတွင်းရှိကျေးရွာများကိုပါ လျှပ်စစ်ဓာတ်အားလိုင်း ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၇ | ၂၀၂၀ ပြည့်နှစ်အတွင်း အင်းစိန်မြို့နယ်အတွင်းရှိ လမ်းမီးများအားလုံး ထွန်းလင်းနိုင်ရေးကို အပြီးသတ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၈ | ရွှေကျင်မြို့နယ်၊ တောင်ဘက်ကျေးရွာအုပ်စုရှိ အမှတ်(၂)သတ္တု တူးဖော်ရေး | ၂၂ |

| | | |
|---|---|---|
| | လုပ်ငန်းက သိမ်းဆည်း ခဲ့သည့် မြေ ၄၁၈ ဧကအနက် သိမ်းဆည်းခံခဲ့ရသည့်ပုဂ္ဂိုလ်များနှင့် သိမ်းဆည်း ခံရသည့်တစ်ဦးချင်း၏ မြေဧရိယာများကို ထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိကို သိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း | |
| ၉ | ရွာငံမြို့နယ်၊ မြို့ကြီးတောရ ကေလာသတောင်ကြိုးပြင်ကာကွယ်တော ၁၄၀၀ ဧကအား အစိုးရ အသိအမှတ်ပြုကြိုးပြင်ကာကွယ်တောအဖြစ် အမြန်ဆုံး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၈ |
| ၁၀ | ရန်ကင်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၈၇/ကံဘဲ့)တွင် တည်ရှိသည့် မြေကွက်အမှတ်(၂)မြေနေရာအား ရန်ကင်းမြို့နယ်အတွက် Community Center နှင့် မြို့နယ်ခန်းမ ဆောက်လုပ်နိုင်ရန် ဝန်ကြီးဌာနလွှဲပြောင်း၍ အသုံးပြုခွင့် ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၃ |
| ၁၁ | ဂွမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ တိုင်ကြားခံ ကျောင်းအုပ်ကြီးအား ပညာရေးဌာနမှ မြို့နယ်နှင့်ခရိုင် အဆင့်တာဝန်ရှိသူများက လာရောက် စစ်ဆေး မေးမြန်းခဲ့ပြီး မည်ကဲ့သို့ အရေးယူထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄၀ |
| ၁၂ | အားကစားပညာသိပ္ပံဘွဲ့(B.Sc Sports)သင်တန်းနှင့် ယင်းသင်တန်းများမှ မွေးထုတ်ပေးခဲ့သော ဘွဲ့ရများသည် လက်ရှိတွင် မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ကဲ့သို့ ပံ့ပိုးပေးဆပ် အကျိုးပြုခဲ့သည်နှင့် ယင်းသင်တန်းမှထွက်ပေါ်လာမည့် ဘွဲ့ရများ၏ အနာဂတ်မည်သို့ရှိမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄၃ |

၁၃ သတ္တမတန်း မြန်မာစာ သင်ရိုးသစ် ကျောင်းသုံးစာအုပ်စာမျက်နှာ(၅)နှင့် (၆)တွင်ပါဝင်သော အချက်အလက်များသည် တိုင်းရင်းသားအရေး၊ ထိခိုက်စေနိုင်ခြင်းနှင့် သမိုင်းအမှန်အချက်အလက် များ လူငယ်များအတွင်း မှားယွင်းစွာသိမြင်သွားနိုင်ခြင်းတို့ကြောင့် ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၄၉

၁၄ ထီးလင်းမြို့နယ်ရှိ အခြေခံပညာကျောင်းရှစ်ကျောင်းတွင် ကျောင်းဆောင်သစ်များ တည်ဆောက် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၅၄

၁၅ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီက နိုင်ငံခြား သုံးငွေ စီမံခန့်ခွဲမှုဥပဒေကြမ်းကို တင်သွင်းခြင်း ၅၈

၁၆ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ၆၀

၁၇ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကပေးပို့သော ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများကို ပြင်ဆင် သည့်နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း ၈၆

၁၈ ဦးအုန်းခင်၊ ပုလောမဲဆန္ဒနယ်ကတင်သွင်းသည့်မြန်မာနိုင်ငံအနှံ့ နှစ်စဉ်တိုး၍ ဖြစ်ပွားလာနေ သောရေကြီးရေလျှံမှုများလျော့ပါးသွားစေရန် ရေတို ရေရှည်စီမံချက်များဖြင့်သက်ဆိုင် ပတ်သက်သောဌာနများ ပူးပေါင်း ဆောင်ရွက်၍ မြစ်ချောင်းများ ပြုပြင်ထိန်းသိမ်း ကာကွယ်မှုများကို စွမ်းအားရှိ သမျှဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ၈၇

အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံး အဖြတ်ရယူခြင်း

၁၉ ဦးအုန်းခင် ပုလောမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ၉၅

၂၀ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေဖြင့် ထူထောင် ထားသည့် လူမှုကွန်ရက် စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့(SMMT)နှင့် Facebook Team တို့၏ ဆောင်ရွက်မှုသည် လူမှုကွန်ရက်များအသုံးပြုသည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများအပေါ် မျှတမှုမရှိခြင်းကြောင့် လူမှုကွန်ရက်တွင် မကျေနပ်မှုအမုန်းစကားများ တိုးပွားလာပြီး အမျိုးသား ရင်ကြားစေ့ရေးနှင့် တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရေးတို့ကို ထိခိုက် ပျက်စီးစေနိုင်သဖြင့် SMMT နှင့် Facebook Team တို့က မည်သည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒများဖြင့် မည်သို့အရေးယူဆောင်ရွက်နေသည်ကို ပွင့်လင်းစွာ ရှင်းလင်းတင်ပြပြီး တရားမဲ့မှု မဖြစ်အောင် အချိန်မီထိန်းကျောင်း ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း ၉၆

၂၁ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ၁၀၇

၂၂ ဦးမင်းသိန်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာ ရခြင်းများ တဖြည်းဖြည်းမြင့်တက် ၁၀၇

လာနေပါသောကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူခြင်းများကို ယခုထက်ပို၍ ထိထိရောက်ရောက် အရှိန်မြှင့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

၂၃ ဦးမင်းသိန်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၁၁၈

၂၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၁၂၆

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (၁၁) ရက်မြောက်နေ့ အစီအစဉ်

## (၂၅-၈-၂၀၂၀) (အင်္ဂါနေ့)  နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ်(၃၅) ပေါ်တွင်တည်ရှိသည့် ကယားဂေဟာ အမည်ရှိသော အဆောက်အဦနှင့် မြေအား ကယားပြည်နယ် အစိုးရထံသို့ ဥပဒေနှင့်အညီ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်နီရွှေလျှန်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ထန်တလန်မြို့အတွက် (၆၆) ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း တည်ဆောက်ခြင်းသည် မည်သည့် အချိန်တွင် ပြီးစီးမည်ကို သိလိုခြင်းနှင့် မြို့နယ်အတွင်းရှိ ကျေးရွာ များကိုပါ လျှပ်စစ်ဓာတ်အားလိုင်းဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၏ **၂၀၂၀ ပြည့်နှစ်အတွင်း အင်းစိန်မြို့နယ်အတွင်းရှိ လမ်းမီးများအားလုံး ထွန်းလင်းနိုင်ရေးကို အပြီးသတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ **ရွှေကျင်မြို့နယ်၊ တောင်ဘက်ကျေးရွာအုပ်စုရှိ အမှတ်(၂) သတ္တုတူးဖော်ရေးလုပ်ငန်းက သိမ်းဆည်းခဲ့သည့် မြေ ၄၁၈ ဧကအနက် သိမ်းဆည်းခံခဲ့ရသည့် ပုဂ္ဂိုလ်များနှင့် သိမ်းဆည်း ခံရသည့်တစ်ဦးချင်း၏ မြေဧရိယာများကို ထုတ်ပြန်ပေးနိုင်ခြင်း ရှိ၊ မရှိ ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၏ **ရွာငံမြို့နယ်၊ မြို့ကြီးတောရကေလာသတောင်ကြိုးပြင်ကာကွယ်တော (၁၄၀၀) ဧကအား အစိုးရအသိအမှတ်ပြု ကြိုးပြင်ကာကွယ်တောအဖြစ် အမြန်ဆုံး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၏ **ရန်ကင်းမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ မြေတိုင်းရပ်ကွက် အမှတ် (၈၇/ကံဘဲ့) တွင် တည်ရှိသည့် မြေကွက်အမှတ်(၂) မြေနေရာအား ရန်ကင်းမြို့နယ်အတွက် Community Center နှင့် မြို့နယ်ခန်းမဆောက်လုပ်နိုင်ရန် ဝန်ကြီးဌာန လွှဲပြောင်း၍ အသုံးပြုခွင့်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမြင့်ဝေ၊ ဝ မဲဆန္ဒနယ်၏ **ဝမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ တိုင်ကြားခံကျောင်းအုပ်ကြီးအား ပညာရေးဌာနမှ မြို့နယ်နှင့် ခရိုင်အဆင့်တာဝန်ရှိသူများကလာရောက် စစ်ဆေးမေးမြန်းခဲ့ပြီး မည်ကဲ့သို့ အရေးယူထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **အားကစားပညာသိပ္ပံဘွဲ့ (B.Sc Sports) သင်တန်းနှင့် ယင်းသင်တန်းများမှ မွေးထုတ်ပေးခဲ့သော ဘွဲ့ရများသည် လက်ရှိတွင် မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ကဲ့သို့ ပံ့ပိုးပေးဆပ်အကျိုးပြုခဲ့သည်နှင့် ယင်းသင်တန်းမှ ထွက်ပေါ်လာမည့် ဘွဲ့ရများ၏ အနာဂတ်မည်သို့ရှိမည်ကိုသိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေ မဲဆန္ဒနယ်၏ **သတ္တမတန်း မြန်မာစာ သင်ရိုးသစ် ကျောင်းသုံးစာအုပ် စာမျက်နှာ ၅ နှင့် ၆ တွင် ပါဝင်သော အချက်အလက်များသည် တိုင်းရင်းသားအရေး၊ ထိခိုက် စေနိုင်ခြင်းနှင့် သမိုင်းအမှန် အချက်အလက်များ လူငယ်များအတွင်း မှားယွင်းစွာ သိမြင်သွားနိုင်ခြင်းတို့ကြောင့် ပြန်လည် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၏ **ထီးလင်းမြို့နယ်ရှိ အခြေခံ ပညာကျောင်း (၈) ကျောင်းတွင် ကျောင်းဆောင်သစ်များ တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက **"နိုင်ငံခြား သုံးငွေ စီမံခန့်ခွဲမှုဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **"နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို

တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ပေးပို့သော **"ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၀။ ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်က **"မြန်မာနိုင်ငံအနှံ့ နှစ်စဉ်တိုး၍ဖြစ်ပွားလာနေသော ရေကြီးရေလျှံမှုများ လျော့ပါးသွားစေရန် ရေတိုရေရှည် စီမံချက်များဖြင့် သက်ဆိုင်ပတ်သက်သောဌာနများ ပူးပေါင်းဆောင်ရွက်၍ မြစ်ချောင်းများ ပြုပြင်ထိန်းသိမ်း ကာကွယ်မှုများကို စွမ်းအားရှိသမျှ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၁။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၂။ ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်က **"နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေဖြင့် ထူထောင်ထားသည့် လူမှုကွန်ရက် စောင့်ကြည့်ထိန်းကျောင်းရေး အဖွဲ့ SMMT နှင့် Facebook Team တို့၏ ဆောင်ရွက်မှုသည် လူမှုကွန်ရက်များအသုံးပြုသည့်**

**လူပုဂ္ဂိုလ်အဖွဲ့အစည်းများအပေါ် မျှတမှုမရှိခြင်းကြောင့် လူမှုကွန်ရက်တွင် မကျေနပ်မှု အမုန်းစကားများ တိုးပွားလာပြီး အမျိုးသားရင်ကြားစေ့ရေးနှင့် တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရေးတို့ကို ထိခိုက်ပျက်စီးစေနိုင်သဖြင့် SMMT နှင့် Facebook Team တို့က မည်သည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒများဖြင့် မည်သို့ အရေးယူဆောင်ရွက်နေသည်ကို ပွင့်လင်းစွာ ရှင်းလင်းတင်ပြပြီး တရားမဲ့မှုများမဖြစ်အောင် အချိန်မီထိန်းကျောင်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၃။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန်ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၄။ ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်က တင်သွင်းသည့် **“မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆ ဖြစ်မှုများကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများ တဖြည်းဖြည်း မြင့်တက်လာနေပါသောကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူခြင်းများကို ယခုထက်ပို၍ ထိထိရောက်ရောက် အရှိန်မြှင့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၊

(ခ) ဦးညာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

(ဂ) ဗိုလ်မှူးဝင်းမင်းထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊

၁၅။ အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (၁၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

## (၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်)

## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၉၂ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၁.၁၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၂ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)တင်နုအောင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး အစည်းအဝေးပြီးဆုံးသည်ထိ၊

(၃) ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် တစ်ရက်၊

(၄) ဇဟာန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် တစ်ရက်၊

(၅) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် တစ်ရက်၊

(၆) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် နှစ်ရက်၊

(၇) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် တစ်ရက်၊

(၈) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် နှစ်ရက်၊

(၉) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် တစ်ရက်၊

(၁၀) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် တစ်ရက်၊

(၁၁) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် တစ်ရက်၊

(၁၂) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် တစ်ရက်၊

(၁၃) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် တစ်ရက်၊

(၁၄) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် တစ်ရက်၊

(၁၅) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် တစ်ရက်၊

**မှုကြမ်း**

(၁၆) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် တစ်ရက်၊

(၁၇) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် တစ်ရက်၊

(၁၈) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် သုံးရက်၊

(၁၉) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် တစ်ရက်၊

(၂၀) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် တစ်ရက်နှင့်

(၂၁) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂၂) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂၃) ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် လေးရက်၊

(၂၄) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ ခွင့် လေးရက်၊

(၂၅) အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း ခွင့် တစ်ရက်၊

(၂၆) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂၇) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် လေးရက်နှင့်

(၂၈) ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်ခွင့် တစ်ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၀ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၈ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ်(၃၅)ပေါ်တွင်တည်ရှိသည့် ကယားဂေဟာ အမည်ရှိသော အဆောက်အအုံနှင့်မြေအား ကယားပြည်နယ်အစိုးရထံသို့ ဥပဒေနှင့်အညီ လွှဲပြောင်း ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်ရှင်။ ကျွန်မက တော့ လွိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင် Power Point ဖြင့် ရှင်းပြခွင့်ပြုပါရှင်။ ကျွန်မမေးမယ့် မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ်(၃၅)ပေါ်မှာရှိတဲ့ ကယားဂေဟာအမည်ရှိတဲ့ အဆောက်အအုံနဲ့မြေကို ကယားပြည်နယ်အစိုးရသို့ ဥပဒေနဲ့အညီ လွှဲပြောင်းရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ ကျွန်မ ဒီမေးခွန်းမေးရခြင်းအကြောင်းကတော့ လူထုတွေ့ဆုံပွဲမှာ လူထုတွေတောင်းဆိုလာတဲ့အတွက် လူထုကိုယ်စားပြုတာဝန်အနေနဲ့ ကျွန်မ မေးရခြင်း ဖြစ်ပါတယ်။ ဒါကတော့ ယခင်ကယားဂေဟာပုံနဲ့အခုလက်ရှိ Pansea Hotel အနေနဲ့ရှိနေတာ ဖြစ်ပါတယ်။ ဒါကတော့ ပထမပိုင်ရှင်၊ ဒုတိယပိုင်ရှင်၊ အခုနောက်ဆုံးပိုင်ရှင်ကို ဒီရာဇဝင်အထောက်အထားအနေ နဲ့ ရှိတဲ့ဟာဖြစ်ပါတယ်။

ပထမပိုင်ရှင်ကတော့ S.Balthazan ဖြစ်ပါတယ်။ သူကတော့မြေဂရန်ပိုင်ရှင် ဖြစ်ပါတယ်။ ဒုတိယပိုင်ရှင်ကတော့ ကျွန်မတို့ ၁၉၅၁ ခုနှစ်မှာ ဒါအမည်ပေါက်ရထားတာ ဖြစ်ပါတယ်။ ပိုင်ရှင်ကတော့ Karenni State Government အဲဒီ Karenni State Government ဆိုတာက အစိုးရဝယ်လိုက်တဲ့ဟာက အကြောင်းတရားတစ်ခုတော့ရှိပါတယ်။ ကျွန်မရှင်းပြပါမယ်။

နောက်ဆုံးကျတော့ ၁၉၉၅ ခုနှစ်ကျမှ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအစိုးရက အခုနောက်ဆုံး မှတ်သားထားတဲ့ ပိုင်ရှင် ဖြစ်ပါတယ်ရှင်။ အဲဒီမှာ ကျွန်မတို့ပြောပြချင်တာက ၁၉၅၁ ခုနှစ် ကျွန်မတို့ Kayah State Government ခေါ်တဲ့ ကယားပြည်နယ်အစိုးရကပိုင်ပြီးတော့ ကျွန်မတို့ ဒီအဆောက်အအုံကိုပြန်ပြင်ဆင်ပြီး ကယားဂေဟာဆိုပြီးတော့ ကယားပြည်သူလူထုများတည်းခို နိုင်အောင် လူမှုရေးအရတည်းခိုနိုင်အောင်စီမံထားတဲ့ ကယားဂေဟာဖြစ်ပါတယ်။ အဲဒီကတည်းက ကျွန်မတို့ထိန်းသိမ်းလာတယ်။ ကျွန်မတို့အစိုးရပိုင်တယ်။ ကယားပြည်နယ် ပိုင်တယ်။ အဲဒါကို ၁၉၆၂ ခုနှစ်မှာ အာဏာသိမ်းလိုက်တဲ့အခါမှာလည်း ကျွန်မတို့ကယားပြည်နယ် အစိုးရအဖွဲ့ကပဲ အဲဒီနာမည် Ownership ဆိုတဲ့ နာမည်နဲ့ပဲထိန်းသိမ်းပါတယ်။ အဲဒါက ၁၉၇၂ ခုနှစ်အထိဖြစ်ပါတယ်။ ၁၉၇၂ ခုနှစ်ကျမှ ဆောက်လုပ်ရေးဦးစီးဌာနက စီမံခန့်ခွဲတဲ့အနေနဲ့ပဲ လုပ်ပါတယ်ရှင်။ ၁၉၉၅ ခုနှစ်မှာ ပိုင်ပြီးတဲ့အခါမှာ ကျွန်မတို့ PRA–FMI Pansea Co.Ltd နဲ့ B.O.T System နဲ့စာချုပ်ချုပ်ပြီးတော့မှ ဒါငှားရမ်းထားတာ ဖြစ်ပါတယ်။ အဲဒီငှားရမ်းပြီးတော့မှ ၄–၈–၂၀၁၅ ခုနှစ်ကျမှ Thirty Years Extension နဲ့ပြန်ပြီးတော့ ငှားရမ်းထားတာဆိုတာသိရပါတယ်။ အဲဒီငှားတာကလည်း ၂၀၂၆ ခုနှစ်မှပြည့်မှာဖြစ်ပါတယ်ဆိုတာ သိပါတယ်။ အဲဒီဟာကိုအရင် လွှတ်တော်ပထမအကြိမ်မှာလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကယားပြည်နယ်က မေးတယ်။ ဒါ B.O.T System နဲ့လုပ်ထားတယ်။ အစိုးရပိုင်မြေဖြစ်တဲ့အတွက် မစွန့်လွှတ်နိုင်ပါဘူးဆိုပြီးတော့ ပြောထားပါ တယ်ရှင်။

ဒါကတော့မြေပုံဖြစ်ပါတယ်။ ပိုင်ဆိုင်တဲ့မြေပုံ နောက်အခုကျွန်မတို့ ဒီအစိုးရတက်လာတဲ့ အခါမှာ ကျွန်မတို့ပြည်ထောင်စုအစိုးရက ပြည်သူလူထုတွေကို မနစ်နာစေချင်လို့ ၂၀၁၉ ခုနှစ် မတ်လမှာအစည်းအဝေးထိုင်ပြီးတော့ ညွှန်ကြားချက်တစ်ရပ်ထုတ်ပါတယ်။ ပြည်ထောင်စုအစိုးရက လူထုတွေကိုမနစ်နာအောင်လို့ပါ။ အဲဒါက ၁၉၆၃ ခုနှစ်မှာ ပြည်သူပိုင်သိမ်းတဲ့ပစ္စည်းတွေကို ပြန်ပေးနိုင်အောင်လို့ ညွှန်ကြားချက်လေးဖြစ်ပါတယ်။ အဲဒီညွှန်ကြားချက်ကလည်း မူဝါဒ(၉)ရပ်

ဌာနဆိုင်ရာလုပ်ဆောင်ရမယ့်ဟာ နောက်ပြီးတော့မှ ဥပဒေချုပ်တွေဆီမှာ အကြံဉာဏ်တောင်းပြီးတော့ ဘယ်လိုပြန်ပေးရမယ်ဆိုတဲ့ ညွှန်ကြားချက်တွေနဲ့ပုံစံတွေ ပါပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေနဲ့အညီ ကျွန်မတို့ကယားပြည်နယ်အစိုးရကို ဘယ်လိုပြန်လွှဲပေးမလဲ။ လွှဲဖို့အစီအစဉ်ရှိ/မရှိ ဆိုတာ မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ မေးမြန်းသော ကယားပြည်နယ်အစိုးရပိုင်ဆိုင်၍ ၁၉၆၂ ခုနှစ်မတိုင်မီနှင့် ၁၉၆၂ ခုနှစ်တပ်မတော်က အာဏာသိမ်းပြီးနောက်ပိုင်း ၁၉၇၂ ခုနှစ်အထိ ထိန်းသိမ်းစောင့်ရှောက်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း အမှတ်(၃၅)ပေါ်တွင် ကယားဂေဟာအမည်ရှိသော အဆောက်အအုံနှင့်မြေအား ၁၉၇၂ ခုနှစ်တွင် အုပ်ချုပ်ရေးစနစ်အသစ်ဖြစ်သော ကယားပြည်နယ်ဦးစီးအဖွဲ့ကို ဖျက်သိမ်း၍စောင့်ရှောက်ထိန်းသိမ်းမှုအား ပြည်ထောင်စုအစိုးရဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပြီး ဧည့်ရိပ်သာ(သဟာယ) အဆောင်အဖြစ် ယခုထိစောင့်ရှောက်ခဲ့သော ၎င်းမြေနှင့်အဆောက်အအုံကို ပြည်သူလူထုတောင်းဆိုချက်အရ ကယားပြည်နယ်အစိုးရအား ဥပဒေနှင့်အညီလွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒဂုံမြို့နယ် ပြည်လမ်းရပ်ကွက်အမှတ်(၄၆-B)၊ မြေကွက်အမှတ်(၅၇)၊ ဧရိယာ ၁.၆၅၄ ဧကသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အမည်ပေါက် အစိုးရမြေဖြစ်ပြီးတော့ B.O.T စနစ်ဖြင့် ဟိုတယ်လုပ်ငန်းရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခွင့်ပြုရန် ၁၉၈၈ ခုနှစ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ၂၃-၃-၁၉၉၄ ရက်နေ့တွင် လုပ်ငန်းအဆိုပြုချက်တင်ပြခဲ့ရာ ကော်မရှင်၏ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ ရက်စွဲပါ ခွင့်ပြုမိန့်အမှတ်(၁၂၅/၁၉၉၅)အရ ၁၀-၁၀-၁၉၉၅ ရက်နေ့၌ B.O.T သဘောတူစာချုပ် ချုပ်ဆိုပြီးတော့ Pansea Hotel (The Governor’s Residence) အမည်ဖြင့်ဖွင့်လှစ်ပြီးတော့ ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ မြေငှားသက်တမ်းမှာ ၂၀၆၅ ခုနှစ်တွင် ကုန်ဆုံးမှာ ဖြစ်ပါတယ်။ စီမံကိန်းတစ်ခုလုံးရဲ့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၀ သန်းအထိ ရှိနေတာဖြစ်ပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်က ခေတ်မီတိုးတက် သော နိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ခေတ်မီ တိုးတက်သော လူနေမှုအဆောက်အအုံများတည်ဆောက်ခြင်း၊ ပြည်ပမှစီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန်အခွင့်အလမ်းများဖန်တီးပေးခြင်း၊ နိုင်ငံခြားဝင်ငွေရရှိစေခြင်း၊ နိုင်ငံတော်၏ ပြောင်းလဲကျင့်သုံးလျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်အရ မြန်မာနိုင်ငံအတွင်းသို့ စီးပွားရေးလုပ်ငန်းရှင်များနှင့်ကမ္ဘာလှည့်ခရီးသည်များ လာရောက်လျက်ရှိရာ ၁၉၉၆ ခုနှစ် မြန်မာ ခရီးသွားနှစ် (Visit Myanmar Year 1996)ဟု သတ်မှတ်၍ နိုင်ငံခြားဧည့်သည်များအတွက် တည်းခို နေထိုင်ရေးစီစဉ်ပေးခြင်းစတဲ့ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ်(၃၅)ရှိ Pansea Hotel (The Governor’s Residence) ဖွင့်လှစ်ထားသော မြေနှင့်အဆောက်အအုံသည် ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင် သို့ လွှဲပြောင်းပေးထားခြင်းမဟုတ်ဘဲ ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် နိုင်ငံခြားကုမ္ပဏီသို့ B.O.T

စာချုပ်ဖြင့်စာချုပ်ချုပ်ဆိုငှားရမ်းထားခြင်းဖြစ်ပါသဖြင့် စာချုပ်သက်တမ်းကုန်ဆုံးပါက နိုင်ငံတော်ပိုင် အဖြစ်ရှိနေမည်ဖြစ်ခြင်း၊ အဆိုပါမြေမှာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အမည်ပေါက်အစိုးရ မြေဖြစ်ခြင်း၊ နိုင်ငံတော်အတွက်နှစ်စဉ် နိုင်ငံခြားဝင်ငွေရရှိနေသောလုပ်ငန်းဖြစ်ခြင်း၊ ချုပ်ဆိုထား သော B.O.T စာချုပ်သက်တမ်းမှာ ၂၀၆၅ ခုနှစ်အထိ ရှိမှာဖြစ်ခြင်းတို့ကြောင့် ကယားပြည်နယ် အစိုးရအဖွဲ့သို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ ဒုတိယဝန်ကြီး ဖြေသွားပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မကတော့ ဒီအဖြေကဟိုအရင်တုန်းက ပထမအကြိမ် လွှတ်တော် ကတည်းကဖြေတဲ့အဖြေနဲ့ တစ်ပုံစံတည်းဖြစ်နေပါတယ်ရှင်။ အခုက ပြောင်းလဲလာပါပြီဆိုတာ ကျွန်မ ပြောပြီးသားဖြစ်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုအစိုးရက စာအမှတ်၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှာ ညွှန်ကြားချက်ရှိပါတယ်။ အဲဒါက ၁၉၆၃ ခုနှစ်၊ ပြည်သူပိုင်ကင်းလွတ်ခြင်းဥပဒေအရ သိမ်းဆည်းခဲ့တဲ့အခန်း၊ အဆောက်အအုံ၊ မူလပိုင်ရှင်နဲ့ ပိုင်ရှင်ဆက်ခံသူများက ပြန်လည်လျှောက် ထားရင် မူဝါဒ(၉)ရပ်၊ သက်ဆိုင်တဲ့ဝန်ကြီးဌာန၊ အဖွဲ့အစည်းက စီမံစိစစ်ရမှာက(၆)ချက်၊ ဆောင်ရွက် ရမှာက (၆)ချက်နှင့်သတ်မှတ်တဲ့ပုံစံပြောင်းထားတာ ဖြစ်ပါတယ်။ ပြန်ပေးရမည့်အချက်မှာလည်း ၁၉၆၃ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းစာရင်းထဲမှာ ပါဝင်ခြင်းမရှိဘူး။ ပုံစံ(၃)နှင့်ပြန်လည် ပေးအပ်ထားပြီး တဲ့နောက် အစိုးရဌာနပဲဖြစ်ဖြစ်၊ သမဝါယပဲဖြစ်ဖြစ်၊ ငှားရမ်းနေသူတွေပဲဖြစ်ဖြစ် အထောက်အထား ခိုင်လုံစွာတင်ပြနိုင်ရင် လွှဲပြောင်း ပေးရမယ်ဆိုတာဖြစ်ပါတယ်။ အခုအနေအထားမှာကြည့်ရင် ကျွန်မ တို့ဟာ ပြည်သူပိုင်သိမ်းတဲ့ စာရင်းထဲမပါပါဘူးရှင်။ အဲဒီအချက်အလက်တွေကိုလည်း ပြည်ထောင်စု ဝန်ကြီးဌာန၊

အဲဒီမှာညွှန်ကြားချက်ကပါပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်း များက စိစစ်၍အချက်(၆)ချက်ရှိပါတယ်။ အဲဒီမှာက ပြည်သူပိုင်သိမ်းဆည်းစာရင်းပါတယ်မပါဘူး ဆိုတာ အဲဒီ(၆)ချက်ထဲမှာ စိစစ်ပြီးမှဆုံးဖြတ်ရမှာဖြစ်သလို အဲဒီအချက်အလက်တွေကိုလည်း ပြည်ထောင်စုရှေ့နေအသင်းဌာနကိုပို့ရမှာ ဖြစ်ပါတယ်။ အဲဒါနဲ့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ အခု ဝန်ကြီးဖြေသွားတဲ့ဟာက အရင်ကဖြေထားတာကိုပဲ Highlight လုပ်ပြီးပြသွားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုနောက်ဆုံးညွှန်ကြားချက်နဲ့အတူ ကျွန်မတို့ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနက ညွှန်ကြားတဲ့အတိုင်းပဲ ဒီ(၆)ချက်ကို လုပ်ထားပါပြီလား။ ပြည်သူပိုင်ဟုတ်/မဟုတ်ကိုရော စိစစ်ပြီး ပြီလား။ ဒါရှင်းနေပါတယ်။ ကျွန်မတို့ပြင်ဆင်တဲ့စာရင်းထဲ လည်းမပါပါဘူး။ အဲဒီဟာကို ရှေ့နေချုပ်ရုံး ကကျွန်မတို့တင်ရပါမယ်။ အဲဒီအကြံဉာဏ်နဲ့ ဆုံးဖြတ်ရမယ်ဆိုတာပါပါတယ်။ အဲဒီလိုမျိုးပုံစံ မဖြစ်တဲ့အတွက် အဲဒီပုံစံအတိုင်းလုပ်ပေးပါ။ နောက်ကျွန်မတို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရော၊ တိုင်းရင်းသားတွေရော အခုသွားနေတဲ့ ပြည်ထောင်စုဖက်ဒရယ်ကိုလည်း အကောင်အထည်ဖော် ရာမှာ ပါဝင်ပတ်သက်တဲ့၊ ကောင်းတဲ့ Result ရအောင်လို့ ပြည်ထောင်စုစိတ်ဓာတ်မွေးရမယ်ဆိုတာ ပြီးခဲ့တဲ့အစည်းအဝေးကြီးမှာလည်း ပြောထားပြီးတဲ့အတွက် အဲဒီပုံစံမူဘောင်နဲ့ ကျွန်မတို့ ပြန်ပေး နိုင်အောင် မူအတိုင်းညှိနှိုင်းဆောင်ရွက်တဲ့ အချက်အလက်တွေစုဆောင်းပြီးတော့ ပြည်ထောင်စု ရှေ့နေချုပ်ရုံးကိုတင်ပြီး အချက်အလက်ကိုယူပေးပါလို့ မေတ္တာရပ်ခံပါတယ်ရှင်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်တော်ကြီးက ဆက်စပ်မေးခွန်းမေးမယ်ဆိုပြီးမှ ခွင့်ပြုတာ ဖြစ်ပါတယ်။ အခုဟာ ကိုယ်စားလှယ်တော်ကြီးက တိုက်တွန်းသလိုဖြစ်နေပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားရှင်းလင်းဖို့ရှိ/မရှိ သိလိုပါတယ်။ ရှိမယ်ဆိုလို့ရှိရင်လည်း ဖြေကြားပေးပါ။

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ ဒေါက်တာဒေါ်ခင်စည်သူရဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ အချက်အလက်တွေ စုဆောင်းပြီးတော့ စာဖြင့်ပြန်ကြားသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ထန်တလန်မြို့အတွက် ၆၆ ကေဗွီဓာတ်အားလိုင်းစီမံကိန်း တည်ဆောက်ခြင်းသည် မည်သည့်အချိန်တွင်ပြီးစီးမည်ကို သိလိုခြင်းနှင့် မြို့နယ်အတွင်းရှိကျေးရွာများကိုပါ လျှပ်စစ်ဓာတ်အားလိုင်းဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီရွှေလျှန်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျှန်း ဖြစ်ပါတယ်။ ကျွန်မမေးမြန်းချင်တဲ့မေးခွန်းကတော့ ထန်တလန်မြို့အတွက် ၆၆ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းတည်ဆောက်ခြင်းသည် မည်သည့်အချိန်တွင်ပြီးစီးနိုင်မည်ကို သိရှိလိုခြင်းနှင့် မြို့နယ်အတွင်းရှိကျေးရွာများကိုပါ ဓာတ်အားလိုင်းဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ဟာ ရပ်ကွက် ငါးခု၊ အုပ်စု ၃၆ ခု၊ ကျေးရွာပေါင်း ၈၆ ရွာရှိ၍ လူဦးရေအားဖြင့် ၅၅၀၀၀ ဦးကျော်ဖြင့် ဖွဲ့စည်းထားပါတယ်။ ထန်တလန်မြို့နယ်သည် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်နှင့် တစ်မြို့နယ်လုံး နယ်နိမိတ်ချင်းဆက်စပ်လျက် ရှိပါတယ်။ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်ရှိရွာတိုင်းတွင် လျှပ်စစ်မီးလင်းပြီး၊ ထန်တလန်မြို့နယ် အတွင်းရှိကျေးရွာများတွင် မီးမလင်းနိုင်သေးပါသဖြင့် တစ်ဖက်နိုင်ငံမှ အထင်သေး/ခြင်းမခံရအောင်နှင့် မိမိတို့ဘ၀ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် လိုအပ်လျက်

ရှိသောလျှပ်စစ်မီးကို အထူးဆောင်ရွက်ပေးရန်လိုအပ်နေကြောင်း ဒေသခံပြည်သူလူထုမှ တင်ပြလာကြပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဟားခါးမြို့မှ ထန်တလန်မြို့ထိ ၁၁ ကေဗွီဖြင့် ထန်တလန်မြို့တွင်း ၁၁ ကေဗွီခါတ်အားဖြန့်ဖြူးရေးအတွက် ၇၄၄.၂၉၉ သန်းရန်ပုံငွေဖြင့် တည်ထောင်ဆောင်ရွက်ခဲ့ပြီး ယခုအခါတွင် ထန်တလန်မြို့ပေါ်သည် လျှပ်စစ်မီးသုံးစွဲနေရပြီဖြစ်ပါသဖြင့် ပြည်သူများဝမ်းသာပီတိဖြစ်နေကြပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဟားခါးရုံးခွဲမှ ထန်တလန်မြို့သို့ ၆၆ ကေဗွီခါတ်အားလိုင်းဖြင့် ၁၄.၅ မိုင် တည်ဆောက်ရန်အတွက် ရန်ပုံငွေကျပ် ၁၁၄၀.၆၇၆ သန်းခွဲဝေချထားပြီး လုပ်ငန်းစတင်နေပြီ ဖြစ်ပါတယ်။ အဆိုပါသတင်းကို ဒေသခံပြည်သူလူထုမှ ကြားသိရသည့်အခါ မြို့နယ်အတွင်းရှိ ကျေးရွာများကိုပါ လျှပ်စစ်ခါတ်အားဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း ဝမ်းမြောက်ဝမ်းသာအားရစွာ မျှော်လင့်လျက်ကြိုဆိုနေကြပါတယ်။ ထန်တလန်မြို့နယ်ရဲ့ ပထဝီအနေအထားဟာ ထန်တလန် မြို့ကိုဗဟိုပြု၍ တောင်ကြောရှစ်ခုဖြင့်ဖွဲ့စည်းထားရာ ၎င်းတောင်ကြောအလိုက် ကျေးရွာများသို့ ဆက်သွယ်သည့်ကားလမ်းများ ဖောက်လုပ်ပြီးဖြစ်ပါတယ်။ ကျေးရွာများသို့ လျှပ်စစ်ခါတ်အား ဖြန့်ဖြူးပေးပါက ကျွမ်းကျင်သူများ၏ ညှိနှိုင်းချက်အရ အောက်ပါအတိုင်းသွယ်တန်းပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

(၁) ထန်တလန်မြို့မှ ကြောင်ထီးယားအုပ်စု၊ ဟရီဖီးအုပ်စု၊ ဓဲဖိုင်(က)အုပ်စု၊ တလန်ခွားအုပ်စု၊ ဘဲဟားရ်အုပ်စုများသို့ ဆက်သွယ်သည့်လမ်းကြောင်း၊(၂) ထန်တလန်မြို့မှ မှောင်တလန်အုပ်စု၊ လေတပ်ခက်လမ်းခွဲမှ ခွာဘုံအုပ်စု၊ လောင်တလန်အုပ်စု၊ ငါဖိုင်ပီးအုပ်စု၊ ငဖိုင်သဲအုပ်စုများသို့ ဆက်သွယ်သည့်လမ်းကြောင်း၊ (၃) ထန်တလန်မြို့မှ ထွာလမ်အုပ်စု၊ ဆလင်းအုပ်စု၊ သီကီးရ်အုပ်စု၊ လူလ်ပီလုံးအုပ်စု၊ ရှာလမ်းအုပ်စုများသို့

ဆက်သွယ်သည့်လမ်းကြောင်း၊ (၄) ထန်တလန်မြို့မှ ထွာလမ်လမ်းခွဲမှ ထန်ဇာန်အုပ်စု၊ ထောအိုအုပ်စု၊ ဘုန်တလန်အုပ်စု၊ ဆိုင်ကအုပ်စုများသို့ ဆက်သွယ်သည့်လမ်းကြောင်း၊ (၅) ထန်တလန်မြို့မှ ဆိုပွမ်းလမ်းခွဲ၊ ထန်ဇာရ်အုပ်စု၊ လုံလဲရ်အုပ်စု၊ ဒေါန်အုပ်စု၊ ဇန်တလန်အုပ်စုများသို့ ဆက်သွယ်သည့်လမ်းကြောင်း၊ (၆)ထန်တလန်မြို့မှ ဆိုပွမ်း လမ်းခွဲ၊ ဗန်ဇန်းအုပ်စု၊ တလန်ပီးအုပ်စု၊ လုံဒိန်းအုပ်စုများသို့ ဆက်သွယ်သည့်လမ်းကြောင်း၊ (၇) ထန်တလန်မြို့မှ ခွာဖိုးလမ်းခွဲ၊ လုံဇားရ်အုပ်စု၊ တလန်သဲအုပ်စု၊ တလန်ခွားအုပ်စု၊ သီခွန်းသွမ်းအုပ်စု များသို့ ဆက်သွယ်သည့်လမ်းကြောင်း၊ (၈) နှာရိန်းမြို့မှ ခွာဟရန်းအုပ်စု၊ ထန်ဩအုပ်စု၊ ဖန်ထင်း အုပ်စု၊ ဆူရ်ငင်းအုပ်စု၊ အိုင်ဘူရ်အုပ်စု၊ လိုင်လင်းအုပ်စုများသို့ ဆက်သွယ်သည့်လမ်းကြောင်းများ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ထန်တလန်မြို့အတွက် ၆၆ ကေဗွီဓာတ်အားလိုင်းစီမံကိန်း တည်ဆောက်ပေးခြင်းကို မည်သည့်အချိန်တွင် ပြီးစီးနိုင်မည်ကို သိရှိလိုခြင်းနှင့် မြို့နယ်အတွင်းရှိကျေးရွာများကိုပါ ဓာတ်အားလိုင်းဖြန့်ဖြူးသွားရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုကြောင်း ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျန်းမေးမြန်းသည့် ထန်တလန်မြို့အတွက် ၆၆ ကေဗွီ

ဓာတ်အားလိုင်းစီမံကိန်း တည်ဆောက်ပေးရေးကို မည်သည့်အချိန်တွင် ပြီးစီးနိုင်မည်ကို သိရှိလို ခြင်းနှင့် မြို့နယ်အတွင်းရှိကျေးရွာများကိုပါ လျှပ်စစ်မီးရရှိစေရေးအတွက် ဓာတ်အားလိုင်းဖြန့်ဖြူး သွားရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်ပေါင်းစပ်ကာ လျှပ်စစ်မီးနှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြေကြားချက်များပြည့်စုံစေရန်အတွက် အချိန်ပိုမို သုံးစွဲခွင့်ပြုပေးပါရန် ကြိုတင်တောင်းခံအပ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က ၁၁ ကေဗွီဓာတ်အားလိုင်းဖြင့် လျှပ်စစ်မီးအလင်းပေးခဲ့ပါတယ်။ ထန်တလန်မြို့မှ ရှေ့သို့ဆက်၍ မြို့များမီးလင်းရန်မှာ ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် ဆက်သွယ်ရမှာဖြစ်ပါတယ်။ ထို့ကြောင့် ဟားခါးမြို့မှ ထန်တလန်မြို့သို့ ၆၆ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ရပါမယ်။ ထန်တလန်မြို့မှာ ၆၆/၃၃ ကေဗွီ(၃၀)အမ်ဗွီအေခွဲရုံတစ်ရုံ တည်ဆောက်ရမှာဖြစ်ပါတယ်။ ထန်တလန်မြို့ပေါ်မှာ ၆၆/၁၁ ကေဗွီ(၅)အမ်ဗွီအေခွဲရုံပစ္စည်းများနှင့် Control ခန်းအဆောက်အဦ ပစ္စည်းများကို ယခုဘဏ္ဍာရေးနှစ်ဖြစ်တဲ့ ၂၀၁၉-၂၀၂၀ ဘတ်ဂျတ်ဖြင့် အပြီးတည်ဆောက်နေ ပါတယ်။ ဟားခါးမြို့မှ ထန်တလန်မြို့သို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၁၄၅ မိုင်တည်ဆောက်ခြင်း ကိုတော့ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း အပြီးတည်ဆောက်မှာဖြစ်ပါတယ်။ ပြီးစီးပါက လွှတ်တော် ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ တလန်ရွားကျေးရွာအုပ်စုနှင့် တလန်သဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာလေးရွာအား တိုးချဲ့ဓာတ်အားပေးနိုင်မှာဖြစ်ပါတယ်။ ထန်တလန်ခွဲရုံတွင် ၆၆/၃၃ ကေဗွီ (၃၀)အမ်ဗွီအေထရန်စဖော်မာနှင့် ဆက်စပ်ဖီဒါများတည်ဆောက်ခြင်းကိုတော့ ၂၀၂၁-၂၀၂၂ ခုနှစ်မှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ရန်လျာထားပါတယ်။

**မူကြမ်း**

ထို့နောက် ထန်တလန်မြို့မှ နှာရိန်မြို့သို့ ၃၃ ကေဗွီဓာတ်အားလိုင်း ၃၈ မိုင်အရှည်နဲ့ နှာရိန်းမြို့တွင် ၃၃/၁၁ ကေဗွီ၊(၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ရန် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တို့မှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လျာထား၍ တည်ဆောက်မှာဖြစ်ပါတယ်။ အဆိုပါခွဲရုံမှတစ်ဆင့် ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ နှာရိန်းမြို့မှ ခွာဟရန်း၊ ထန်ဩ၊ ဖန်ထင်း၊ ဆူရင်း၊ ဟရင်းပီးနှင့် ဆာတဲကျေးရွာအုပ်စုများကို ကျေးရွာပေါင်း ၁၀ ရွာကို လျှပ်စစ်မီးအလင်းရမှာဖြစ်ပါတယ်။ ကြောင်ထီးယားနှင့် ဟရိန်ခန်းရွာကိုတော့ ၃၃ ကေဗွီဓာတ်အားလိုင်းနှစ်လိုင်းနှင့် ၃၃/၁၁ ကေဗွီ၊ (၅)အမ်ဗွီအေခွဲရုံနှစ်ရုံ တည်ဆောက်ခြင်းကိုတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ လျာထားတည်ဆောက်ပေးမှာဖြစ်ပါတယ်။ တည်ဆောက်ပြီးပါက ကြောင်ထီးယား၊ ဟရီဖီး၊ အိုင်ဘူရ်၊ မှောင်တလန်၊ ဘွန်လုံးနှင့်ဒေါင်ဗားကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၁၃ ရွာသို့လည်းကောင်း၊ ဟရိန်ခန်း၊ ထာအို၊ ဘုန်တလန်၊ ထွာလမ်၊ ဆလင်း၊ သီကိရ်၊ ရှာလမ်းကျေးရွာအုပ်စုများရှိတော့ ကျေးရွာပေါင်း ၁၂ ရွာကိုတော့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်။

ဝေါင်သူးနှင့် ပတ်ဝန်ကျင်းရှိ ဘဲလ်ဟားရ်၊ လူလ်ပီးလုံနှင့် ဓဖိုင်ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာ ၁၄ ရွာကိုတော့ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရန် ကြောင်ထီးယားမှ ဝေါင်သူးသို့ ၃၃ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရမှာ ဖြစ်ပါတယ်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးသိလိုတဲ့ ငဖိုင်သဲ၊ လိုင်လင်းနှင့် ငဖိုင်ပီးကျေးရွာအုပ်စု ၁၁ ရွာကို လျှပ်စစ်မီးဓာတ်အားဖြန့်ဖြူးပေးရန်မှာတော့ နှာရိန်မှ ငဖိုင်သဲသို့ ၃၃ ကေဗွီဓာတ်အားလိုင်းနှင့် ခွဲရုံတို့တည်ဆောက်ပေးရပါမှာ ဖြစ်ပါတယ်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တောင်းခံတည်ဆောက်ပေးမှာ ဖြစ်ပါတယ်။ ဖာရွန်းနှင့် အနီးဝန်းကျင်ရှိ လုံဒိန်း၊ သီခွန်သွမ်း၊ တလန်ခွား၊ တလန်ပီးနှင့် ဗန်ဇန်းကျေးရွာအုပ်စုများရှိ ကျေးရွာ ၁၁ ရွာတို့ကို လျှစ်စစ်

ခါတ်အားဖြန့်ဖြူးပေးနိုင်ရန်မှာ ထန်တလန်မြို့မှ ဖာရွှန်းသို့ ၃၃ ကေဗွီဓါတ်အားလိုင်းနှင့် ခွဲရုံ တည်ဆောက်ပေးရမှာဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှတောင်းခံ၍ တည်ဆောက်ရန် လျာထားပါကြောင်း တင်ပြအပ်ပါတယ်။

လုံလဲရ်မြို့နှင့် ပတ်ဝန်းကျင်ရှိ ထန်ဇာရ်း၊ ဒေါန်၊ ဇန်တလန်နှင့် ဆိုင်ကကျေးရွာအုပ်စု ၁၁ ရွာ ကိုတော့ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးပေးနိုင်ရန်မှာ ထန်တလန်မြို့မှ လုံလဲရ်သို့ ၃၃ ကေဗွီဓါတ်အား လိုင်းနှင့် ဓါတ်အားခွဲရုံတည်ဆောက်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် စီစဉ်ထားရှိပါတယ်။ သို့ဖြစ်ပါ၍ ထန်တလန်မြို့နယ်အတွင်းရှိ မြို့နှင့်ကျေးရွာ များကို နိုင်ငံတော်ဓါတ်အားစနစ်မှ ဓါတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၆၆ ကေဗွီနှင့် ၃၃ ကေဗွီ ဓါတ်အားလိုင်းနှင့် ဓါတ်အားခွဲရုံများကို ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လျာထားတောင်းခံ တည်ဆောက်ပေးမှာဖြစ်ပါကြောင်းနှင့် ပြည်နယ်ရန်ပုံငွေဖြင့် ၁၁ ကေဗွီ ဓါတ်အားလိုင်းနှင့် ထရန်စဖော်မာများ အချိန်ကိုက်ပြီးစီးရေး ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**၂၀၂၀ ပြည့်နှစ်အတွင်း အင်းစိန်မြို့နယ်အတွင်းရှိ လမ်းမီးများအားလုံး ထွန်းလင်းနိုင်ရေးကို အပြီးသတ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုတဲ့မေးခွန်းကတော့

အင်းစိန်မြို့နယ်အတွင်း ပြည်သူများ ဘေးအန္တရာယ်ကင်းပြီး လုံခြုံချောမွေ့စွာသွားလာနိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အင်းစိန်မြို့နယ်အတွင်းရှိ အဓိကလမ်းမကြီးများ၊ လမ်းသွယ်များနှင့် ရပ်ကွက်အတွင်းရှိလမ်းများ၊ မီးများထွန်းလင်းနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွင်း အမြန်ဆုံးအပြီးသတ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့် ဆောင်ရွက်ပေးမည်ဆိုပါက အမြန်ဆုံးဆောင်ရွက်ပေးရန်နှင့် မဆောင်ရွက်ပေးနိုင်ပါက အဘယ်ကြောင့်ဟူ၍ သိရှိလိုခြင်း ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များဟာ အင်းစိန်မြို့နယ် ပြည်သူတွေကရွေးချယ်တင်မြှောက်လို့ ကိုယ်စားလှယ်များအဖြစ် တရားဝင်အတည်ပြုပြီးတဲ့နောက်ပိုင်းမှာ အင်းစိန်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဥပဒေဘောင်အတွင်းက ဌာနဆိုင်ရာများနှင့်ပေါင်းစပ်ညှိနှိုင်းမှုကို လုပ်နည်းလုပ်ဟန်အမျိုးမျိုးနဲ့ ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ ပြည်သူများရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ လမ်း၊ ရေမြောင်း၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးအစရှိတဲ့ကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ဖို့ဆောင်ရွက်တဲ့အခါမှာ မြို့နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတတ်နိုင်ဆုံးပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်တဲ့နည်းကို အသုံးပြုခဲ့တဲ့အတွက် အောင်မြင်မှုများစွာရရှိခဲ့ပါတယ်။ အထူးသဖြင့် လျှပ်စစ်ကဏ္ဍမှာဆိုရင် လျှပ်စစ်မီးအားအန္တရာယ်ကင်းစွာ၊ ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် အန္တရာယ်ရှိတဲ့ လျှပ်စစ်ဓာတ်အားကြိုးများ၊ ဓာတ်တိုင်များလဲလှယ်ခြင်း၊ ရှုပ်ထွေးဆားဗစ်ကြိုးများရှင်းလင်းခြင်း စတဲ့ ကိစ္စရပ်များဖြေရှင်းတဲ့အခါမှာ နိုင်ငံတော်ဘတ်ဂျက်၊ သက်ဆိုင်ရာကော်မတီများရဲ့ ရင်းနှီးမြှုပ်နှံမှု များတင်မကပဲ ဒေသခံပြည်သူများရဲ့ ပူးပေါင်းထည့်ဝင်ငွေများဖြင့် ဆောင်ရွက်ခဲ့တာ အခုဆိုလို့ရှိရင် အင်းစိန်မြို့နယ်အတွင်းရှိ ရှုပ်ထွေးဆားဗစ်ကြိုးများရှင်းလင်းမှုဟာ ၉၅ ရာခိုင်နှုန်းခန့် အောင်မြင်စွာ ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို လိုအပ်တဲ့နေရာမှာ Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာခွင့်တောင်းခံအပ်ပါတယ်။ ဒီမေးခွန်းဖြစ်ပေါ်ရခြင်းအကြောင်း ကတော့ လွှတ်တော်ကိုယ်စားလှယ်များအာရုံစိုက်ဆောင်ရွက်နေမှုတစ်ခုဖြစ်တဲ့ တရားဥပဒေစိုးမိုးရေး ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးကို အဓိကအထောက်အကူပြုတဲ့အချက်ကတော့ တစ်မြို့နယ်လုံး လမ်းမီးများမီးလင်းရေးပဲ ဖြစ်ပါတယ်။ ဒုစရိုက်မှုအဖြစ်ကျူးလွန်သူများဟာ အမှောင်ကိုအခြေခံပြီး သွားလာလှုပ်ရှားကျူးလွန်တတ်ကြတာ အားလုံးလည်းသတိထားမိပြီးဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များက လမ်းမီးများလင်းရေးကို လေ့လာတဲ့အခါမှာ ယခင်ခေတ် အဆက်ဆက်က လမ်းမီးများမီးလင်းရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) က လျှပ်စစ်မီးသီးဝယ်ပေးရပြီးတော့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်း(YESC) က ထိုမီးသီးများကိုတပ်ဆင်ပေးမှ လမ်းမီးများလင်းခဲ့ရတာဖြစ်ပါတယ်။ ထိုကဲ့သို့ နှစ်ပေါင်းများစွာ ဌာနနှစ်ခုပေါင်းမှ လမ်းမီးလင်းရတဲ့ ရှုပ်ထွေးလွဲမှားခဲ့တဲ့ စီမံခန့်ခွဲမှုတွေကို တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(YCDC) နှင့် ရန်ကုန်လျှပ်စစ်ဓာတ်အာပေးကော်ပိုရေးရှင်း(YESC)တို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်တဲ့အတွက် ယခုအခါမှာ လမ်းမီးများမီးလင်းရေးဟာ ၂၀၁၉ ခုနှစ် မတ်လမှစပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေး ကော်ပိုရေးရှင်းမှ တာဝန်ယူဆောင်ရွက်နေပြီဖြစ်ပါတယ်။ တာဝန်ယူပြီးတစ်နှစ်ကျော်အတွင်းမှာ ခေတ်အဆက်ဆက်က မီးမလင်းခဲ့တဲ့ အဓိကလမ်းမကြီးများမီးလင်းသွားတာဟာ အတိုင်းအတာ တစ်ခုအထိ မီးလင်းခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း လိုအပ်ချက်တွေရှိနေသေးတာ ဖြစ်ပါတယ်။ Power Point မှာတင်ပြထားသလို ကျွန်တော်တို့မြို့နယ်ရပ်ကွက်ရဲ့ အဓိကလမ်းသွယ်ကြီးသုံးသွယ် ကြားမှာ မီးလင်းရန်ကျန်ရှိနေသေးတာကို စာရင်းဇယားများရော၊ မြေပြင်အနေအထားအရရော တွေ့နေရတာဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စဟာ နိုင်ငံတော်ရဲ့ဘတ်ဂျက်နှင့် ဖြေရှင်းပေးရမယ့်ကိစ္စ ဖြစ်နေတာကြောင့် အင်းစိန်မြို့နယ်အတွင်းရှိ ပြည်သူများဘေးအန္တရာယ်ကင်းပြီး လုံခြုံချောမွေ့စွာ

**မူကြမ်း**

သွားလာနိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အင်းစိန်မြို့နယ်အတွင်းရှိ အဓိကလမ်းများ၊ လမ်းသွယ်များနှင့် ရပ်ကွက်အတွင်းရှိ လမ်းများမီးထွန်းလင်းနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွင်း အမြန်ဆုံးအပြီးသတ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိ လိုခြင်းနှင့် ဆောင်ရွက်ပေးမည်ဟုဆိုပါက အမြန်ဆုံးဆောင်ရွက်ပေးရန်နှင့် မဆောင်ရွက်ပေးနိုင်ပါက အဘယ်ကြောင့်ဖြစ်တယ်ဆိုတာကို အင်းစိန်မြို့နယ်ပြည်သူများ၏ ကိုယ်စား ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးမေးမြန်းသည့် အင်းစိန်မြို့နယ်အတွင်း ပြည်သူများ ဘေးအန္တရာယ်ကင်းပြီး လုံခြုံချောမွေ့စွာသွားလာနိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အင်းစိန်မြို့နယ်အတွင်း အဓိကလမ်းမကြီးများ၊ လမ်းသွယ်များနှင့် ရပ်ကွက်အတွင်းရှိ လမ်းမီးများ ထွန်းလင်းနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွင်း အမြန်ဆုံးအပြီးသတ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့် ဆောင်ရွက်ပေးမည်ဆိုပါက အမြန်ဆုံးဆောင်ရွက်ပေးရန်နှင့် မဆောင်ရွက်ပေးနိုင်ပါက အဘယ်ကြောင့်ဟု သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်ပေါင်းစပ်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော်က ဆက်လက်ပြီးတော့မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လျှပ်စစ်လမ်းမီးများ ကျယ်ကျယ်ပြန့်ပြန့်ထွန်းညှိ

ရန်လိုအပ်ပါတယ်။ အချို့ အဓိကလမ်းမကြီးများပေါ်တွင် လျှပ်စစ်မီးတိုင်များ အသစ်တပ်ဆင်ခြင်း၊ LED မီးလုံးများတပ်ဆင်ထွန်းညှိခြင်း၊ လမ်းမီးကြိုးများ အသစ်ဆွဲသားခြင်းလုပ်ငန်းများကိုလည်းပဲ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ကြိုးစားဆောင်ရွက်လျက်ရှိနေပါတယ်။ လက်ရှိ အသုံးပြုနေသော အဓိကလမ်းမကြီးများ၊ လမ်းသွယ်များ၊ ရပ်ကွက်အတွင်း လမ်းများမှာရှိတဲ့ လမ်းမီး တိုင်များ၊ လမ်းမီးကြိုးများ၊ လမ်းမီးသွယ်များကိုလည်းပဲ ပြင်ဆင်နိုင်ရေးအတွက် ဘဏ္ဍာငွေရရှိမှု အပေါ်မူတည်ပြီးတော့ ဆောင်ရွက်လျက်ရှိနေပါတယ်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ အင်းစိန်မြို့နယ်အတွင်းရှိ အဓိကလမ်းမကြီးများဖြစ်သော ရန်ကုန်-ပြည်လမ်း၊ ရန်ကုန်-အင်းစိန်လမ်း၊ ဘုရင့်နောင်လမ်း၊ သီရိမင်္ဂလာလမ်း(ဂျပန်လမ်း)၊ မင်းကြီးလမ်း၊ လှိုင်မြစ်လမ်း၊ ဒညင်းကုန်းလမ်း၊ ခရေပင်လမ်း၊ လမ်းသစ်လမ်း၊ အောက်မင်္ဂလာဒုံ လမ်း၊ အမှတ်(၄)လမ်း၊ မင်းဓမ္မလမ်း၊ အင်းစိန်ဘူတာရုံပတ်လမ်းအစရှိတဲ့ လမ်းမကြီး ၁၃ လမ်းကို လည်းပဲ LED မီးလုံး ၈၃၆ လုံး၊ ဓာတ်အားလိုင်း ၉.၂၅ မိုင်တို့ကို ခန့်မှန်းကုန်ကျစရိတ် ၂၆၄၈၉၈၃၀၀ ကျပ်သုံးစွဲပြီး တပ်ဆင်အသုံးပြုခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာလည်းပဲ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ LED မီးလုံးပေါင်း ၁၅၅၀၀ လုံးနှင့် လမ်းမီးဓာတ်အားလိုင်းပေါင်း ၁၄၃.၉၇ မိုင်ကို လည်းပဲ ကုန်ကျငွေကျပ် ၄.၈၈ ဘီလီယံဖြင့် တည်ဆောက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဆက်လက်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီးတော့ လမ်းမီးများကိုလည်း ဝယ်ယူဖြည့်ဆည်းလျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး၏ အဓိကလမ်းမကြီးများကို လမ်းမီးများထွန်းညှိရေး ပထမဦးစားပေးအဖြစ် တစ်ပြေးညီထွန်းလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ ပါတယ်။ ရပ်ကွက်အတွင်းရှိ လမ်းများနှင့် လမ်းမီးများထွန်းညှိနိုင်ရေးအတွက်လည်း လာမည့် ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေထည့်သွင်းတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်မှာလည်းပဲ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှကျပ် ၀.၇ ဘီလီယံနှင့်

တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေမှကျပ် ၃.၅ ဘီလီယံ လျာထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ရွှေကျင်မြို့နယ်၊ တောင်ဘက်ကျေးရွာအုပ်စုရှိ အမှတ်(၂)သတ္တုတူးဖော်ရေးလုပ်ငန်းက သိမ်းဆည်းခဲ့သည့် မြေ ၄၁၈ ဧကအနက် သိမ်းဆည်းခံခဲ့ရသည့်ပုဂ္ဂိုလ်များနှင့် သိမ်းဆည်းခံရသည့်တစ်ဦးချင်း၏ မြေဧရိယာများကို ထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ၁၇ ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့မှာ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရွှေကျင်မြို့နယ်၊ တောင်ဘက်ကျေးရွာအုပ်စုမှာရှိတဲ့ အမှတ်(၂)သတ္တုတူးဖော်ရေးလုပ်ငန်းကသိမ်းဆည်းခဲ့တဲ့မြေ ၄၁၈ ဧကအနက် သိမ်းဆည်းခံခဲ့ရတဲ့ပုဂ္ဂိုလ်များနဲ့ သိမ်းဆည်းခံရတဲ့တစ်ဦးချင်းစီရဲ့မြေဧရိယာများကို ဖော်ပြပေးနိုင်ရေးနဲ့ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းမေးရတဲ့ကြောင်းကျိုးဖော်ပြချက်အနေနဲ့ကတော့ ကျွန်တော်တို့ရွှေကျင်မြို့နယ်အတွင်းမှာ အကြောင်းအမျိုးမျိုးနဲ့မြေသိမ်းဆည်းခံခဲရတာတွေများစွာရှိပါတယ်။ တပ်ကသိမ်းတာရှိတယ်။ ဝန်ကြီးဌာနတွေက

အကြောင်းအမျိုးမျိုးနဲ့သိမ်းတာတွေရှိသလို သိမ်းဆည်းခဲ့တဲ့အဖွဲ့အစည်းတွေက ပြန်လည်စွန့်လွှတ်ထားတယ်ဆိုသော်ငြားလည်းပဲ မူလပိုင်ရှင်ကိုစွန့်လွှတ်ခြင်းမရှိဘဲ ၎င်းတို့သီးစားချထားတဲ့သူတွေကိုပဲ ပြန်လည်လွှဲပြောင်းပေးတဲ့အမှုတွေလည်းများစွာ ရှိပါတယ်။ ဒီလိုမြေသိမ်းဆည်းတဲ့အမှုပေါင်းကတင်ပြလာတာကိုပြုစုထားတာဆိုလို့ရှိရင် အမှုပေါင်း ၆၀ ကျော်လောက်ရှိပါတယ်။ ဒီအမှုထဲမှာမှစိစစ်ရမယ့်အချက်တွေ၊ ပြန်လည်စွန့်လွှတ်သင့်တဲ့အချက်တွေနဲ့ ညီတဲ့အချက်တွေရှိသော်ငြားလည်းပဲ ဆောင်ရွက်မှုပိုင်းမှာအားနည်းတာရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေပါတဲ့ မြို့နယ်မြေစစ်အဖွဲ့တွေကလည်း စစ်ဆေးသဘောထားမှတ်ချက်ပေးပြီး ခရိုင်ကိုတင်ပြခဲ့ပါတယ်။ ဒါပေမဲ့တစ်မှုမှတော့ အပြီးသတ်ဖြေရှင်းနိုင်တာမရှိသေးပါဘူး။ ခရိုင်မြေစစ်ကိုမေးတော့လည်း ရေရေရာရာမဖြေကြားနိုင်သေးပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမြေသိမ်းတဲ့အမှုတွေထဲမှာမှ ရွှေကျင်မြို့နယ်၊ တောင်ဘက်ကျေးရွာမှာရှိတဲ့ အမှတ်(၂)သတ္တုတူးဖော်ရေးလုပ်ငန်းကသိမ်းဆည်းခဲ့တဲ့ မြေ ၄၁၈ ဧကကလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ်မှာ အမှတ်(၂)သတ္တုတူးဖော်ရေးလုပ်ငန်းကသိမ်းဆည်းခဲ့ပြီး ရွှေသတ္တုတူးဖော်ခဲ့ပါတယ်။ ၁၀ နှစ်အကြာလုပ်ငန်းများလုပ်ကိုင်ပြီးတဲ့ ၂၀၁၄ ခုနှစ်မှာ ပြန်လည်စွန့်လွှတ်တယ်လို့သိရပါတယ်။ ဒါပေမဲ့မြေကိုတော့ အရင်ပြည်ထဲရေးဝန်ကြီးဌာနအခုဆိုရင်တော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကထိန်းသိမ်းထားတယ်လို့သိရပါတယ်။ ၂၀၁၄ ခုနှစ်ကစွန့်လွှတ်တယ်ဆိုလို့ရှိရင်ဒီနေ့နဲ့တွက်ကြည့်ရင် ခြောက်နှစ်လောက်ရှိနေပါပြီ။ ခြောက်နှစ်အတွင်းမှာ သတ္တုတွင်းကစွန့်လွှတ်ထားသော်ငြားလည်းပဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဘာမှပြန်လည်ပြီးတော့ မြေသိမ်းအမှုတွေနဲ့ပတ်သက်ပြီးဘာမှ ဆောင်ရွက်မှုတော့ထူးထူးခြားခြားတော့မရှိသေးပါဘူးခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါမှာ ရွှေကျင်မြို့မှာရွှေကျင်တံတားကြီးလည်းတည်ဆောက်ပြီးသွားပြီဖြစ်တဲ့အတွက်ကြောင့် တစ်ဖက်ကမ်းမှာရှိတဲ့ဒီတောင်ဘက်ကမ်းမြို့ပြစီမံကိန်းတည်ဆောက်ဖို့ ရည်ရွယ်ချက်တွေလည်းရှိတယ်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဆီကနေ သိရပါတယ်။ ဒါပေမဲ့ အခုအဲဒီ

နေရာမှာ သူပိုင်တယ်၊ ငါပိုင်တယ်ဆိုပြီးတော့မှ ၄၁၈ ကေထဲမှာပဲ ခွင့်ပြုချက်မရှိဘဲနဲ့ ဝန်းခြံခတ်တာတွေ၊ အဆောက်အအုံဆောက်တာတွေ၊ စည်းကမ်းလက်လွတ်လုပ်တာတွေလည်း ရှိလာပါတယ်။ အုပ်ချုပ်ရေးပိုင်းကလည်း ဒါတွေကိုပြတ်သားတဲ့စီမံခန့်ခွဲမှုများလုပ်ဆောင်နိုင်တာကို မတွေ့ပါဘူး။ တကယ်တော့ ဒီမူလပိုင်ရှင်ဖြစ်ကြောင်း မှန်ကန်စွာသုံးသပ်နိုင်တယ်ဆိုလို့ရှိရင် ထိုက်သင့်သလိုစီမံပေးပြီးတော့မှ ကျန်တာကိုတော့ တိုင်းဒေသကြီးအစိုးရအစီအစဉ်နဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ မြို့ပြင်တိုးချဲ့ရေးလုပ်ငန်းတွေ လုပ်ကိုင်ရမှာဖြစ်ပါတယ်။ ဒီမြေသိမ်းမှုကိုတော့ မဖြေရှင်းပေးဘဲနဲ့တော့ ကျန်တဲ့ဖွံ့ဖြိုးရေးစီမံကိန်းကိုတော့ လုပ်ဆောင်ဖို့အခက်အခဲရှိနေအုံးမှာပဲ ဖြစ်ပါတယ်။ အဲဒီလို စီမံခန့်ခွဲဖို့ဆိုလို့ရှိရင် ဘယ်သူ့ဆီက ဘယ်လောက်စီသိမ်းထားလဲဆိုတာ အတိအကျသိရရင် အထောက်အကူဖြစ်မှာဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို မေးတဲ့အခါမှာလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာလည်း သူ့မှာတိကျတဲ့ပြုစုထားတဲ့စာရင်းဇယားမရှိဘူးလို့ပြောပါတယ်။ တစ်ဖက်မှာကလည်း သတ္တုတွင်းကတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို မေးမြန်းတဲ့အခါမှာတော့ သူတို့မြို့နယ်မှာတော့မရှိဘူး။ ဌာနချုပ်မှာရှိတယ်ဆိုပြီးတော့မှ ကျွန်တော်တို့ကိုဒီလိုပဲပြောပါတယ်။ ဒါကြောင့်မို့လို့ အခုနကပြောတဲ့မြေယာစီမံခန့်ခွဲမှုကို မှန်မှန်ကန်ကန်မျှမျှတတ၊ တစ်ဖက်မှာလည်း အစိုးရရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို မြန်မြန်ဆန်ဆန်လုပ်နိုင်အောင်လို့။ နောက်တစ်ချက်အနေနဲ့က တရားဥပဒေစိုးမိုးရေးပေါ့။ ဒီမြေကိုလောလောဆယ်မှာ ဘယ်သူ့ကိုမှပိုင်ဆိုင်မှုချထားပေးတာမရှိသော်ငြားလည်းပဲ စီမံခန့်ခွဲသူတွေရဲ့ပြတ်သားစွာဆောင်ရွက်မှုမရှိတဲ့အပေါ်မှာ စည်းလွတ်ကမ်းလွတ်တွေ ဝင်ရောက်ကျူးကျော်တယ်။ ဒါကိုလည်း အချိန်မီတားဆီးတာမျိုးတွေလည်းမလုပ်နိုင်ပါဘူး။ အဲဒီတော့ ဒါကိုအားလုံးကိုဖြေရှင်းနိုင်ဖို့အတွက်ဆိုလို့ရှိရင် ဘယ်သူ့ဆီကနေပြီးတော့ ဘယ်နှကေလောက်ကိုတော့ သိမ်းဆည်းခဲ့သလဲဆိုတဲ့စာရင်းဇယားရရင် ဖြေရှင်းနိုင်မှာဖြစ်တဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မှူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောသလေးစောရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ ကနေပြီးတော့မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ တောင်ဘက်ကျေးရွာအုပ်စုရှိ မြေဧရိယာ ၄၁၈.၉၈ ဧကကို ၁၉၈၉ ခုနှစ်မှာ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းက ရွှေသတ္တုတွင်းစီမံကိန်းအကောင်အထည်ဖော်ရန် ဖြိုးပိုင်ရှင်တစ်ဦးချင်းစီကနေ ပိုင်ဆိုင်မှုဧရိယာတွေကို လွှဲပြောင်းရယူခြင်းမဟုတ်ဘဲ ၄၁၈ ဧကရှိသော စီမံကိန်းမြေဧရိယာအနေဖြင့်သာ လက်ခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဖြိုးပိုင်ရှင်တစ်ဦးချင်းစီအတွက်လည်း မည့်သည့်လျော်ကြေးမျှပေးအပ်၍ သိမ်းဆည်းခဲ့ခြင်းလည်းမရှိပါဘူး။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းဟာ ရွှေသတ္တုတွင်းစီမံကိန်းဆက်လက်ဆောင်ရွက်ခြင်းမရှိတော့သဖြင့် နိုင်ငံတော်သို့ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ရာ နိုင်ငံတော်ကစီမံခန့်ခွဲပိုင်မြေအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၂-၉-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၆၁/၂၀၁၄)နဲ့ ဒါကျွန်တော်တို့ ထုတ်ပြန်သတ်မှတ်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ဒီမြေကို ၂၀၁၃ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှာ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးမြင့်ရွှေ ခေါင်းဆောင်တဲ့အဖွဲ့ကနေပြီးတော့မှ အဆိုပါမြေ ၄၁၈ ဧကကို သတ္တုတွင်း

ပိုင်မြေမှစွန့်လွှတ်ခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေကျင်မြို့သို့ပဲ ဒါပြန်လည်အပ်နှံခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းခြင်းနှင့်ပတ်သက်ပြီးတော့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းက စွန့်လွှတ်အပ်နှံပြီးဖြစ်တဲ့မြေ ၄၁၈.၉၈ ဧကအတွက် သိမ်းဆည်းခံရတဲ့ပုဂ္ဂိုလ်များနဲ့ သိမ်းဆည်းခံရသည့် ပုဂ္ဂိုလ်များရဲ့တစ်ဦးချင်းမြေဧရိယာများကို စာရင်းဇယားနှင့်တကွ ထုတ်ပြန်ကြေညာပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နိုင်ငံတော်သို့လည်းပြန်လည်အပ်နှံခဲ့ပြီးဖြစ်သော အဆိုပါမြေ ၄၁၈ ဧကနဲ့စပ်လျဉ်းပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှသာ စိစစ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ ဖြေကြားသွားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ခုနကပြောတဲ့ပြဿနာလေးတွေကိုဖြေရှင်းဖို့အတွက်ကို သိမ်းဆည်းထားတဲ့ပုဂ္ဂိုလ်တွေရယ်၊ တစ်ဦးချင်းသိမ်းဆည်းထားတဲ့ဧကတွေရယ်ကို ဝန်ကြီးဌာနအနေနဲ့ကတော့ စုစုပေါင်းပဲလက်ခံလိုက်သလို ပြန်စွန့်လွှတ်တဲ့အခါမှာလည်း ဧရိယာစုစုပေါင်းကို ပြန်စွန့်လွှတ်လိုက်တယ်လို့ပြောတယ်။ အဲဒီတော့ ကျွန်တော်ကလည်းလွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ လွှတ်တော်တွင်းမှာမေးတဲ့အခါမှာကျတော့ လာဖြေတဲ့ဝန်ကြီးကိုပဲ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးရမယ်ဆိုရင် အစောနကဝန်ကြီးပြောသလို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ မြေယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာတာဝန်ရှိတယ်။ သူတို့ဆီမှာပဲစာရင်းရှိတယ်ဆိုလို့ရှိရင် သူတို့ဆီကစာရင်း ဇယားတွေရခဲ့မယ်။ သူတို့နဲ့ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဆောင်ပြီးတော့မှ ခုနကပြောတဲ့ တစ်ဦးချင်းဧကတွေရဲ့စာရင်းကိုရခဲ့မယ်ဆိုလို့ရှိရင် ကျွန်တော့်ကိုပြန်လည်

ပြီးတော့မှ စာဖြင့်သော်လည်းကောင်း၊ Mail နဲ့ပြန်လည်ပြီးတော့မှဖော်ပြပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို တစ်ဆက်တစ်စပ် တည်းမေးခွန်းအနေနဲ့ ကျွန်တော်မေးချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းတာနဲ့ပတ်သက်ပြီးတော့မှ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ကတော့ ၄၁၈.၉၈ ဧကအမည်ဖြင့်သာ စီမံကိန်းမြေအဖြစ် လက်ခံရယူခဲ့တာဖြစ်ပြီးတော့မှ နောက်ပိုင်းမှာလည်း ကျွန်တော်တို့က မြေစာရင်း ပုံစံ(၁၀၅)နှင့်တကွ နိုင်ငံတော်စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေအဖြစ် ၂၀၁၄ ခုနှစ်တည်းက အတိအလင်း ပြန်လည်အပ်ခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ကတော့ သိမ်းဆည်းခံထားရတဲ့ ပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ ပိုင်ဆိုင်မှုဧရိယာစာရင်းတော့မရှိပါဘူး။ အဆိုပါကိစ္စက သက်ဆိုင်ရာမြို့နယ် မြေယာစီမံခန့်ခွဲရေးကော်မတီက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမယ့်ကိစ္စဖြစ်ပါတယ်။ အဓိက မှာတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ မြေယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့နဲ့သာ စိစစ်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ သို့ရာတွင် ကျွန်တော်တို့ဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း အနေနဲ့လည်း မြေပြင်မှာပေါင်းစပ်ဖြေရှင်းပေးနိုင်မယ့်ကိစ္စများကို ပူးပေါင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရှာငံမြို့နယ်၊ မြို့ကြီးတောရ ကေလာသတောင်ကြိုးပြင်ကာကွယ်တော ၁၄၀၀ ဧကအား အစိုးရ အသိအမှတ်ပြုကြိုးပြင်ကာကွယ်တောအဖြစ် အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရှာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိုးမင်း(ရှာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်း ဖြစ်ပါတယ်။ ဒီကနေ့အစည်းအဝေးမှာ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရှာငံ မြို့နယ်၊ မြို့ကြီးတောရ ကေလာသတောင်ကြိုးပြင်ကာကွယ်တော ၁၄၀၀ ဧကအား အစိုးရအသိ အမှတ်ပြုကြိုးပြင်ကာကွယ်တောအဖြစ် အမြန်ဆုံးဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်း သွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမြို့နယ်၊ မြို့ကြီးတောရ သက်တော်(၉၄)နှစ်ရှိ ဆရာတော်ဘုရားကြီး မှ နှစ်ပေါင်းများစွာထိန်းသိမ်းစောင့်ရှောက်ထားသော ကေလာသတောင်ကြိုးပြင်ကာကွယ်တော အတွင်း ခတ်သတ္တုစမ်းသပ်ခွင့်ပြုထားခြင်း၊ သစ်၊ ဝါးများ ခိုးထုတ်ယူခြင်းများ လုပ်ဆောင်နေခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာပျက်စီးပြီး သဘာဝရေထွက်များ ခန်းခြောက်နေသည်ကို တွေ့ရပါတယ်။ ဒေသခံပြည်သူများမှ ကြိုးပြင်ကာကွယ်တောလျှောက်ထားသည့်အချိန်ကာလမှာပဲ ခတ်သတ္တုကုမ္ပဏီတစ်ခုဟာ ခတ်သတ္တုစမ်းသပ်ခွင့် ဧက ၂၀၀ ခွင့်ပြုထားပါကြောင်း ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။

**မူကြမ်း**

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ မြို့ကြီးတောရဆရာတော် ဘုရားကြီး၏ဩဝါဒဖြင့် ဒေသခံဦးဆောင်ကော်မတီအဖွဲ့မှ ဦးဆောင်၍ ကေလာသတောင်ကြိုးပြင်ကာကွယ်တောအား တရားဝင်ကြိုးပြင်ကာကွယ်တောအဖြစ် ရရှိရေးအတွက် မြို့ကြီးရွာ၊ ခံတောရွာ၊ ဆည်ရွာ၊ မြစ်ဆုံကျေးရွာများမှ ဒေသခံပြည်သူ ၂၈၀ ဦး လက်မှတ်ထိုး၍ နိုင်ငံတော်သို့ တင်ပြထားပြီးဖြစ်ပါတယ်။ ယခုအချိန်အထိ ရရှိခဲ့ခြင်းမရှိပါဘူး။ ကေလာသတောင်ကြိုးပြင်ကာကွယ်တောအား နိုင်ငံတော်မှ အသိအမှတ်ပြုလက်မှတ်ရရှိပါက ကေလာသတောင်ကြိုးပြင်ကာကွယ်တောအတွင်းရှိ ရှားပါးသတ္တဝါများဖြစ်တဲ့ မျောက်၊ ဒေါင်း၊ ဂျီ၊ တောင်ဆိတ်၊ တောဝက်၊ ငှက်မျိုးစုံသတ္တဝါများအတွက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မှာဖြစ်ပြီး သဘာဝရေထွက်များကိုလည်း ထိန်းသိမ်းကာကွယ်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရွာငံမြို့နယ်၊ မြို့ကြီးတောရမှ သက်တော်(၉၄)နှစ်ရှိ ဆရာတော်ဘုရားကြီး နှစ်ပေါင်းများစွာထိန်းသိမ်းစောင့်ရှောက်ခဲ့သော ကေလာသတောင်ကြိုးပြင်ကာကွယ်တောအား နိုင်ငံတော်အစိုးရအသိအမှတ်ပြုကြိုးပြင်ကာကွယ်တောရရှိရေးအတွက် သက်ဆိုင်ရာဌာနများသို့ တင်ပြထားသော်လည်း ယခုအချိန်အထိ မရရှိခဲ့ခြင်းမှာ မည်သည့်အတွက်ကြောင့်ကြန့်ကြာနေပါသနည်း။ မည်သည့်အချိန်မှာ ကြိုးပြင်ကာကွယ်တောအဖြစ် အသိအမှတ်ပြုလက်မှတ် ရရှိပါမလဲ။ အမြန်ဆုံးဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ ရွာငံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်းရဲ့ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီးတော့မှ ကျွန်တော် ဒေါက်တာရဲမြင့်ဆွေ၊ ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ပေါင်းစပ်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောဖုံးလွှမ်းမှုကောင်းတဲ့ သစ်တော ဧရိယာတွေ၊ ဇီဝမျိုးစုံမျိုးကွဲနဲ့ ဂေဟစနစ်ကောင်းတွေရှိပြီး ကာကွယ်ထိန်းသိမ်းဖို့လိုအပ်တဲ့ နယ်မြေ တွေကို တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သစ်တောနယ်မြေ၊ သဘာဝ ထိန်းသိမ်းရေးနယ်မြေများအဖြစ် တိုးချဲ့ဖွဲ့စည်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့သစ်တောများ ပြန်လည်တည်ထောင်ခြင်းစီမံကိန်းကိုလည်း ပြည်နယ်/တိုင်းဒေသကြီး အလိုက်ရေးဆွဲပြီး ၂၀၁၇ ခုနှစ်ကနေစတင်ပြီး ၁၀ နှစ်စီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါစီမံကိန်းအရ စီမံကိန်းကာလအတွင်းမှာ ရှမ်းပြည်နယ်မှာ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော ၂၃၇၀.၀၉၆ စတုရန်းမိုင် ထပ်မံဖွဲ့စည်းဖို့ ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာ၊ မြို့ကြီးတောရ ကျောင်းအနီးမှာရှိတဲ့ ဧရိယာ ၁၄၀၀ ဧကကို သဘာဝစိမ့်စမ်းနဲ့ရေထွက်တွေ ထိန်းသိမ်းဖို့၊ ရှားပါး မျိုးနွယ်ဝင် မျောက်ညိုနှင့် အခြားသားငှက်တိရစ္ဆာန်တွေအတွက် နေရင်းဒေသ မပျောက်ကွယ်စေဖို့ နဲ့ ပတ်ဝန်းကျင်ဂေဟစနစ်ထိန်းသိမ်းဖို့ ရည်ရွယ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကေလာသတောင်ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်ရေးဆောင်ရွက်လျက်ရှိရာမှာ ကေလာသတောင်ကြိုးပြင်ကာကွယ်တောအဖြစ် ရည်ရွယ်ကြောင်းကြေညာချက်ကို ကျွန်တော်တို့

ဝန်ကြီးဌာနရဲ့ ၂၁-၄-၂၀၂၀ ရက်စွဲနဲ့ အမိန့်ကြော်ငြာစာအမှတ်(၃၇/၂၀၂၀)နဲ့ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ရည်ရွယ်ကြောင်း ထုတ်ပြန်ကြေညာပြီးလို့ရှိရင် သစ်တောဦးစီးဌာနအနေဖြင့် Power Point တင်ပြပါအတိုင်း သစ်တောကြေးတိုင်လုပ်ငန်း(၁)မှ(၅)အထိကို ဆက်လက်ဆောင်ရွက် ရပါတယ်။ ယခုလက်ရှိအချိန်မှာ ကြေးတိုင်ပုံစံ(၁)အရ သက်ဆိုင်သူများထံ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ ရက်ပေါင်း ၉၀ အတွင်း တင်ပြတောင်းဆိုရန် ထပ်ဆင့်ထုတ်ပြန်ကြေညာခြင်းကို ဆောင်ရွက်ပြီးစီးတဲ့အတွက် ကျန်ရှိတဲ့ကြေးတိုင်ပုံစံ(၂)ကနေ(၅)အထိ ဆက်လက်ပြုစုဆောင်ရွက် လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ သစ်တောဥပဒေ ပုဒ်မ ၅ အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ကျွန်တော်တို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ကြိုးပြင်ကာကွယ် တောအဖြစ် သတ်မှတ်နိုင်သည်ဟု ဖော်ပြချက်နှင့်အညီ ရှာင်မြို့နယ်၊ မြို့ကြီးတောရကျောင်း အနီးမှာရှိတဲ့ ကြိုးပြင်ကာကွယ်တောဖွဲ့စည်းနိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေတဲ့ သစ်တော ကြေးတိုင်လုပ်ငန်းများပြီးစီးပါက ကေလာသတောင်ကြိုးပြင်ကာကွယ်တောအဖြစ် အမြန်ဆုံး သတ်မှတ်ကြေညာပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်စိုးမင်း(ရှာငံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးခွင့်ပြု ပါခင်ဗျား။ ယခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးကိုလည်း ကျေးဇူးတင် ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ကြိုးပြင်ကာကွယ်တောအတွက် ရည်ရွယ်ကြောင်းတွေ ထုတ်ပြန်ထား ပြီးပြီဆိုတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ဆက်စပ်မေးခွန်းမေးချင်တာက ယခုလက်ရှိမြေပြင်

အခြေအနေမှာ ကြိုးပြင်ကာကွယ်တောအတွက်ကို ရည်ရွယ်ကြောင်းတွေတော့ အမိန့်ထုတ်ပြီးပြီ။ လက်ရှိမြေပြင်အခြေအနေမှာ ကျွန်တော့်ရဲ့မူလမေးခွန်းက ဧက ၁၄၀၀ ဖြစ်ပါတယ်။ အဲဒီကြိုးပြင်ကာကွယ်တော ၁၄၀၀ ဧကထဲမှာ ဟိန်းထက်ထက်အောင်ကုမ္ပဏီကို ဧက ၂၀၀ စမ်းသပ်ခွင့်ပြုထားပါတယ်။ ဒီကိစ္စကို ဒေသခံပြည်သူတွေကလည်း အကြိမ်ကြိမ်ကန့်ကွက်ပါတယ်။ အကြိမ်ကြိမ်ကန့်ကွက်တဲ့ကြားထဲက စမ်းသပ်ခွင့်ရထားခြင်းဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒီဧက ၂၀၀ စမ်းသပ်ခွင့်ရထားခြင်းကိစ္စသည် မြို့ကြီးဆည်ရဲ့အောက်ဘက်မှာရှိတဲ့အတွက် နောင်တစ်ချိန်မှာ စက်တူးဖော်တဲ့လုပ်ငန်းတွေလုပ်မယ်ဆိုရင် မိုင်းတွေခွဲမယ်။ တူးဖော်မယ်ဆိုရင် ဒါဟာ ဆည်အတွက်လည်း အန္တရာယ်ရှိပါတယ်။ ဒေသခံပြည်သူတွေကလည်းပဲ ဒီဟာကို ကန့်ကွက်တယ်။ စိုးရိမ်ကြတယ်။ ဆရာတော်ဘုရားကြီးကိုယ်တိုင်လည်း စိုးရိမ်တယ်။ ဒါကြောင့်မို့လို့ ဒီကြိုးပြင်ကာကွယ်တော ဧက ၁၄၀၀ ပြည့်အောင် အဲဒီသတ္တုစမ်းသပ်ခွင့်ပြုထားတဲ့ ဧက ၂၀၀ ကို ပြန်လည်သုံးသပ်ပြီးတော့ နိုင်ငံတော်ကနေပြီးတော့ ကြိုးပြင်ကာကွယ်တောအဖြစ် တရားဝင်ထုတ်ပြန်ကြေညာတဲ့အခါမှာ ဒီစမ်းသပ်ခွင့် ဧက ၂၀၀ ကိုပါ ထည့်သွင်းပြီးတော့ ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ ဆက်စပ်မေးခွန်းမေးမြန်းလာတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနဲ့ဆက်စပ်ပြီးတော့ ဖြေရမယ်ဆိုလို့ရှိရင်တော့ ဟိန်းထက်ထက်အောင်ကုမ္ပဏီ ဧက ၂၀၀ ဓာတ်သတ္တုစမ်းသပ်ခွင့်ပေးခဲ့တာက ဒီဟာနဲ့ပတ်သက်ပြီးတော့မှ ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာသစ်တောဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စသည်တို့ကို

သဘောထားမှတ်ချက်တွေ အဆင့်ဆင့်ယူပြီးတော့ ကျွန်တော်တို့က ချပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဧရိယာတစ်ခုကို စမ်းသပ်တိုင်းတာရေးချပေးတော့မယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ဆက်စပ်ဌာနတွေ၊ ဆက်စပ်ပြည်နယ်/တိုင်းဒေသကြီးအစိုးရတွေရဲ့သဘောထားမှတ်ချက်မပါဘဲ မည်သည့်စမ်းသပ်တိုင်းတာရေးကိုမှ ခွင့်ပြုခဲ့ခြင်းမရှိပါဘူး။ အဲဒီတော့ စမ်းသပ်တိုင်းတာတယ်ဆိုတာကလည်း Exploration ဖြစ်ပါတယ်။ Mining မဟုတ်သေးပါဘူး။ Exploration ဖြစ်တယ်ဆိုတာ သတ္တုရှိ/မရှိ၊ ဘယ်လောက်ရှိမယ်၊ မရှိဘူး။ သတ္တုသိုက်ပမာဏ ဘယ်လိုရှိမယ်။ သူရဲ့ပုံသဏ္ဌာန်ဘယ်လိုရှိမယ်။ တူးလို့ရှိရင် ထွက်လာတဲ့ Waste တွေနဲ့၊ Design နဲ့ ပတ်ဝန်းကျင်ကို ဘယ်လောက်အထိ ထိခိုက်နိုင်မယ်ဆိုတဲ့ဟာတွေကို Environmental Impact Assessment တွေကို လုပ်ပြီးမှပဲ ခွင့်ပြုတာ ဖြစ်ပါတယ်။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ တကယ်လို့ ကြိုးပြင်ကာကွယ်တောသတ်မှတ်မယ်ဆိုလို့ရှိရင်လည်း ဒါတွေကို အကုန်ထည့်သွင်းသုံးသပ်စဉ်းစားပြီးမှ သတ်မှတ်ဆောင်ရွက်သွားမည်ဆိုတဲ့အကြောင်းကို ရှင်းလင်းဖြေကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရန်ကင်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၈၇/ကံဘဲ့)တွင် တည်ရှိသည့် မြေကွက်အမှတ်(၂)မြေနေရာအား ရန်ကင်းမြို့နယ်အတွက် Community Center နှင့် မြို့နယ်ခန်းမဆောက်လုပ်နိုင်ရန် ဝန်ကြီးဌာနလွှဲပြောင်း၍ အသုံးပြုခွင့်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရန်ကင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလို

တဲ့မေးခွန်းကတော့ ကျွန်မတို့ ရန်ကင်းမြို့နယ်အတွက် Community Centre နဲ့ မြို့နယ်ခန်းမအဖြစ် ဆောက်လုပ်အသုံးပြုနိုင်ဖို့အတွက်

မြေနေရာပြောင်းလဲအသုံးပြုနိုင်ခြင်းရှိ/မရှိနဲ့ပတ်သက်တဲ့မေးခွန်း ပဲဖြစ်ပါတယ်။ ကျွန်မကို ပိုမိုရှင်းလင်းစေရန်အတွက် Power Point ဖြင့်မေးမြန်းခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်မအနေနဲ့ မေးခွန်းမေးမြန်းရခြင်းအကြောင်းရင်းတချို့ကို တင်ပြလို ပါတယ်။ ပထမအချက်က ရန်ကင်းမြို့နယ်ဟာ ရန်ကုန်မြို့ရဲ့ အချက်အခြာကျတဲ့နေရာမှာ တည်ရှိပြီး တော့ ဧရိယာ ၁.၉၄ စတုရန်းမိုင်ကျယ်ဝန်းကာ ၂၀၁၈ ခုနှစ် စာရင်းဇယားများအရ အိမ်ထောင်စု ၁၄၅၀၀ ကျော် မှီတင်းနေထိုင်ကြတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ တချိန်က ကျွန်မတို့ရန်ကင်းမြို့နယ် မှာ မြို့နယ်ခန်းမတစ်ခုရှိခဲ့ပေမဲ့ လွန်ခဲ့တဲ့ဆယ်စုနှစ်တော်တော်များများကတည်းကစလို့ မူလတန်း ကြိုကျောင်းအဖြစ် ပြောင်းလဲအသုံးပြုခဲ့တာတွေ့ရပါတယ်။ ရန်ကုန်မြို့နယ်အတွင်း မြို့နယ်အတော် များများမှာ မြို့နယ်သူမြို့နယ်သားတွေအတွက် အခမ်းအနားတွေ၊ တွေ့ဆုံပွဲတွေနဲ့ အခြားလူမှုရေး ကိစ္စများအတွက် အသုံးပြုနိုင်တဲ့ မြို့နယ်ခန်းမတွေရှိကြပါတယ်။ အနီးစပ်ဆုံးပြောရမယ်ဆိုရင် တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်စတဲ့မြို့နယ်တွေမှာ တွေ့မြင်နိုင်ပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ရန်ကင်းမြို့နယ်မှာလည်း ယခင်က မြို့နယ်ခန်းမနေရာရှိခဲ့ပေမဲ့ ဝန်ကြီး ဌာနပြောင်းလဲသုံးစွဲထားခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါ ယခင်မြို့နယ်ခန်းမနေရာဖြစ်ပါတယ်။ ဒုတိယအချက်က Community Centre နဲ့ မြို့နယ်ခန်းမဆောက်လုပ်အသုံးပြုနိုင်မယ့်မြေနေရာကိစ္စ ဖြစ်ပါတယ်။ ရန်ကင်းမြို့နယ်ဟာ လူနေထူထပ်လာပြီး အများပြည်သူအတွက် အသုံးပြုရမယ့် မြေနေရာလွတ်တွေ ရှားပါးလာနေပါတယ်။ ရန်ကုန်တိုင်းတစ်တိုင်းလုံး၊ ရန်ကုန်မြို့နယ်မှာကြုံတွေ့ နေရတဲ့ပြဿနာလည်းဖြစ်ပါတယ်။ ဒါပေမဲ့ အခုကျွန်မမေးခွန်းထဲမှာပါတဲ့ ရန်ကင်းမြို့နယ် အမှတ်(၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ မြေတိုင်းအမှတ်(၈၇/ကံဘဲ့)မှာ တည်ရှိတဲ့မြေနေရာဟာ မူလက သစ်အရောင်းဆိုင်မြေနေရာဖြစ်ပြီးတော့ ခေတ်ကာလရွှေ့လျားလာတဲ့အလျောက် သစ်ဆိုင်အဖြစ်နဲ့

အသုံးပြုခြင်းမရှိတော့တာ နှစ်ကာလများစွာကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ Power Point မှာဖော်ပြထားတဲ့အတိုင်း မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါက မေးခွန်းကိုမေးမြန်းရခြင်းရဲ့ ဒုတိယအကြောင်းအရင်းဖြစ်ပါတယ်။ တတိယအချက်အနေနဲ့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်မှာရှိတဲ့ ကျွန်မတို့ရန်ကင်းမြို့နယ်ရဲ့ ပြည်သူ့စာကြည့်တိုက်ဟာ တောင်ဥက္ကလာပမြို့နယ်ထဲကို ရောက်ရှိနေတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ရန်ကင်းမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဆိုင်ရာ လုပ်ငန်းများဖြစ်တဲ့ ပြည်သူ့စကားဝိုင်းတွေ၊ စာဖတ်ဝိုင်းတွေဆောင်ရွက်ကြတာဟာ ပထဝီအနေအထားနဲ့ မြို့နယ်အမည်နာမဟာ လွဲချော်နေသလို ဖြစ်နေပါတယ်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆက်ရေးဦးစီးဌာနကဝန်ထမ်းတွေဟာလည်း အခေါ်အဝေါ်အားဖြင့် ရန်ကင်းမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရဲ့ ဝန်ထမ်းတွေဖြစ်တယ်။ ဒါပေမဲ့လည်း ပထဝီအနေအထားအရ ရုံးသွားတက်တဲ့အခါမှာ တောင်ဥက္ကလာပမြို့နယ်မှာရှိတဲ့ ပြည်သူ့စာကြည့်တိုက်မှာသွားပြီးတော့ အလုပ်လုပ်ရတယ်။ ရုံးထိုင်ရတာဖြစ်တယ်။ ဒါဟာ ဘယ်လိုမှမဖြစ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ တကယ်လို့များ အခုမြေနေရာကိုသာ ဝန်ကြီးဌာနပြောင်းလဲအသုံးပြုခွင့်ရခဲ့မယ်ဆိုရင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်မှာ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ပြည်သူ့စာကြည့်တိုက်များအပါအဝင် Community Centre နဲ့ မြို့နယ်ခန်းမကဲ့သို့ ပြည်သူလူထုနဲ့ဆက်သွယ်ဆောင်ရွက်နိုင်မယ့် မြို့နယ်ပြည်သူလူထုအတွက်လည်း လူမှုရေးရာကိစ္စရပ်များအလို့ငှာ ဆုံရပ်အဖြစ် အသုံးချနိုင်ဖို့အတွက် များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အစိုးရအနေနဲ့လည်း ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ရာမှာ ပြည်သူလူထုနဲ့အုပ်ချုပ်ရေးဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးကြတဲ့ Town Hall Meeting တွေကို မကြာသေးခင်ကာလများကစလို့ ဆောင်ရွက်လာတာရှိပါတယ်။ ဒီအတွက်လည်း ဒီမိုကရေစီအလေ့အထတွေကို ကျင့်သုံးရာနေရာများအဖြစ် Town Hall Meeting တွေကို ဆောင်ရွက်ရာမှာ Community Centre နဲ့ မြို့နယ်ခန်းမကဲ့သို့ ပြည်သူလူထုနဲ့တွေ့ဆုံဆွေးနွေး

ဆက်သွယ်ဆောင်ရွက်နိုင်မယ့် အများပြည်သူဆိုင်ရာနေရာတွေ လိုအပ်လျက်ရှိပါတယ်။ ဒါ့အပြင် Myanmar Sustainable Development Plan(MSDP)ရဲ့ မဏ္ဍိုင်(၁)ပန်းတိုင်(၁)ကို အထောက်အပံ့ဖြစ်စေမယ့် မဟာဗျူဟာ(၁.၅)မှာဖော်ပြပါရှိတဲ့ ပြည်သူအားလုံး အစိုးရနှင့်ဆက်သွယ်လုပ်ကိုင်နိုင်စွမ်းတိုးမြှင့်ခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာပါရှိတဲ့ မဟာဗျူဟာနဲ့လည်း သက်ဆိုင်နေတာဖြစ်ပါတယ်။ အဲဒီမဟာဗျူဟာရဲ့ မဟာဗျူဟာရလဒ်တွေကိုလည်း အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြို့နယ်အတွင်း အမှန်တကယ်လိုအပ်လျက်ရှိတဲ့ အများပြည်သူအသုံးပြုနိုင်မယ့် မြို့နယ်ခန်းမဆောက်လုပ်နိုင်ရန်အတွက် ဝန်ကြီးဌာနပြောင်းလဲခွင့်ပြုနိုင်ခြင်းရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ပြီး ကျွန်တော် ရဲမြင့်ဆွေ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးခွန်းပါ သစ်ဆိုင်မြေရိယာ ၀.၄၁၁ ဧကကို ၁၉၈၉ ခုနှစ်မှာ မြန်မာ့သစ်လုပ်ငန်း သစ်ဆိုင်အဖြစ် စတင်ဖွင့်လှစ်ရောင်းချခဲ့ပြီး မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနမှ သစ်ဆိုင်အဖြစ်အသုံးပြုဖို့ ၁၉၉၃

ခုနှစ်မှာ ခွင့်ပြုမိန့်ရရှိခဲ့တာဖြစ်ပါတယ်။ ပြည်သူများသို့ သစ်ခွဲသားများ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပြီးတော့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ သစ်ခွဲသားရောင်းချခြင်းလုပ်ငန်းကို ရပ်နားခဲ့ပေမဲ့ မြန်မာ့သစ်လုပ်ငန်းရဲ့ သစ်လုံး၊ သစ်ခွဲသား တင်ဒါရောင်းချဖို့နဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ သစ်အခြေခံ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် သစ်လုံး၊ သစ်ခွဲသားများ တင်ဒါရောင်းချဖို့အတွက် အရောင်းပြေစာဖွင့်လှစ်ခြင်း၊ ငွေလက်ခံခြင်းလုပ်ငန်းတွေကို ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း သစ်လုံး၊ သစ်ခွဲသား ၁၃၆၅.၇၅၄ တန်၊ တင်ဒါစနစ်ဖြင့်ရောင်းချခြင်းအတွက် အရောင်းပြေစာဖွင့်လှစ်ခြင်း၊ ငွေလက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာမှာ ပြည်တွင်းဝင်ငွေ ကျပ် ၅၇၆.၆၆ သန်း ရရှိခဲ့ပါတယ်။

Community Centre ဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာနကနေပြီးတော့မှ အမှတ်(၁၂၂၆)၊ (၆)ရပ်ကွက်၊ သစ္စာလမ်းနှင့် ကုန်းဘောင်လမ်းထောင့် ယခင် တောင်ဥက္ကလာပမြို့နယ်ဟောင်းအဆောက်အအုံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြန်လည်ပြုပြင်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကင်းမြို့နယ်ရုံးအဖြစ် ရုံးလုပ်ငန်း၊ စာကြည့်တိုက်နဲ့ Community Centre လုပ်ငန်းတွေကို လက်ရှိတွင် ဆောင်ရွက်နေပါကြောင်းနဲ့ အကယ်၍ ရန်ကင်းသစ်ဆိုင်မြေနေရာအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးမည်ဆိုပါက ရုံးလုပ်ငန်းများနဲ့ Community Centre လုပ်ငန်းများ ဆောင်ရွက်မယ့် အဆောက်အအုံဆောက်လုပ်ရန်အတွက် ရန်ပုံငွေလျာထားတောင်းခံ ဆောင်ရွက်သွားမယ်ဆိုပြီးတော့မှ ပြန်ကြားရေးဝန်ကြီးဌာနကတော့ ရှင်းလင်းဖြေကြားထားတာလည်း ရှိပါတယ်။ သို့ရာတွင် အဆိုပါ ရန်ကင်းသစ်ဆိုင်မြေနေရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ သစ်အခြေခံ အသေးစား၊ အငယ်စားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် သစ်လုံး၊ သစ်ခွဲသား တင်ဒါရောင်းချနိုင်ရန် အရောင်းပြေစာဖွင့်လှစ်ခြင်း၊ ငွေလက်ခံခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပြီး

တော့ ဆက်လက်၍လည်း ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်သွားရမှာဖြစ်ပါသဖြင့် အဆိုပါ မြေနေရာအား လွှဲပြောင်းပေးအပ်နိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်မကို Power Point လေးပြန်ပြပေးဖို့ဖြစ်ပါတယ်။ ခုန သစ်ဆိုင်မြေနေရာပါ။ တကယ့်တကယ်က သစ်ဆိုင်လို့ဆိုသော်ငြားလည်းပဲ အဲဒီမှာ သစ်နဲ့ ပတ်သက်တဲ့ပစ္စည်းပစ္စယ ဘာမှမရှိပါဘူး။ နောက်ပြီးတဲ့အခါကျတော့ ရုံးလုပ်ငန်းပဲဆောင်ရွက်နေတဲ့ သဘောမျိုး ကျွန်မတွေ့ရှိရပါတယ်။ ကျွန်မ နေ့စဉ်နှင့်အမျှ မဲဆန္ဒနယ်ရောက်တိုင်းမှာ အဲဒီရှေ့ကနေ ဖြတ်သွားဖြတ်လာ နေ့တိုင်းသွားလာနေတာပါ။ ဆိုတော့ ဒီဝန်းအဝိုင်းကြီးဟာ ရုံးလုပ်ငန်းပဲလုပ်နေ ရတဲ့သဘောမျိုး၊ ပြေစာတွေ လက်ခံနေရတဲ့သဘောမျိုးဖြစ်ပါတယ်။ ဆိုတဲ့အခါကျတော့ ပထဝီအနေ အထားအရရော၊ လူမှုစီးပွားဘဝရဲ့အနေအထားအရရော သစ်ဆိုင်လို့ပြောပေမဲ့ သစ်လုံးဝမရှိပါဘူး။ ရုံးလုပ်ငန်းဆိုင်ရာတွေပဲ လုပ်နေတာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ဝန်ကြီးဖြေကြားသွားတဲ့ အထဲမှာ ပြန်ကြားရေးဝန်ကြီးဌာနဟာ သူ့ရဲ့ Community Centre ကို ရန်ကင်းလို့ပြောပြီး တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်းမှာသွားဖွင့်ထားတယ်။ အဲဒါဆို ရန်ကင်းလို့မခေါ်ပါနဲ့။ ရန်ကင်း လို့ပြောလို့မရဘူး။ အဲဒါကြီးကလည်း လွဲနေတယ်။ ပြန်ကြားရေးဝန်ကြီးဌာနကလည်း ဖြေကြားထား တာရှိတယ်။ အကယ်၍ လွှဲပြောင်းပြီးတော့များ ဒီဘက်ဝန်ကြီးဌာနက ပြောင်းလဲသုံးပေးမယ်ဆိုလို့ ရှိရင် လက်ခံနိုင်တယ်ဆိုတဲ့ အနေအထားဖြစ်တဲ့အတွက် သက်ဆိုင်ရာ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေနဲ့ ပြောင်းလဲပြီးတော့ သုံးစွဲပေးဖို့၊ ရုံးလုပ်ငန်းပဲလုပ်နေ တာဖြစ်တဲ့အတွက် ခုနက

ဒီသစ်ဆိုင်လုပ်ငန်းဟာ တောင်ဥက္ကလာပမြို့နယ်ထဲမှာသွားလုပ်လည်း ပြဿနာမရှိပါဘူး။ သို့သော် ရန်ကင်းမြို့နယ်ရဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဆိုပြီး တောင်ဥက္ကလာပမြို့နယ်ထဲမှာသွားပြီးတော့ အလုပ်လုပ်နေတယ်။ အဲဒါ ရန်ကင်း Community Centre လို့ခေါ်လို့မရပါဘူး။ တောင်ဥက္ကလာပမြို့နယ် Community Centre လို့ခေါ်လို့ ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တောင်ဥက္ကလာပမြို့နယ်ထဲမှာရှိနေလို့။ အဲဒီတော့ ကျိုးကြောင်း ညီညွတ်မှုလည်းမရှိပါဘူး။ တစ်ဖက်ကဝန်ကြီးဌာနအနေနဲ့ကလည်း ပြောင်းလဲခွင့်ပြုမယ်ဆိုလို့ရှိရင် ဒါပြောင်းလဲပေးနိုင်တဲ့ အနေအထားမျိုး ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားထားတယ်ဆိုတာကို ဒုတိယဝန်ကြီးရဲ့အဖြေထဲမှာပါပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ သယံဇာတနှင့်သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ဒီအဖြေကို ပြန်လည်စဉ်းစားပြီးတော့ ပေါင်းစပ်ညှိနှိုင်းပေးဖို့ အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ခင်ဗျ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကင်းမဲဆန္ဒနယ် ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ ဒီထပ်ဆင့်မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင်တော့ ကျွန်တော်တို့ဝန်ကြီးဌာနတွေက မြေကို တိုက်ရိုက်လည်းစွန့်လွှတ်ပိုင်ခွင့်မရှိပါဘူးခင်ဗျ။ တကယ်လို့ မြေစွန့်လွှတ်မယ်ဆိုလို့ရှိရင်တော့ လုပ်ထုံးလုပ်နည်းအရ နိုင်ငံတော်အတွက်၊ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်လာပြီဆိုလို့ရှိရင်တော့ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ကနေပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီးတော့ မြေယာစွန့်လွှတ်ခွင့်ကို ပြည်ထောင်စုအစိုးရအဖွဲ့ကပဲ ဆုံးဖြတ်တာဖြစ်ပါတယ်။ တကယ်လို့ လိုအပ်မယ်ဆိုလို့ရှိရင်တော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေတစ်ဆင့် အထောက်အထားခိုင်လုံစွာဖြင့် ပြည်ထောင်စုအစိုးရ

အဖွဲ့ကို တင်ပြမယ်ဆိုရင်တော့ ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း ဝန်ကြီးဌာနကို သဘောထား မှတ်ချက် ပြန်လည်မေးပြီးတော့မှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားတဲ့ လုပ်ထုံးလုပ်နည်းတွေတော့ ရှိပါတယ်။ ကျွန်တော်တို့က ဒီအတိုင်းပဲ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဂွမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ တိုင်ကြားခံ ကျောင်းအုပ်ကြီးအား ပညာရေးဌာနမှ မြို့နယ်နှင့်ခရိုင်အဆင့်တာဝန်ရှိသူများက လာရောက် စစ်ဆေး မေးမြန်းခဲ့ပြီး မည်ကဲ့သို့ အရေးယူထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဝေ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော် များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျန်းမာချမ်းသာစေကြောင်းလည်း ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ တိုင်ကြားစာအပေါ် မည်ကဲ့သို့အရေးယူထားကြောင်းသိလို၍ မေးခွန်းမေးမြန်းခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တောင်ပေါက်ရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာကြီးသည် နိုင်ငံတော်မှပေးအပ်သော ပညာသင်ထောက်ပံ့ကြေးငွေကို တစ်နှစ်လျှင်နှစ်ကြိမ်ခွဲ၍ ပေးအပ်ခဲ့ရာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူ ၄၈ ဦးအတွက် တစ်နှစ်စာ နှစ်ကြိမ်အတွက် ၁၉၂၀၀၀ ကျပ်ကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းသား

ကျောင်းသူ ၅၁ ဦးအတွက် တစ်နှစ်စာနှစ်ကြိမ်အတွက် ၂၀၄၀၀၀ ကျပ်ကိုလည်းကောင်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသားကျောင်းသူ ၄၄ ဦးအတွက် ပထမအကြိမ် ၈၈၀၀၀ ကျပ်ကိုလည်းကောင်း၊ သုံးနှစ်အတွက် ငါးကြိမ်ပေးအပ်ခဲ့ပြီးဖြစ်ရာ စုစုပေါင်းငွေ ၄၈၄၀၀၀ ကျပ်ကိုလည်းကောင်း ဖြတ်ယူထားခဲ့ကြောင်း ဒေသခံဆရာဆရာမလေးဦးမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိုင်ကြားခဲ့ပါတယ်။ တိုင်ကြားစာကို Power Point နဲ့ ခဏပြပေးပါ။ ၎င်းတိုင်ကြားစာအရ နှစ်ပတ်အတွင်းတွင် တိုင်ကြားသူဆရာဆရာမများ၊ ကျောင်းသားမိဘများနှင့် တိုင်ကြားခံကျောင်းအုပ်ဆရာကြီးကို ပညာရေးဌာန မြို့နယ်နှင့်ခရိုင်အဆင့် တာဝန်ရှိသူများမှ လာရောက်စစ်ဆေးမေးမြန်းခဲ့သော်လည်း ယခုအချိန်အထိ အရေးယူဆောင်ရွက်ထားသည်ကို မသိရှိရပါသဖြင့် မည်ကဲ့သို့အရေးယူဆောင်ရွက်ထားကြောင်းကို သိလိုပါသဖြင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်ဝေရဲ့မေးခွန်းဖြစ်သော ဂွမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ အတိုင်ကြားခံရသူကျောင်းအုပ်ကြီးကို ပညာရေးဌာနမှ မြို့နယ်နှင့်ခရိုင်အဆင့် တာဝန်ရှိသူများမှ လာရောက်စစ်ဆေးမေးမြန်းခဲ့သော်လည်း ယခုအချိန်အထိ အရေးယူထားခြင်းကိုသိရှိလိုခြင်း မေးခွန်းအပေါ် ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

**မူကြမ်း**

ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးမောင်မောင်လွင်ကို ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ ပညာသင်ထောက်ပံ့ကြေး စုစုပေါင်း ၄၈၄၀၀၀ ကျပ် အလွဲသုံးစားပြုထားကြောင်း ဆရာမလေးဦးက တိုင်ကြားခြင်းနှင့်စပ်လျဉ်းပြီး အခြေခံပညာဦးစီးဌာနအနေနဲ့ အဲဒီလမှာပဲ ၂၆–၉–၂၀၁၉ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁)ခ ၃၇၂၇၃(စီမံ)တစ/၁၉ ဖြင့် ရှေးဦးစုံစမ်းမှုပြုစေရန် ရခိုင်ပြည်နယ်ပညာရေးမှူးရုံးသို့ ညွှန်ကြားပြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ပညာရေးမှူးမှ ရှေးဦးစုံစမ်းရေးအဖွဲ့ကိုသံတွဲခရိုင် ပညာရေးမှူး ဒေါ်စန္ဒီဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်သုံးဦးဖြင့် စစ်ဆေးခဲ့ပါတယ်။ ဒီစစ်ဆေးချက်အစီရင်ခံစာကို ၃၀–၁–၂၀၂၀ ရက်နေ့မှာ အခြေခံပညာဦးစီးဌာနသို့ တင်ပြခဲ့ပါတယ်။ အခြေခံပညာဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဦးသန်းစိုးအောင်ကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးပြီး အဖွဲ့ဝင်သုံးဦးပါဝင်တဲ့ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ဖြင့် ဌာနဆိုင်ရာစစ်ဆေးအရေးယူလျက်ရှိပါကြောင်းနှင့် စစ်ဆေးပြီးစီးပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပြီး ကိုယ်စားလှယ်တော်ကြီးထံသို့လည်း တင်ပြမည်ဖြစ်ပါကြောင်းရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အားကစားပညာသိပ္ပံဘွဲ့(B.Sc Sports)သင်တန်းနှင့် ယင်းသင်တန်းများမှ မွေးထုတ်ပေးခဲ့သောဘွဲ့ရများသည် လက်ရှိတွင် မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ကဲ့သို့ ပံ့ပိုးပေးဆပ်အကျိုးပြုခဲ့သည်နှင့် ယင်းသင်တန်းမှထွက်ပေါ်လာမည့် ဘွဲ့ရများ၏ အနာဂတ်မည်သို့ရှိမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဖြစ်ပါတယ်။ ကျွန်တော်က မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြန်မာ့ပညာရေးနှင့်ဆက်စပ်နေတဲ့ မေးခွန်းတစ်ခုကို မေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အားလုံးသိတဲ့အတိုင်းပဲ ၁၉၆၀ ခုနှစ် အလွန်လောက်မှာ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်တယ်။ ပညာရေးလည်း ဖွံ့ဖြိုးတိုးတက်တယ်။ အထူးသဖြင့် အဲဒါရဲ့ အကျိုးအဆက်အဖြစ်အားကစားလောကမှာ ကျွန်တော်တို့က ထိပ်တန်းတစ်နေရာကိုရရှိခဲ့ပါတယ်။ ဘောလုံးဆိုရင်လည်း အားလုံးသိတဲ့အတိုင်း ပဲ အာရှမှာတောင်မှ ပြိုင်ဘက်ကောင်းတစ်သင်းဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့နိုင်ငံကို ကမ္ဘာ့ ဘောလုံးလောကကလည်း သိတဲ့အဆင့်ထိဖြစ်ပါတယ်။ အခြားသောအားကစားတွေမှာလည်း ကျွန်တော်တို့က အများကြီး အောင်မြင်ခဲ့တာ ရှေ့မှာလည်း လွှတ်တော်ကိုယ်စားလှယ်တွေက ခဏခဏတင်ပြခဲ့ပြီးပါပြီ။ ရေကူးမှာဆိုရင် တင်မောင်နီတို့၊ အပြေးမှာဆိုရင် ရှင်ဘွေးဂန်းတို့ မီတုန်းနေဲ်တို့၊ ဂျင်မီတို့၊ နောက် ကျွန်တော်တို့ လက်ဝှေ့မှာဆိုလို့ရှိရင်လည်း သိန်းမြင့်တို့၊ တင်ထွန်းတို့၊ အလေးမမှာဆိုရင်လည်း ထွန်းမောင်တို့ အဲဒီလို အားကစားတွေ ထူးချွန်တဲ့သူတွေ အများကြီးကျွန်တော်တို့က မွေးထုတ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ အားလုံးသိတဲ့အတိုင်းပဲ ၁၉၇၀–၁၉၈၀ အဲဒီနောက်ပိုင်းမှာ တစ်စစနဲ့ ကျဆင်းလာပါတယ်။

အခုဆိုရင် ကျွန်တော်တို့ အရှေ့တောင်အာရှ ၁၀ နိုင်ငံမှာ ပြိုင်ပွဲလုပ်ရင် ကျွန်တော်တို့က ခုနစ်၊ တစ်ခါတစ်လေ ရှစ်လောက်ကနေ မတက်နိုင်ပါဘူး။ အာရှ၊ ကမ္ဘာဆိုတာကတော့ ကျွန်တော်တို့ ဘယ်လိုမှကို လှမ်းမျှော်မကြည့်နိုင်တဲ့အနေအထားပါ။ ဒီမှာကျွန်တော်တို့ ဒီလိုအခြေအနေတွေကို ကုစားနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်လောက်မှာ ပညာရေးနှင့် အားကစားနှင့်ပေါင်းစပ်ပြီးတော့ မြှင့်တင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ရန်ကုန်မြို့က ဒဂုံတက္ကသိုလ်၊ မန္တလေးက ရတနာပုံတက္ကသိုလ်တို့မှာ အားကစားသိပ္ပံ(B.Sc Sports) သင်တန်းတွေ ဖွင့်လှစ်ပြီးတော့ သင်ကြားပေးခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ဆိုတော့ အခုဆိုရင် ခြောက်နှစ်၊ ခုနစ်နှစ်လောက်ရှိပါပြီ။ B.Sc Sports နဲ့ပတ်သက်ပြီးတော့ ဘွဲ့ရတဲ့သူတွေလည်း အတော်အတန် အရေအတွက်တော်တော်များများ ရှိနေလောက်ပြီလို့ ယူဆရပါတယ်။ ဒါပေမဲ့ အဲဒီလို ၂၀၁၃၊ ၂၀၁၄ တည်းက B.Sc Sports သင်တန်းတွေ ဖွင့်ပေး တယ်။ ဘွဲ့ရတွေထွက်လာတယ်။ ဒါပေမဲ့ မြန်မာ့အားကစားကတော့ အဲဒီကာလတွေမှာလည်း သိသိ သာသာတိုးတက်လာတဲ့ အနေအထားမရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့မေးခွန်းက B.Sc Sports သင်တန်းကနေ မွေးထုတ်ပေးခဲ့တဲ့ ဘွဲ့ရတွေက အရေအတွက်အခုအချိန်မှာ ဘယ်လောက်လောက်ရှိနေပါပြီလဲ။ အဲဒီဘွဲ့ရတွေက မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေး ကို ဘယ်လိုအထောက်အကူပံ့ပိုးပေးခဲ့ပါသလဲ။ နောက်ပြီးတော့ အခုအဲဒီသင်တန်းရဲ့ နောက်ဆုံး အခြေအနေ ဘယ်အခြေအနေမှာ ရှိနေပါသလဲ။ အဲဒီတော့ သင်တန်းက ဘွဲ့ရလာတဲ့ ဘွဲ့ရမောင်မယ် တွေရဲ့အနာဂတ်ကကော သူတို့အနာဂတ်က ဘယ်လိုရှိမလဲ။ ဒီသင်တန်းတွေရဲ့ အခြေအနေနဲ့ ပတ်သက်ပြီးတော့ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့က ပြန်လည် သုံးသပ်ပြီးတော့ ဒါတွေကို ပိုပြီးတော့ တိုးတက်လာအောင် မွမ်းမံပြင်ဆင်ဖို့အစီအစဉ်ရှိ/မရှိ အဲဒီမေးခွန်းတွေကို လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မှူးကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်လွင်ရဲ့မေးခွန်းဖြစ်သော အားကစားပညာသိပ္ပံဘွဲ့(B.Sc Sports) သင်တန်းနှင့် ယင်းသင်တန်းများမှ မွေးထုတ်ခဲ့သောဘွဲ့ရများသည် လက်ရှိတွင် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့မည်ပုံပေးဆပ် အကျိုးပြုခဲ့သည်ကိုလည်းကောင်း၊ ယင်းသင်တန်းသားများ၏ လက်ရှိအခြေအနေ မည်သို့ရှိနေသည်ကိုလည်းကောင်း၊ ယင်းသင်တန်းများမှ ထွက်ပေါ်လာသည့်ဘွဲ့ရများ၏ အနာဂတ်မည်သို့ရှိမည်ဆိုသော အကြောင်းအရာများနှင့်စပ်လျဉ်း၍ တိတိကျကျ ပြည့်ပြည့်စုံစုံသိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားတင်ပြပါမယ်။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ပူးပေါင်းပြီး သိပ္ပံဘွဲ့အားကစားပညာ (B.Sc Sports) ကို နိုင်ငံတကာအားကစားအဆင့် အရည်အသွေးရှိ ထူးချွန်အောင်မြင်သော အားကစားသမားများနှင့် နည်းပြများမွေးထုတ်ပေးနိုင်ရန်၊ မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရေး အတွက် အထောက်အကူပြုမည့် အားကစားစီမံခန့်ခွဲရေးအရာရှိများ မွေးထုတ်ပေးနိုင်ရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် အရည်အသွေး မြင့်မားသည့် အရာရှိဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရန်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများမှ အားကစားပညာကို ဘွဲ့တစ်ခုအဖြစ် ရယူဆည်းပူးခွင့်ရစေရန်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများမှ အားကစားပညာရပ်ကို စိတ်ပါ ဝင်စားသူများမှ အခြားဝိဇ္ဇာ၊

သိပ္ပံပညာရပ်များနည်းတူ လေ့လာဆည်းပူးခွင့်ရစေရန်၊ အားကစား လေ့ကျင့်ရေးအား ခေတ်မီအားကစားသိပ္ပံပညာရပ်များဖြင့် စနစ်တကျထိရောက်စွာ အဆင့်မြှင့်တင် ပေးနိုင်ရန်၊ အားကစားဆိုင်ရာစီမံခန့်ခွဲမှုပညာရပ်များကို နိုင်ငံတကာအဆင့်မီ သင်ကြားပို့ချ နိုင်ခြင်းနှင့် အနာဂတ်မြန်မာ့အားကစားအဆင့်အတန်းကို နိုင်ငံတကာနှင့်ရင်ဘောင်တန်းနိုင်ရန် ရည်ရွယ်ချက်ကြီးများဖြင့် လေးနှစ်အထူးပြုသင်ဘာသာရပ်အဖြစ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင် ဖွင့်လှစ်ခဲ့ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ဒဂုံတက္ကသိုလ်အနေနဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ ပြီးခဲ့တဲ့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အထိ အားကစားပညာဘွဲ့သင်တန်းသို့ ကျောင်းသူကျောင်းသား စုစုပေါင်း ၂၃၉ ဦး တက်ရောက်ခဲ့ပြီး သိပ္ပံဘွဲ့အားကစားပညာရရှိသူ ၉၁ ဦး၊ သိပ္ပံဂုဏ်ထူးဘွဲ့အားကစားပညာဘွဲ့ရရှိသူ ၂၉ ဦးနှင့် မဟာသိပ္ပံအရည်အချင်းစစ်သင်တန်းတက်ရောက်ရန်အဆင့်မီသူနှစ်ဦး မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ရတနာပုံတက္ကသိုလ်အနေဖြင့်လည်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ သိပ္ပံဘွဲ့အားကစားပညာသင်တန်းသို့ ၁၅၀ ဦး၊ ဂုဏ်ထူးတန်းတွင် ၆၄ ဦး စုစုပေါင်း ၂၁၄ ဦးတက်ရောက်ခဲ့ပြီး သိပ္ပံဘွဲ့အားကစားပညာရရှိသူ ၇၉ ဦးနှင့် သိပ္ပံဂုဏ်ထူးဘွဲ့ အားကစားပညာရရှိသူ ၃၉ ဦးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် အားကစားမှူး၊ နည်းစနစ်မှူး၊ ဒုတိယဦးစီးမှူးရာထူးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သိပ္ပံဘွဲ့အားကစားပညာ (B.Sc Sports) ဘွဲ့ရအရာထမ်း၊ အမှုထမ်းဦးရေ ၁၆ ဦးရှိပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကာကွယ်ရေး ဝန်ကြီးဌာနမှခေါ်ယူသည့် အမျိုးသား၊ အမျိုးသမီး ဗိုလ်လောင်းသင်တန်းများတွင်လည်း (B.Sc Sports) ဘွဲ့ရများကို ခေါ်ယူလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒဂုံတက္ကသိုလ်နှင့် ရတနာပုံ တက္ကသိုလ်တို့မှ သိပ္ပံဘွဲ့ အားကစားပညာ (B.Sc Sports) ကျောင်းသူကျောင်းသားများကို နှစ်စဉ်မွေးထုတ်လျက်ရှိပြီး နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိတဲ့ အားကစားသမားများလည်း ပေါ်ထွန်းခဲ့ပြီးဖြစ်ပါတယ်။

**မူကြမ်း**

၂၀၁၈–၂၀၁၉ ပညာသင်နှစ် (၁၉)ကြိမ် မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ASEAN University Game တွင် အားကစား ပညာအထူးပြု ကျောင်းသူကျောင်းသားများအနေနဲ့ ကျောင်းသူကျောင်းသား ၁၆ ဦးဟာ အားကစား နည်းကိုးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်ရှစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်သုံးခု ရရှိခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

သိပ္ပံဘွဲ့အားကစားပညာ (B.Sc Sports) ကျောင်းသူကျောင်းသားများသည် တက္ကသိုလ်မှ ဘွဲ့တစ်ခုရရှိပြီးသူများဖြစ်တဲ့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှခေါ်ယူတဲ့ ပြန်တမ်းဝင်အရာရှိ ရာထူးများလျှောက်ထားနိုင်ခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ခေါ်ယူတဲ့ ဗိုလ်လောင်းများဖြင့် လျှောက်ထားနိုင်ခြင်း၊ ပြင်ပမှဖွင့်လှစ်ထားသည့် အားကစားလေ့ကျင့်ရုံများတွင် Trainer များ၊ Instructor များအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်နိုင်ခြင်း၊ ပညာရေးဝန်ကြီးဌာနအနေနဲ့ မူလတန်းပြကာယဆရာ PPTT များဖြင့် လျှောက်ထားနိုင်ခြင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန မှ အခါအားလျော်စွာခေါ်ယူသည့် နည်းစနစ်မှူးရာထူးများ လျှောက်ထားနိုင်ခြင်း၊ ပုဂ္ဂလိက အားကစား Club အသင်းများ၊ ပုဂ္ဂလိကအားကစားလေ့ကျင့်ရေးရုံများတွင် Trainer များ၊ Instructor များ၊ GYM Instructor များအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အားကစားအထူး ပြုဘာသာရပ် သိပ္ပံဘွဲအားကစားပညာ (B.Sc Sports) ပထမအကြိမ်ဘွဲ့ရကျောင်းသူကျောင်းသား များသည် ၂၀၁၉ ခုနှစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အားကစားမှူးရာထူးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့မှတစ်ဆင့် ဝင်ရောက်ဖြေဆိုခဲ့ရာ စာမေးပွဲအောင်မြင်ခဲ့သူ ၁၁ ဦးကို ရွေးချယ်ပြီး အရာထမ်းများဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးတွင် တာဝန် ထမ်းဆောင်လျက်ရှိပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အမျိုးသားရေး တာဝန် တစ်ရပ်အနေဖြင့် တစ်မျိုးသားလုံးကြံ့ခိုင်ရေးနှင့် မကူးစက်တတ်သော ရောဂါအန္တရာယ်များမှ ကင်းဝေးစေရေး စတဲ့ရည်မှန်းချက်များနှင့် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး အားကစား

လေ့ကျင့်ရေးအစီအစဉ်များကို နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများအပါအဝင် တစ်နိုင်ငံလုံးရှိ ပြည်သူ တစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လှုပ်ရှားဆောင်ရွက်လာနိုင်ရန် စီမံချက်ချကြိုးပမ်းလျက်ရှိရာ အစိုးရဌာနများ၊ ပုဂ္ဂလိကဌာနများ၊ စက်ရုံအလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းအုပ်စုများတွင် B.Sc Sports ဘွဲ့ရများအား ကျယ်ကျယ်ပြန့်ပြန့်အလုပ်အကိုင်နေရာချထားခန့်ထားနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ သိပ္ပံဂုဏ်ထူးဘွဲ့၊ အားကစားဘွဲ့ရရှိသူများ အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းပြ (နည်းစနစ်) ဖြင့် ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်နေပါကြောင်းနှင့် B.Sc Sports ဘွဲ့ရ ကျောင်းသူ ကျောင်းသားများအနေဖြင့် အနာဂတ်တွင် မြန်မာ့အားကစားပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်း တစ်ခု မေးခွင့်ပြုပါ။ ဝန်ကြီးဖြေသွားတဲ့အထဲမှာတော့ တော်တော်ပြည့်စုံပါတယ်။ ဒါပေမဲ့ ကျွန်တော် သိချင်တာလေးတစ်ခုက ဒီသင်တန်းတွေကို ကျွန်တော့်မေးခွန်းမှာလည်း နောက်ဆုံးမှာပါပါတယ်။ ပြန်လည်သုံးသပ်ပြီးတော့ Upgrade လုပ်ဖို့ကော ဒီလိုအစီအစဉ်ရှိ/မရှိ ဒီဟာလေးနဲ့ပတ်သက်ပြီး၊ ဘာသာရပ်နဲ့ပတ်သက်ပြီးတော့၊ ဆရာတွေဆရာမတွေနဲ့ပတ်သက်ပြီးတော့ ဒါတွေကို Upgrade လုပ်ဖို့ အစီအစဉ်ရှိ/မရှိဆိုတာရယ်။ သူက အဲဒီကနေပြီးတော့ ဘွဲ့ရလာတဲ့ B.Sc Sports ဘွဲ့ရတွေကို ပိုပြီးတော့ သူတို့ရဲ့အရည်အချင်းတွေ ပိုပြီးတော့တိုးတက်လာဖို့အတွက် နိုင်ငံခြားကိုပညာတော်သင် တွေလွှတ်ဖို့ နိုင်ငံခြားက အားကစားအကယ်ဒမီတွေနဲ့ချိတ်ဆက်ပြီးတော့ ပညာတော်သင်လွှတ်ဖို့ အဲဒီလိုအစီအစဉ်မျိုးတွေရှိ/မရှိ ဒါလေးကို ကျွန်တော် ဆက်စပ်ပြီးတော့ မေးလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဒီသင်တန်းနဲ့ပတ်သက်လို့ သင်ရိုးပိုင်းဆိုင်ရာအဆင့်မြှင့်တင်မှု ပြန်လည်သုံးသပ်မှုများကိုတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ နောက် ဒီသင်တန်းတွေကနေ ဘွဲ့ရလာတဲ့သူတွေကို နိုင်ငံခြားပညာသင်လွှတ်ဖို့ကတော့ အခြားသော ပညာရပ်များနည်းတူ အခွင့်အလမ်းပေါ်သင်တန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**သတ္တမတန်း မြန်မာစာ သင်ရိုးသစ် ကျောင်းသုံးစာအုပ်စာမျက်နှာ(၅)နှင့် (၆)တွင်ပါဝင်သောအချက်အလက်များသည် တိုင်းရင်းသားအရေး၊ ထိခိုက်စေနိုင်ခြင်းနှင့် သမိုင်းအမှန်အချက်အလက်များ လူငယ်များအတွင်း မှားယွင်းစွာသိမြင်သွားနိုင်ခြင်းတို့ကြောင့် ပြန်လည်ပြင်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ အင်းလေးဒေသ၊ ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ သင်ရိုးသစ် သတ္တမတန်း မြန်မာကျောင်းသုံးစာအုပ် စာမျက်နှာ(၅)နဲ့ (၆)မှာပါဝင်တဲ့ နောင်အင်းလေးကိုလာဖို့ဖိတ်ခေါ်တယ်ခရီးသွား ဆောင်းပါးအချက်အလက်များဟာ တိုင်းရင်းသားရေးထိခိုက်စေနိုင်ခြင်းနှင့် သမိုင်းမှန်

အချက်အလက်များ ကျောင်းသားလူငယ်များအတွင်း မှားယွင်းစွာသိမြင်သွားနိုင်တဲ့အတွက်ကြောင့် ပြန်လည်ပြင်ဆင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။

ပထမဦးစွာ မကြာမီ အလယ်တန်းကျောင်းများပြန်လည်ဖွင့်လှစ်တော့မှာဖြစ်တဲ့အတွက် ယခုလိုအချိန်မီ ဒီမေးခွန်းကိုမေးခွင့်ရတဲ့အတွက်လည်း လွှတ်တော်ဥက္ကဋ္ဌကြီးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒီပုံဟာ ကျွန်တော်တို့ အင်းသားတိုင်းရင်းသားတွေဖြစ်ပြီးတော့ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ဝတ်စုံဖြစ်ပါတယ်။ ကျွန်တော်တို့အင်းသားတိုင်းရင်းသားတွေရဲ့ အင်းသားအမျိုးသားနေ့ကိုလည်း နှစ်စဉ်ကျင်းပသလို ငါးနှစ်တစ်ကြိမ်ရွေးကောက်ပွဲမှာ အင်းသားတိုင်းရင်းသားရေးရာကိုယ်စားလှယ်လို့ပြောပြော၊ ဝန်ကြီးလို့ပြောပြော ရွေးချယ်ခွင့်ရှိပါတယ်။ ဒီကျောင်းသုံးပြဋ္ဌာန်းချက်ကြောင့် ဒေသခံမိဘပြည်သူများ အတော်ပဲစိတ်မကောင်းဝမ်းနည်းကြရပါတယ်။ အဲဒီအတွက် အစိုးရ၊ လွှတ်တော်၊ စာပေယဉ်ကျေးမှုအဖွဲ့တွေနဲ့ ချက်ချင်းဟန်ချက်ညီညီဆောင်ရွက်ခဲ့ကြပါတယ်။ ယခုအင်းသားတိုင်းရင်းသားရေးရာဝန်ကြီးဖြစ်တဲ့ ဒေါက်တာထွန်းလှိုင်ကလည်း ဒီမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးမှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ နောက်တစ်ခါ အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းကြီးကလည်း ဒီမေးခွန်းကို ပညာရေးဝန်ကြီးဌာနနဲ့ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို ပို့ထားပါတယ်။ ပညာရေးဝန်ကြီးဌာနကလည်း အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီသို့ ပေးပို့ထားပြီဖြစ်ကြောင်း အကြောင်းကြားထားပါတယ်။ ဒါကတော့ သင်ရိုးသစ်မြန်မာစာပါ။ ဒါနောင်အင်းလေးကို လာဖို့ဖိတ်ခေါ်တယ် ခရီးသွားဆောင်းပါးရဲ့ သရုပ်ဖော်ပုံဖြစ်ပါတယ်။ အဲဒီကစအမှားအယွင်းတွေဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့အင်းသားတိုင်းရင်းသားတွေရဲ့ဝတ်စုံဟာ လုံချည်ဝတ်တာမဟုတ်ပါဘူး။ ခုနကပြခဲ့တဲ့ Slide မှာပါတဲ့အတိုင်း ပင်နီဝတ်စုံဝတ်တာပါ။ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ ဘာသာတရားအလွန်ကိုင်းရှိုင်းကြပြီး ယက်ကန်း၊ ပန်းတိမ်၊ ပိုး၊ ကြာချည်စတဲ့ လက်မှုလုပ်ငန်းတွေလုပ်ပြီးတော့ ကျွန်းမျောများမှာ

စိုက်ပျိုးရေးလုပ်ကိုင်ကြတဲ့အများစုဖြစ်ပါတယ်။ တံငါသည်ဟာ လူနည်းစုဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ဒီပြကွက်ဟာ ကျွန်တော်တို့အင်းသား တိုင်းရင်းသားတွေအားလုံးကို တံငါသည်များလို့ ထင်မှတ်သွားစေနိုင်ပါတယ်။ ရှေးယခင်က အင်းရေပြင်ကြီးထဲမှာ ရွာကြီးလေးရွာစတင်တည်ရှိခဲ့ရာကစပြီး အင်းလေးကန်ကြီးလို့ အမည်တွင် လာတာပါ။ အဲဒီရွာကြီးလေးရွာကတော့ နပန်ရွာ၊ နောင်တောရွာ၊ ဟဲယာရွာမနှင့် ရွာကြီးဘန့်ပုံ ရွာတို့ဖြစ်ပါတယ်။ နားပန်းကြီးရွာမရှိပါဘူး။ ကြားလည်းမကြားဖူးပါဘူး။ ရွာကြီးသန်ပုံ မဟုတ်ပါဘူး။ ရွာကြီးဘန့်ပုံဖြစ်ပါတယ်။ ၁၉၆၉–၁၉၇၀ ခုနှစ်တုန်းက နန်းပန်ရွာဟာ နန်းပန် မြို့နယ်ဖြစ်ခဲ့ပြီး ယခင်နှစ်ကမှ ရွာကနေ နန်းပန်မြို့အဖြစ် ပြည်ထောင်စုလွှတ်တော်ကြီးက ပြန်လည်အတည်ပြုခဲ့တာပါ။ နောက်အမှားဆုံးကတော့ အင်းလေးကန်ပတ်ဝန်းကျင်မှာ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုးတိုင်းရင်းသားတွေနေထိုင်ကြတယ်လို့ဖော်ပြပြီး အင်းသားလူမျိုးလို့ တစ်နေရာမှ မပါခဲ့တာဟာ အတော်ပဲအားငယ်စရာဖြစ်ပါတယ်။ အဲဒီမှာလည်း ပအိုဝ်းစာပေ၊ ယဉ်ကျေးမှုရဲ့ သတ်မှတ်ချက်အရ ပအိုဝ်းဆိုတဲ့စာလုံးပေါင်းအမှားဖြစ်ပါတယ်။ တစ်ခါ မိုးပြဲဆည်ထဲကိုစီးဝင်တဲ့ ချောင်းဟာလည်း ဘီလူးချောင်းဖြစ်ပြီးတော့ နန့်ပန်ချောင်းဆိုတာ အင်းထဲမှာမရှိပါဘူး။ နောက် တောင်ပိုင်းက စကားအင်း(စံကားလို့ စာလုံးပေါင်းပါတယ်)။ ဒါ့အပြင် ကမ္ဘာ့သိ၊ မြန်မာသိ ကြောင်ခုန်ကျောင်းလို့ခေါ်တဲ့ ငါးဖယ်ချောင်းကျောင်းဟာလည်း ငါးဖယ်ချောင်ကျောင်းတိုက် ဆိုပြီးတော့ မှားယွင်းနေပါတယ်။ ပို၍မှားယွင်းဆုံးကတော့ အင်းသားရိုးရာအစားအသောက် များကလည်း အမှန်က ငါးထမင်းနဲ့အင်းမုန့်တီ၊ ဟင်းထုပ်စတဲ့အစားအစာများဖြစ်ပေမဲ့ ဖော်ပြ ထားခြင်းမရှိပါဘူး။ ဒါကြောင့် အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းက အခြားတိုင်းရင်းသားများအတွက်ပါ အကြံပြုတင်ပြထားတာကတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ တိုင်းရင်းသားများနဲ့ပတ်သက်၍လည်းကောင်း၊ တိုင်းရင်းသားတို့ရဲ့နေရင်းဒေသနှင့်ပတ်သက်၍ လည်းကောင်း ကျောင်းသင်ခန်းစာအဖြစ်ပြဋ္ဌာန်းမည်ဆိုပါက တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ

တစ်ဆင့် သက်ဆိုင်ရာစာပေ၊ ယဉ်ကျေးမှုအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာခေါင်းဆောင်များရဲ့ အကြံပြုချက်၊ သုံးသပ်ချက်များကို အတည်ပြုရယူပြီးမှသာ ဆောင်ရွက်သင့်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒါကတော့ သင်ရိုးဟောင်း ဆဋ္ဌမတန်းမြန်မာဖတ်စာမှာပါတဲ့ အင်းလေးကန်ဆိုတဲ့ စကားပြေဖြစ်ပါတယ်။ အင်းသားဆိုတဲ့စာသား ကိုးကြိမ်တောင်ပါပါတယ်။ အဲဒီမှာအချက်အလက်တွေလည်း တော်တော်စုံပါတယ်။ အဲဒီအတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ပြင်ဆင်ဖြည့်စွက်ရန်အစီအစဉ်ရှိ/မရှိ အင်းသူအင်းသားများကိုယ်စားမေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုးရဲ့မေးခွန်းဖြစ်သော သင်ရိုးသစ် သတ္တမတန်း မြန်မာစာကျောင်းသုံးစာအုပ် စာမျက်နှာ(၅)နှင့် (၆)တွင်ပါသည့် အချက်အလက်များသည် တိုင်းရင်းသားရေးထိခိုက်စေနိုင်ခြင်းနှင့် သမိုင်းအမှန်အချက်အလက်များ လူငယ်များအတွင်းမှားယွင်းစွာသိမြင်နိုင်ခြင်းတို့ကြောင့် ပြန်လည်ပြင်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိမေးခွန်းနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာအလယ်တန်းအဆင့် သင်ရိုးအသစ် သတ္တမတန်း မြန်မာစာကျောင်းသုံးစာအုပ်တွင်ပြဋ္ဌာန်းထားသော နောင်အင်းလေးကိုလာဖို့ဖိတ်ခေါ်တယ် ခရီးသွားဆောင်းပါးသည် ကိုယ်စားလှယ်တော်ကြီး ခုနကတင်ပြတဲ့ သင်ရိုးဟောင်း ဆဋ္ဌမတန်းမြန်မာစာ

ကျောင်းသုံးစာအုပ်ပါ အင်းလေးကန်ဆောင်းပါးကို အခြေခံပြီးတော့ ပြင်ဆင်ပြုစုခဲ့ခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီသုတဆောင်းပါးဖြစ်တဲ့ အင်းလေးကန်ရဲ့ သုတရသပါသော ခရီးသွားဆောင်းပါအဖြစ် သင်ရိုးသစ်ရဲ့ဦးတည်ချက်နှင့်လျော်ညီစွာ ပြုပြင်ရေးသားခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ သင်ခန်းစာရေးသားသူများအနေဖြင့် သင်ခန်းစာဟောင်းမှ အချက်အလက်အချို့ကိုအခြေခံ၍လည်းကောင်း၊ အချို့ခရီးသွားဆောင်းပါးအချို့မှအချက်အလက်များကို မှီငြမ်း၍သော်လည်းကောင်း၊ ခရီးသွားဆောင်းပါးကို ခေတ်နဲ့လျော်ညီအောင် နောင်အင်းလေးကိုလာဖို့ဖိတ်ခေါ်တယ် ဟူသော ခေါင်းစဉ်ဖြင့် ရသသဘောပါအောင် ပြန်လည်ပြင်ဆင်ရေးသားခဲ့ခြင်းဖြစ်ပါတယ်။ သို့သော်လည်း ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ အကြောင်းအရာ၊ အသုံးအနှုန်းကွဲလွဲချက်တွေရှိကြောင်းသိရတဲ့အတွက် သင်ရိုးပြုစုသူများကိုယ်စား ကျွန်တော်မှတောင်းပန်ပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီတော့ ဒီသင်ခန်းစာပါ အချက်အလက်အချို့ ကွဲလွဲချက်များနဲ့ပတ်သက်ပြီး ကိုယ်စားလှယ်တော်ကြီးအကြံပြုချက်အတိုင်း သရုပ်ဖော်ပုံကို အင်းသားဝတ်စုံအပြည့်အစုံနဲ့ ပြန်လည်ပြင်ဆင်ပေးပါမယ်။ ရွာကြီးလေးရွာအမည်များနဲ့ပတ်သက်၍ အများမှလက်ခံနိုင်တဲ့အမည်ရှိမှ စိစစ်ညှိနှိုင်းဖော်ပြဖို့ စီစဉ်ထားပါတယ်။ ကိုယ်စားလှယ်တော်ကြီးအကြံပြုသကဲ့သို့ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုးစတဲ့ တောင်ပေါ်သားတွေဟာ အင်းသားလူမျိုးနှင့်အတူ အင်းလေးကန်ကို ခြံရံပြီးနေထိုင်ကြကြောင်း ဖြည့်စွက်ဖော်ပြဖို့ရှိပါတယ်။ အင်းလေးကန်ထဲက စီးထွက်တဲ့ချောင်းအမည်ကို ဘီလူးချောင်းလို့ စိစစ်ညှိနှိုင်းပြင်ဆင်ရန် ကျွန်တော်တို့ညှိနှိုင်းဆောင်ရွက်ပေးပါမယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ အင်းတိုင်းရင်းသားအစားအစာများကိုလည်း အခေါ်အဝေါ်မှန်ကန်အောင်ပြန်လည်ပြင်ဆင်ပေးပါမယ်။ လက်ရှိသင်ရိုးသစ်သတ္တမတန်း မြန်မာစာကျောင်းသုံးစာအုပ်ပါ အင်းလေးကန်ဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများကလက်ခံနိုင်တဲ့အချက်အလက်များဖြစ်စေရန် စိစစ်ပြင်ဆင်ပြီးမှ ထပ်မံပြင်ဆင်ပုံနှိပ်

ပေးမည်ဖြစ်ပါကြောင်းနှင့် လက်ရှိပုံနှိပ်ပြီးစာမှာပါတဲ့အကြောင်းအရာများကိုလည်း ပြင်ဆင်သင်ကြားရန် စီမံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ထီးလင်းမြို့နယ်ရှိ အခြေခံပညာကျောင်းရှစ်ကျောင်းတွင် ကျောင်းဆောင်သစ်များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းသွားမယ့်မေးခွန်းကတော့ ထီးလင်းမြို့နယ်အတွင်း မှာရှိတဲ့ အခြေခံပညာကျောင်းတွေထဲက ကျောင်းဆောင်သစ်အမှန်တကယ်လိုအပ်နေတဲ့ကျောင်း ရှစ်ကျောင်းမှာ ကျောင်းဆောင်သစ်တွေ ဆောက်လုပ်ဖြည့်ဆည်းပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပေးမည်ဆိုတာကို သိရှိလိုတဲ့အတွက် မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်အနေနဲ့ ကျောင်းဆောင်သစ်တွေကိုတင်ပြတဲ့နေရာမှာ လိုအပ်ချက်တွေနဲ့ပတ်သက်လို့ လျာထားတောင်းခံတဲ့အခါမှာ အမျိုးသားစီမံကိန်းဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီတွေ၊ သက်ဆိုင်ရာဌာနအကြီးအကဲတွေ ကိုယ်တိုင် ကွင်းဆင်းပြီးတော့မှ အမှန်တကယ်လိုအပ်တဲ့ကျောင်းများကို လျာထားတောင်းခံခဲ့တာပဲဖြစ်ပါတယ်။ အဲဒီလိုတောင်းခံတဲ့နေရာမှာ တောင်းခံခဲ့ပေမဲ့လည်း

ဝန်ကြီးဌာနအနေနဲ့ ဖြည့်ဆည်းပေးမယ့် တည်ဆောက်ပေးမှုတွေဟာ အားနည်းလွန်းလို့ ယခုလို မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်မှာဆိုရင် ထီးလင်းမြို့နယ်အနေနဲ့ ကျောင်း ၁၀ ကျောင်းကို ရွေးချယ်လျာထားခဲ့တာပဲဖြစ်ပါတယ်။ အဲဒီအပေါ်မှာလည်းပဲ ဝန်ကြီးဌာနအနေနဲ့ ထီးလင်း အ.ထ.က မှာ နှစ်ထပ်ဆောင်တစ်ဆောင်၊ ရေပုတ် အ.လ.က(ခွဲ)မှာ (၆၀ x ၃၀ ပေ) တစ်ဆောင် စုစုပေါင်း ကျောင်းဆောင်နှစ်ဆောင်သာ ဖြည့်ဆည်းပေးခဲ့တာဖြစ်ပါတယ်။ ယခု ၂၀၂၀-၂၀၂၁ ခုနှစ်မှာလည်းပဲ မြို့နယ်အနေနဲ့ အမှန်တကယ်လိုအပ်တဲ့ ကျောင်းရှစ်ကျောင်းကို လျာထားရွေးချယ်တင်ပြခဲ့တာပဲ ဖြစ်ပါတယ်။ အဲဒီအထဲမှာလည်း ညောင်ဟောင်းကျောင်း တစ်ကျောင်းတည်းသာလျှင် ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ထီးလင်းမြို့နယ်မှာ ကျောင်းဆောင်သစ်တွေဟာ လိုအပ်လျက်ရှိပါတယ်။ ယခုဆိုရင် ပိုဆိုးတာက COVID-19 ကူးစက် ရောဂါကာကွယ် တားဆီးနှိမ်နင်းနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားချက်တွေနဲ့ အညီ ဆောင်ရွက်နေရလို့ ကျွန်တော်တို့ကျောင်းဆောင်လိုအပ်ချက်တွေဟာ ပိုမိုပြီးတော့မှ ရှိနေတာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလျာထားတင်ပြခဲ့တဲ့ကျောင်းတွေဖြစ်တဲ့ အ.လ.က(ခွဲ)အိုင်းမ၊ မူလွန် အညာဘန်း၊ အ.မ.က ထီးလင်း(၁)၊ အ.ထ.က ထီးလင်း၊ အ.လ.က(ခွဲ)ကန်သာ၊ မူလွန်သရခါစတဲ့ ကျောင်းတွေဟာ အမှန်တကယ်လိုအပ်နေတဲ့ကျောင်းတွေပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုတာကတော့ ကျွန်တော်တို့ထီးလင်းမြို့နယ်မှာ အဓိကလိုအပ်နေတဲ့ကျောင်း တွေကို ကျောင်းဆောင်သစ်ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဖြည့်ဆည်းပေးနိုင်ခြင်းရှိ/မရှိ အမှန်တကယ်ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ် မှာ ဖြည့်ဆည်းပေးနိုင်မယ်ဆိုတာရယ်၊ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးပါကလည်း မည်သည့် အတွက်ကြောင့်ဆိုတာကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**မှူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြတ်လေးဦးရဲ့ မေးခွန်းဖြစ်သော ထီးလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် အမှန်တကယ်လိုအပ်လျက်ရှိသော ကျောင်းရှစ်ကျောင်းတွင် ကျောင်းဆောင်သစ်များ တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ် မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်မှာ လွှတ်တော်ကတိအရ ဆောက်လုပ်ရန် တစ်ကျောင်း၊ အန္တရာယ်ရှိကျောင်းဆောင်ကိုဖျက်သိမ်း၍ အသစ်ဆောက်လုပ်ရန်တစ်ကျောင်း စုစုပေါင်းနှစ်ကျောင်း ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ ငွေကျပ် ၁၆၁.၄၆ သန်း ခွဲဝေခဲ့ပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး အခုတင်ပြထားတာ ရှစ်ကျောင်းရှိပါတယ်။ ဒါ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်၊ ညောင်ဟောင်းအခြေခံပညာမူလတန်းကျောင်း။ အဲဒီ ကျောင်းမှာ ကျောင်းသူကျောင်းသား ၂၄ ဦး ပညာသင်ကြားနေပါတယ်။ နောက်တစ်ကျောင်းက မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း။ အခု ပညာသင်နှစ်စာရင်းအရ ကျောင်းသူကျောင်းသားဦးရေ ၉၅ ဦးရှိပါတယ်။ နောက်တစ်ကျောင်း ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်၊ အညာဘန်းအခြေခံပညာအလယ်တန်း

ကျောင်း(ခွဲ)။ အဲဒီမှာ ကျောင်းသူကျောင်းသား ၅၇ ဦးရှိပါတယ်။ နောက် မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်၊ သရခါအခြေခံပညာမူလတန်းလွန်ကျောင်းမှာ ယခုကျောင်းသားစာရင်းအရ ကျောင်းသူကျောင်းသားဦးရေ ၇၉ ဦးရှိပါတယ်။ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်၊ အိုင်းမ အခြေခံပညာအလယ်တန်းကျောင်းမှာ လက်ရှိသင်ကြားနေတဲ့ ကျောင်းသားကျောင်းသူ ၈၂ ဦး ရှိပါတယ်။

နောက်တစ်ကျောင်းဖြစ်တဲ့ ထီးလင်းမြို့နယ်၊ ကန်သာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မှာ လက်ရှိသင်ကြားနေသူ ၇၂ ဦး ရှိပါတယ်။ နောက်တစ်ကျောင်းဖြစ်တဲ့ ထီးလင်းမြို့နယ် ကျားခဲ အခြေခံပညာအလယ်တန်းကျောင်းမှာ ပညာသင်ကြားနေသူ ၉၁ ဦးရှိပါတယ်။ အဲဒီတော့ ဘတ်ဂျက် တွေလျာထားတဲ့နေရာမှာ လက်ရှိစာသင်သားဦးရေအရ ဦးစားပေးလျာထားတာများပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသလို လာမယ့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက်ကတော့ စီမံကိန်းတွေ အတည်ပြုပြီးချိန်ဖြစ်နေပါတယ်။ သို့သော် မနှစ်ကတည်းက ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အထဲကမှ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်၊ ညောင်ဟောင်းအခြေခံပညာမူလတန်း ကျောင်းမှာတော့ အန္တရာယ်ရှိကျောင်းဆောင်ကိုဖျက်သိမ်းပြီး (၆၀ x ၃၀ ပေ)Steel Structure တစ်ထပ်ဆောင်တစ်ဆောင်ကို ဦးစားပေးလျာထားပြီးဖြစ်ပါတယ်။ ကျန်တဲ့ကျောင်းခုနစ်ကျောင်း ကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ လျာထားနိုင်ခြင်းမရှိတဲ့အတွက် ကပ်လျက်ဘဏ္ဍာရေး နှစ်တွေမှာ တစ်နှစ်ပြီးတစ်နှစ် မြို့နယ်ဦးစားပေးအစီအစဉ်အရ လျာထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၅။**

**မူကြမ်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။

**အချိန်၊ ၁၂:၁၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီက နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က) အရ ဘဏ္ဍာများနှင့်ငွေကြေး ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အား ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွန်းနိုင်(အတွင်းရေးမှူး၊ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ)။** ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူးဖြစ်တဲ့ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ် က ဦးတင်ထွန်းနိုင် ဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ နိုင်ငံခြားသုံးငွေစီမံ

ခန့်ခွဲမှုဥပဒေကြမ်းကို ကော်မတီကိုယ်စား လွှတ်တော်ကိုအစီရင်ခံတင်သွင်းသွားမှာ ဖြစ်ပါတယ်။ လေးစားရတဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုသမိုင်းကို လေ့လာကြည့်ရင် ၁၉၄၇ ခုနှစ်မှာ နိုင်ငံခြားသုံးငွေစည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေကို စတင်ပြဋ္ဌာန်းကျင့်သုံးခဲ့ပါတယ်။ သို့သော် ပြောင်းလဲလာတဲ့စီးပွားရေးပုံစံ ခေတ်စနစ်များနဲ့မကိုက်ညီတော့တဲ့အတွက် အဆိုပါအက်ဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၂) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနဲ့ အစားထိုးရုတ်သိမ်းခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၅ ခုနှစ်မှာ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်တဲ့ဥပဒေကိုထပ်မံပြဋ္ဌာန်းခဲ့ပါတယ်။

သို့သော် လက်တွေ့အခြေအနေမှာ နောက်ဆုံးပြင်ဆင်ထားတဲ့ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲရေးနဲ့စပ်လျဉ်းတဲ့ကိစ္စရပ်တွေကို ထိထိရောက်ရောက်ထိန်းကျောင်းတည့်မတ်နိုင်မှုအပိုင်းမှာ အားနည်းချက်များစွာရှိနေတာကို တွေ့ရှိရပါတယ်။ အထူးသဖြင့် ဒေါ်လာဈေးအတက်အကျကို ရည်ရွယ်ချက်ရှိရှိနဲ့ဈေးကစားပြီး ကိုယ်ကျိုးစီးပွား ရှာသူတွေ၊ တည်ဆဲဥပဒေရဲ့အားနည်းချက်တချို့ကိုအသုံးချပြီး ကျွန်တော်တို့နိုင်ငံရဲ့ငွေကြေး ဈေးကွက်ကို ကမောက်ကမဖြစ်အောင်ကြံစည်ဆောင်ရွက်နေသူတွေ၊ မှန်မှန်ကန်ကန်ဝင်ရောက်ရမယ့် နိုင်ငံခြားပို့ကုန်ရငွေတွေကို နည်းအမျိုးမျိုးနဲ့ ရှောင်လွှဲထိမ်ချန်ထားမှုတွေ အစရှိတဲ့ နိုင်ငံခြားသုံးငွေဆိုင်ရာကိစ္စရပ်တွေကို ထိန်းကျောင်းတားဆီးအရေးယူနိုင်မှုအပိုင်းမှာ ဥပဒေအရ လုံလောက်တဲ့စည်းနှောင်မှု၊ တည့်မတ်ထိန်းကျောင်းနိုင်မှုမရှိနေတာကို ကျွန်တော်တို့စိစစ်လေ့လာ တွေ့ရှိရပါတယ်။ ဒါကြောင့်လည်းပဲ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ ကျွန်တော်တို့ကော်မတီ အကြိမ်ကြိမ်ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီးတဲ့နောက်မှာ (၁) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်စေရန်၊ (၂) နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်၊ (၃) ပြည်ပစီးပွား၊ ဆက်သွယ်ရေးနှင့်

ပူးပေါင်းဆောင်ရွက်ရေးတို့ကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်စေရန် အစရှိတဲ့ရည်ရွယ်ချက်သုံးရပ်နဲ့ ဥပဒေကြမ်းအသစ်ရေးဆွဲပြီး လွှတ်တော်သို့တင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားရတဲ့ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ယခုဥပဒေကြမ်းရဲ့ ထူးခြားချက်များအနေနဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းနဲ့ အပြန်အလှန်ချိတ်ဆက်နေတဲ့ ရွှေချောင်း၊ ရွှေတုံးနဲ့ ရွှေဒင်္ဂါးများနဲ့သက်ဆိုင်သော ပိုမိုပြည့်စုံရှင်းလင်းတဲ့ပြဋ္ဌာန်းချက်များ နိုင်ငံခြားငွေကိုင်ဆောင်ခြင်း၊ ငွေစာရင်းဖွင့်လှစ်ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ၊ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်နဲ့စပ်လျဉ်းတဲ့ အသေးစိတ်ပြဋ္ဌာန်းချက်များစတဲ့ ပြဋ္ဌာန်းချက်တွေကိုတွေ့ရမှာဖြစ်တဲ့အပြင် အရေးယူခြင်းနဲ့စပ်လျဉ်းတဲ့ ပြစ်မှုနဲ့ပြစ်ဒဏ်ပိုင်းဆိုင်ရာတွေကို ခေတ်စနစ်နဲ့လျော်ညီအောင်၊ ဥပဒေရည်ရွယ်ချက်များနဲ့ကိုက်ညီအောင် လက်တွေ့ကျကျလေ့လာချဉ်းကပ်ရေးဆွဲထားပါတယ်။ အသေးစိတ်ကတော့ ကိုယ်စားလှယ်တော်ကြီးများထံ ကြိုတင်ဖြန့်ဝေထားတဲ့ ဥပဒေ(မူကြမ်း)မှာ ပါရှိပြီးသားဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတင်သွင်းတဲ့ ၂၀၂၀ ပြည့်နှစ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ လေ့လာအကြံပြုဖြည့်စွက်ပြင်ဆင်နိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)နဲ့အညီ လွှတ်တော်သို့လေးစားစွာ အစီရင်ခံတင်သွင်းအပ်ပါတယ်။ အားလုံးကိုအထူးကျေးဇူးတင်ပါတယ်။

## နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု

**မူကြမ်း**

ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ၏ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းခဲ့တဲ့ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဟာ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကြမ်းကို အောက်ပါရည်ရွယ်ချက်(၃)ချက်ဖြင့် ကျွန်တော်တို့အခြေခံပြီးတော့ ရေးဆွဲလာခြင်းဖြစ်ကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ (၁) နိုင်ငံခြား သုံးငွေစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်စေရန်၊ (၂) နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ (၃) ပြည်ပစီးပွားဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်တို့ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ၁၇-၈-၂၀၂၀ ရက်(တနင်္လာနေ့)နှင့် ၁၈-၈-၂၀၂၀ ရက်(အင်္ဂါနေ့)တို့မှာ ပြည်သူ့

လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ စိစစ်လေ့လာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နဲ့အညီ လွှတ်တော်သို့လေးစားစွာ တင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ ပသ – ဥပဒေကြမ်း / ၂၀၂၀– ၁၂၇

ရက်စွဲ ၊ ၂၀၂၀ ပြည့် နှစ်၊ ဩဂုတ်လ ၂၀ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၇–၁၂–၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၈၇)/ ပထစ– ၂၀၁၉

၁။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ် အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်–

(က) နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်စေရန်၊

(ခ) နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊

## မူကြမ်း

(ဂ) ပြည်ပစီးပွားဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကြမ်း နှင့်စပ်လျဥ်း၍ ၁၇-၈-၂၀၂၀ ရက် တနင်္လာနေ့နှင့် ၁၈-၈-၂၀၂၀ ရက် အင်္ဂါနေ့တို့တွင် ပြည်သူ့ လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကြမ်းတွင် အခန်း (၁၅) ခန်းနှင့် အပိုဒ်ပေါင်း ၆၆ ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစည်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၀၂၀ ပြည့်နှစ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၂ ခုနှစ်၊ လ ရက်

(၂၀၂၀ ပြည့်နှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။”

(ဂ) အခန်း (၁) အပိုဒ် ၁ ရှိ ၂၀၁၉ ခုနှစ် ဆိုသည့် စကားရပ်ကို ၂၀၂၀ ပြည့်နှစ် ဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ (ခ) ရှိ နိုင်ငံခြားငွေ ဆိုရာတွင် ဆိုသည့်စကားရပ်ကို နိုင်ငံခြားငွေ ဆိုသည်မှာ ဟု ပြင်ဆင်ပါသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ (ဂ) ခြေဆင်းကို နိုင်ငံခြားသုံးငွေ ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် - ဟု ပြင်ဆင်ပါသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၂) နှင့် (၃) တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဂ) (၂) နိုင်ငံခြားငွေဖြင့် ထုတ်ပေးရန်ဖြစ်သော ငွေလွှဲလက်မှတ်၊ ချက်လက်မှတ်၊ ခရီးသွားချက်လက်မှတ်၊ ငွေလွှဲစာတမ်း၊ ငွေပေးအမိန့်၊ ငွေပေးကတိစာချုပ်၊

(၃) ပြည်တွင်းနှင့် ပြည်ပနိုင်ငံများအကြား ပေးချေနိုင်သော သို့မဟုတ် လွှဲပြောင်းနိုင်သော ကတ်တစ်ခုခုအပါအဝင် ငွေကြေးတန်ဖိုး သိုမှီးထားသော အီလက်ထရောနစ်ကိရိယာ၊

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ (ဃ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ရွှေဆိုသည်မှာ မည်သည့်ပုံသဏ္ဌာန်ဖြင့်မဆိုရှိသည့် စံချိန်မီရွှေ သို့မဟုတ် စံချိန်မမီရွှေကို ဆိုသည်။

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ (င) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) လက်ဝတ်ရတနာ ဆိုသည်မှာ ရွှေသက်သက်ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာကိုသော်လည်းကောင်း၊ ရွှေနှင့် သတ္တု သို့မဟုတ် ရွှေနှင့် ကျောက်မျက်ရတနာ ပေါင်းစပ်ပြုလုပ်ထားသော လက်ဝတ်ရတနာကိုသော်လည်းကောင်း ဆိုသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ (စ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) စံချိန်မီရွှေ ဆိုသည်မှာ ဗဟိုဘဏ်က အသိအမှတ်ပြုသည့် သန့်စင်မှု ၉၉.၅% နှင့်အထက်ရှိသော ရွှေချောင်း၊ ရွှေတုံးနှင့် ရွှေဒင်္ဂါးများကို ဆိုသည်။

**မူကြမ်း**

(ည) အပိုဒ် ၂ အပိုဒ်ခွဲ (ဆ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) စံချိန်မမီရွှေ ဆိုသည်မှာ စံချိန်မီရွှေမဟုတ်သည့်ရွှေကို ဆိုသည်။ ယင်းစကားရပ်တွင် လက်ဝတ်ရတနာလည်း ပါဝင်သည်။

(ဋ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၂ အပိုဒ်ခွဲ (ဇ) ကို ပယ်ဖျက်ပါသည်။

(ဌ) အပိုဒ် ၂ အပိုဒ်ခွဲ (ည) ကို အပိုဒ်ခွဲ (ဈ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) ပြည်ပ၌နေထိုင်သူ ဆိုသည်မှာ ပြည်တွင်း၌ နေထိုင်သူနှင့် အကျုံးမဝင်သူကို ဆိုသည်။

(ဍ) အပိုဒ် ၂ အပိုဒ်ခွဲ (ဌ) ကို အပိုဒ်ခွဲ (ဋ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဋ) နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ ဆိုသည်မှာ ဤဥပဒေအရ ဗဟိုဘဏ်က ထုတ်ပေးသော နိုင်ငံခြားငွေဝယ်ယူ ရောင်းချလဲလှယ်ပေးခွင့် လိုင်စင်ရရှိသူ၊ နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူ သို့မဟုတ် ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ ဗဟိုဘဏ်က အခါ အားလျော်စွာ သတ်မှတ်ထုတ်ပေးသည့် လုပ်ငန်းလိုင်စင် ရရှိသူလည်း ပါဝင်သည်။

(ဎ) အပိုဒ် ၂ အပိုဒ်ခွဲ (ဍ) ကို အပိုဒ်ခွဲ (ဌ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါ သည်-

(ဌ) နိုင်ငံခြားငွေ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လိုင်စင်ရရှိသူ ဆိုသည်မှာ နိုင်ငံခြားငွေကို ဝယ်ယူခွင့်၊ ရောင်းချခွင့် သို့မဟုတ် လဲလှယ်ခွင့်ရှိသူကို ဆိုသည်။

(ဏ) အပိုဒ် ၂ အပိုဒ်ခွဲ (ဎ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဃ) ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင် ရရှိသူဆိုသည်မှာ ပြည်ပသို့ ငွေလွှဲပို့ခြင်း နှင့် ပြည်ပမှ လွှဲပို့သည့်ငွေကို ပြည်တွင်း၌ ထုတ်ပေးခြင်းဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသူကို ဆိုသည်။

(တ) အပိုဒ် ၂ အပိုဒ်ခွဲ (တ) ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(တ) သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှု ဆိုသည်မှာ အရင်းအနှီး ပြုလုပ်ရန်မဟုတ်သည့် လွှဲပြောင်းပေးချေမှုကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့လည်းပါဝင်သည် –

(ထ) အပိုဒ် ၂ အပိုဒ်ခွဲ (ထ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(ထ) ငွေလုံးငွေရင်း စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှု ဆိုသည်မှာ သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုမှတစ်ပါး ငွေလုံးငွေရင်း အတွက် လွှဲပြောင်းပေးချေမှုကိုဆိုသည်။

(ဒ) အခန်း (၂) အပိုဒ် ၃ အပိုဒ်ခွဲ (က) ရှိ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုကို ဆိုသည့် စကားရပ်ကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဟု ပြင်ဆင်ပါသည်။

(ဓ) အခန်း (၃) အပိုဒ် (၅) အပိုဒ်ခွဲ (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံခြားသုံးငွေလုပ်ငန်းနှင့်စပ်လျဉ်း၍ သုံးလ ထက်မပိုသော အရေးပေါ်ကာလတစ်ရပ်ကို သတ်မှတ်နိုင်သည်။ လိုအပ်ပါက ယင်းကာလကို တစ်ကြိမ်လျှင် သုံးလထက်မပိုစေဘဲ ထပ်မံ သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ကာလသတ်မှတ်ပါက နိုင်ငံခြားသုံးငွေ လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ၏ လုပ်ငန်းကို ဗဟိုဘဏ်က ယာယီ ကန့်သတ်နိုင်သည်။

**မူကြမ်း**

(န) အပိုဒ် ၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆။ ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေဈေးကွက်လုပ်ငန်းများ စနစ်တကျနှင့် ချောမွေ့စွာ လုပ်ကိုင်နိုင်ရန် အားပေးကူညီရမည်။ ထို့ပြင် နိုင်ငံခြားသုံးငွေဈေးကွက်တွင် ဝင်ရောက်ဆောင်ရွက်နိုင်သည်။

(ပ) အခန်း (၄) အပိုဒ် ၇ အပိုဒ်ခွဲ (က) (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ပြည်တွင်း၌ နိုင်ငံခြားငွေဖြင့် ပေးချေမှုလုပ်ငန်း၊

(ခ) ပြည်တွင်း၌ နိုင်ငံခြားသုံးငွေဖြင့် ပေးချေမှုလုပ်ငန်း၊

(ဂ) နိုင်ငံခြားသုံးငွေဖြင့် နိုင်ငံတကာပေးချေမှု သို့မဟုတ် လွှဲပြောင်းမှုလုပ်ငန်း၊

(ဖ) အပိုဒ် ၇ အပိုဒ်ခွဲ (ဃ) ကို အပိုဒ်ခွဲ (ဃ) နှင့် (င) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ပြည်တွင်း၌ နိုင်ငံခြားသုံးငွေ ဝယ်ယူမှု သို့မဟုတ် ရောင်းချမှု လုပ်ငန်း၊

(င) ပြည်တွင်း၌ နိုင်ငံခြားငွေ ဝယ်ယူမှု၊ လဲလှယ်မှု သို့မဟုတ် ရောင်းချမှုလုပ်ငန်း၊

(ဗ) အပိုဒ် ၇ အပိုဒ်ခွဲ (စ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(စ) ပြည်ပသို့ ငွေလွှဲပို့ခြင်းနှင့် ပြည်ပမှ လွှဲပို့သည့်ငွေကို ပြည်တွင်း၌ ထုတ်ပေးခြင်း ဝန်ဆောင်မှုလုပ်ငန်း၊

(ဘ) အပိုဒ် ၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈။ ပြည်တွင်း ကုန်စည်၊ ဝန်ဆောင်မှု သို့မဟုတ် အခြေပစ္စည်း ရောင်းချခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ငှားရမ်းခြင်းတို့အတွက် နိုင်ငံခြားသုံးငွေဖြင့် ဈေးနှုန်း

သတ်မှတ်ခြင်း၊ ပေးချေခြင်း သို့မဟုတ် လက်ခံခြင်းတို့ကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရ မည်။

(မ) အပိုဒ် ၉ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉။ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများအကြား နိုင်ငံခြားငွေ ငွေသား၊ ပေးချေမှု စာချုပ်စာတမ်းများ သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်များအား လက်ရောက်လွှဲပြောင်းခြင်းကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ယ) အပိုဒ် ၁၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၀။ ပုဒ်မ ၉ ပါ လက်ရောက်လွှဲပြောင်းခြင်းမှတစ်ပါး နိုင်ငံခြားသုံးငွေဖြင့် ပေးချေမှု သို့မဟုတ် လွှဲပြောင်းမှုကို နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် ရရှိသူမှတစ်ဆင့် ဆောင်ရွက်ရမည်။

(ရ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၁ နှင့် ၁၂ တို့ကို ပယ်ဖျက်ပါသည်။

(လ) အပိုဒ် ၁၁၊ ၁၂ နှင့် ၁၃ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၁။ နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူ သည် ပုဒ်မ ၇ ပါ လုပ်ငန်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ လုပ်ငန်းအားလုံး ကိုသော်လည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

၁၂။ နိုင်ငံခြားငွေဝယ်ယူ ရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရရှိသူသည် ပုဒ်မ ၇ ပုဒ်မခွဲ (င) ပါ လုပ်ငန်းကိုသာ ဆောင်ရွက်ခွင့်ရှိသည်။

၁၃။ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရရှိသူသည် ပုဒ်မ ၇ ပုဒ်မခွဲ (စ) ပါ လုပ်ငန်း ကိုသာ ဆောင်ရွက်ခွင့်ရှိသည်။

(ဝ) အခန်း (၅) အပိုဒ် ၁၃ ခြေဆင်းကို အပိုဒ် ၁၆ ခြေဆင်းအဖြစ် ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ- ဆိုသည့် စကားရပ် ကို

စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ- ဟု ပြင်ဆင်ပါသည်။

(သ) အပိုဒ် ၁၃ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၁၆ အပိုဒ်ခွဲ (ခ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) သတ်မှတ်ကာလ ကုန်ဆုံးသည့်အခါ မိမိကိုင်ဆောင်ခွင့်ရှိသော နိုင်ငံခြားငွေကို နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူထံ ဈေးကွက်ပေါက်ဈေးနှုန်းအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရမည်။

(ဟ) အပိုဒ် ၁၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၄။ နိုင်ငံခြားငွေ တရားဝင် ကိုင်ဆောင်ထားသူသည် မိမိပိုင်ဆိုင်သော နိုင်ငံခြားငွေကို ပြည်တွင်းရှိ နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူထံ ဗဟိုဘဏ်၏ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဘဏ်ငွေစာရင်း ဖွင့်လှစ်အပ်နှံရမည်။

(ဠ) အပိုဒ် ၁၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၅။ ပြည်တွင်း၌နေထိုင်သူသည် ပြည်ပတွင်ရရှိသော နိုင်ငံခြားသုံးငွေကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ပြည်တွင်းသို့ ပြန်လည်ပေးပို့ရမည့်ပြင် နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း လိုင်စင်ရရှိသူထံ ဘဏ်ငွေစာရင်း ဖွင့်လှစ်အပ်နှံရမည်။

(အ) အပိုဒ် ၁၆ အပိုဒ်ခွဲ (က) ကို အပိုဒ် ၁၇ အပိုဒ်ခွဲ (က) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) နိုင်ငံတော်အတွင်း တရားဝင်ရရှိသော နိုင်ငံခြားသုံးငွေ ရောင်းချခြင်းမှ ရရှိသည့် မြန်မာကျပ်ငွေကို နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကား သည့်

လုပ်ငန်းလိုင်စင်ရရှိသူထံ ဗဟိုဘဏ်၏ စည်းမျဉ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ကျပ်ငွေစာရင်းဖွင့်လှစ် အပ်နှံနိုင်သည်။

( – ) အပိုဒ် ၁၇ ကို အပိုဒ် ၁၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၁၈။ ပြည်တွင်း၌နေထိုင်သူသည် ပြည်ပနိုင်ငံ တစ်ခုခုတွင် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်လိုပါက ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဘဏ်ငွေ စာရင်း ဖွင့်လှစ်ရမည်။

( – ) အပိုဒ် ၁၈ ကို အပိုဒ် ၁၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၁၉။ ပြည်တွင်း၌နေထိုင်သူသည် ပုဒ်မ ၁၈ နှင့်အညီ ပြည်ပတွင် ဘဏ်ငွေ စာရင်း ဖွင့်လှစ်ပါက ယင်းနိုင်ငံခြားငွေစာရင်း အသုံးပြုမှုကိုလည်းကောင်း၊ မိမိ၏ လက်အောက်ခံ ကုမ္ပဏီများ၊ ရုံးခွဲများနှင့် ဆက်စပ်ပုဂ္ဂိုလ်များက ဖွင့်လှစ် ထားသော နိုင်ငံခြားငွေစာရင်း အသုံးပြုမှုကိုလည်းကောင်း ဗဟိုဘဏ်၏ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ နှင့်အညီ ဗဟိုဘဏ်သို့ အစီရင်ခံတင်ပြရမည်။

( – ) အခန်း (၆) ခေါင်းစဉ်ကို ကျပ်ငွေဖြင့် နိုင်ငံတကာလွှဲပြောင်းမှုနှင့်ပေးချေမှုများ ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၂၀ ကို အပိုဒ် ၂၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၂၁။ ပြည်တွင်း၌ နေထိုင်သူနှင့် ပြည်ပ၌ နေထိုင်သူတို့သည် ပြည်တွင်းနှင့် ပြည်ပ နိုင်ငံများအကြား ကျပ်ငွေဖြင့် အောက်ပါလွှဲပြောင်းမှုနှင့် ပေးချေမှုများ ကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ရမည်–

(က) ငွေသားဖြင့် လက်ရောက်လွှဲပြောင်းမှု၊

(ခ) ငွေသားဖြင့် ပေးချေမှု၊

**မူကြမ်း**

(ဂ) အခြား လွှဲပြောင်းမှုနှင့် ပေးချေမှု။

( - ) အခန်း (၇) ခေါင်းစဉ်ကို နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၂ နှင့် ၂၃ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂၂။ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်လိုသူသည် နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုဘဏ်သို့ လျှောက်ထားရမည်။

၂၃။ ဗဟိုဘဏ်သည် ပုဒ်မ ၂၂ အရ လျှောက်ထားမှုကို စိစစ်ပြီး နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( - ) အပိုဒ် ၂၁ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၂၄ အပိုဒ်ခွဲ (ခ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအပါအဝင် တည်ဆဲဥပဒေများကို လိုက်နာရမည်။

( - ) အပိုဒ် ၂၂ အပိုဒ်ခွဲ (က) ကို အပိုဒ် ၂၅ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ သုံးသပ်ချက်နှင့်အတူ ဗဟိုဘဏ်သို့ တစ်လအတွင်း အစီရင်ခံ တင်ပြရမည် ဆိုသည့်စကားရပ်ကို သုံးသပ်ချက်နှင့်အတူ ရက်ပေါင်း ၃၀ အတွင်း ဗဟိုဘဏ်သို့ အစီရင်ခံတင်ပြရမည် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၂ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၂၅ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ သုံးသပ်ချက်နှင့်အတူ ဗဟိုဘဏ်သို့ နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ အစီရင်ခံတင်ပြရမည် ဆိုသည့်စကားရပ်ကို သုံးသပ်ချက်နှင့်အတူ နှောင့်နှေး ကြန့်ကြာမှုမရှိစေဘဲ ဗဟိုဘဏ်သို့ အစီရင်ခံတင်ပြရမည် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၃ ကို အပိုဒ် ၂၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

၂၆။ နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူ သည် ပြည်တွင်း၌ နေထိုင်သူကို နိုင်ငံခြားသုံးငွေဖြင့် ချေးငွေထုတ်ချေး လိုပါက ဗဟိုဘဏ်၏ ခွင့်ပြုချက်ကို ရယူရမည်။

( – ) အပိုဒ် ၂၄ ကို အပိုဒ် ၂၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၂၇။ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် ရရှိသူ သည် နိုင်ငံခြားသုံးငွေဖြင့် အပ်ငွေလက်ခံခြင်း၊ နိုင်ငံခြားသုံးငွေကို ရောင်းဝယ်မှု ပြုခြင်း၊ နိုင်ငံခြားသုံးငွေဈေးကွက်တွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကို ဗဟိုဘဏ် ၏ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင် ရွက်ရမည်။

( – ) အခန်း (၈) အပိုဒ် ၂၆ ကို အပိုဒ် ၂၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၂၉။ ပြည်တွင်း၌နေထိုင်သူ သို့မဟုတ် ပြည်ပ၌နေထိုင်သူသည် ရွှေ သို့မဟုတ် နိုင်ငံခြားသုံးငွေကို ပြည်ပသို့ ယူဆောင်ခြင်း သို့မဟုတ် ပြည်ပမှ ယူဆောင် ခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

( – ) အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ်ခွဲ (က) နှင့် (ခ) တို့ကို အပိုဒ် ၃၀ ခြေဆင်းနှင့် အပိုဒ်ခွဲ (က) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၃၀။ ပြည်တွင်း၌နေထိုင်သူသည်–

(က) စံချိန်မမီရွှေကို ပြည်တွင်း၌ တစ်ကိုယ်ရေ သုံးစွဲခြင်း၊ လက်ရောက် ဝယ်ယူခြင်းနှင့် ရောင်းချခြင်းတို့ကို ဗဟိုဘဏ်၏ ခွင့်ပြုချက် ရယူရန်မလိုဘဲ ဆောင်ရွက်နိုင်သည်။

( – ) အပိုဒ် ၂၇ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၃၀ အပိုဒ်ခွဲ (ခ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

**မူကြမ်း**

(ခ) စံချိန်မမီရွှေကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ပြည်ပသို့ တင်ပို့နိုင်သည်။

( - ) အပိုဒ် ၂၈ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၃၁ အပိုဒ်ခွဲ (ခ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) စံချိန်မီရွှေကို ပြည်တွင်း၌ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ချေးယူခြင်း သို့မဟုတ် ချေးငှားခြင်း၊

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၈ အပိုဒ်ခွဲ (ဃ) ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၂၈ အပိုဒ်ခွဲ (င) ကို အပိုဒ် ၃၁ အပိုဒ်ခွဲ (ဃ) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲကို စံချိန်မမီရွှေ ကို ပြည်ပမှ တင်သွင်းခြင်း ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၈ အပိုဒ်ခွဲ (စ) ကို အပိုဒ် ၃၁ အပိုဒ်ခွဲ (င) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ နိုင်ငံတော်အတွင်း ရွှေကိုလက်ရောက်ဝယ်ယူခြင်း ဆိုသည့် စကားရပ်ကို ပြည်တွင်း၌ ရွှေကို လက်ရောက်ဝယ်ယူခြင်း ဟု ပြင်ဆင်ပါ သည်။

( - ) အခန်း (၉) ခေါင်းစဉ်ကို သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှု ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၉ ကို အပိုဒ် ၃၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၂။ သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုအတွက် ပြည်ပမှ ပြည်တွင်း သို့သော်လည်းကောင်း၊ ပြည်တွင်းမှ ပြည်ပသို့သော်လည်းကောင်း လွှဲပြောင်းမှု နှင့် ပေးချေမှုများကို ဗဟိုဘဏ်က တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကန့်သတ်ခြင်း မပြုရ။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃ဂ ကို ပယ်ဖျက်ပါသည်။

( - ) အခန်း (၁ဂ)ခေါင်းစဉ်ကို ငွေလုံးငွေရင်း စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှု ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

( – ) အပိုဒ် ၃၁ ကို အပိုဒ် ၃၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၃၃။ ဗဟိုဘဏ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သော အရင်းငွေ၊ အတိုးငွေ၊ အမြတ်ခွဲဝေမှုနှင့် အခြားရငွေများကို ပြည်ပသို့ ပြန်လည် လွှဲပြောင်းပေးပို့ ခွင့်ပြုနိုင်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံငွေကို ပြည်တွင်းသို့ အမှန်တကယ် ယူဆောင်လာခြင်း ရှိမရှိ စိစစ်ရမည်။

( – ) အပိုဒ် ၃၂ ကို အပိုဒ် ၃၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၃၄။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံငွေကို ယူဆောင်လာသည့်အခါတိုင်း စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဗဟိုဘဏ်သို့ တင်ပြရမည်။

( – ) အပိုဒ် ၃၃ ကို အပိုဒ် ၃၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၃၅။ ဗဟိုဘဏ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံငွေကို နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက ပြည်ပသို့ ပြန်လည်လွှဲပို့လို ကြောင်း တင်ပြလာလျှင် စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ပြီးနောက် ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ် ခြင်း ပြုနိုင်သည်။

( – ) အပိုဒ် ၃၄ ကို အပိုဒ် ၃၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၃၆။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုကာလ ကုန်ဆုံးလျှင်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်စိတ်တစ်ပိုင်း သို့မဟုတ် လုပ်ငန်းအားလုံး ပိတ်သိမ်းလျှင်ဖြစ်စေ မိမိ၏ ရင်းနှီးမြှုပ်နှံငွေကို မိခင်နိုင်ငံ သို့မဟုတ် တတိယနိုင်ငံသို့ တည်ဆဲဥပဒေနှင့်အညီ လွှဲပြောင်းပေးပို့နိုင်သည်။

**မူကြမ်း**

( – ) အပိုဒ် ၃၅ အပိုဒ်ခွဲ (က) ကို အပိုဒ် ၃၇ အပိုဒ်ခွဲ (က) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(က) ပြည်ပနိုင်ငံတစ်ခုခုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရင်းနှီး မြှုပ်နှံရန် ရင်းနှီးမြှုပ်နှံငွေကို လွှဲပြောင်းလိုပါက ဗဟိုဘဏ်၏ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဗဟိုဘဏ်သို့ တင်ပြရမည်။

( – ) အပိုဒ် ၃၅ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၃၇ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ရင်းနှီးမြှုပ်နှံမှုမှရရှိသော အမြတ်ခွဲဝေမှုများနှင့် ဆိုသည့် စကားရပ်ကို ရင်းနှီးမြှုပ်နှံမှုမှရရှိသော အမြတ်ခွဲဝေမှုနှင့် ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၃၅ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၃၇ အပိုဒ်ခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

( ဂ ) ငွေသားဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြည်ပမှ ချေးငွေရယူလိုပါက ဗဟိုဘဏ်၏ ခွင့်ပြုချက်ကို ရယူရမည်။

( – ) အပိုဒ် ၃၆ ခြေဆင်း ကို အပိုဒ် ၃၈ ခြေဆင်းအဖြစ် ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ လွှဲပြောင်း ပေးချေမှုများနှင့်စပ်လျဉ်း၍ ဆိုသည့်စကားရပ်ကို လွှဲပြောင်း ပေးချေမှုနှင့်စပ်လျဉ်း၍ ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၃၇ ကို အပိုဒ် ၃၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် ဆန့်ကျင်ကွဲလွဲမှုရှိပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပါ ပြဋ္ဌာန်း ချက်ကို လိုက်နာရမည်။

( – ) အခန်း (၁၁) ခေါင်းစဉ်ကို ဗဟိုဘဏ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

( - ) အပိုဒ် ၃၈ ခေါင်းစဉ် ကို အပိုဒ် ၄၀ ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၀။ ဗဟိုဘဏ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ် သည်-

( - ) အပိုဒ် ၃၈ အပိုဒ်ခွဲ (က) ကို အပိုဒ် ၄၀ အပိုဒ်ခွဲ (က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ နိုင်ငံခြားသုံးငွေလုပ်ငန်း တစ်မျိုးမျိုးကို လုပ်ကိုင်ခွင့်ရရှိရန် ဆိုသည့် စကားရပ်ကို နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရန် ဟု ပြင်ဆင်ပါ သည်။

( - ) အပိုဒ် ၃၈ အပိုဒ်ခွဲ (ဃ) ကို အပိုဒ် ၄၀ အပိုဒ်ခွဲ (ဃ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂိုလ်၏ အသားတင် နိုင်ငံခြားသုံးငွေ ပမာဏကို ဆိုသည့် စကားရပ်ကို နိုင်ငံခြားသုံးငွေ လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ၏ အသားတင် နိုင်ငံခြားငွေပမာဏကို ဟု ပြင်ဆင်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၈ အပိုဒ်ခွဲ (င) ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၃၈ အပိုဒ်ခွဲ (စ) ကို အပိုဒ် ၄၀ အပိုဒ်ခွဲ (င) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) ပြည်တွင်း၌နေထိုင်သူ၏ ဘဏ်ငွေစာရင်းသို့ သတ်မှတ်ကာလအတွင်း ယင်း၏ ပို့ကုန်ရငွေ အပြည့်အဝ ဝင်ရောက်ခြင်း မရှိကြောင်း သို့မဟုတ် ယင်းဘဏ်ငွေစာရင်း နှင့်စပ်လျဉ်း၍ ပုံမှန်မဟုတ်သည့် အခြေအနေ တစ်ရပ်ရပ်တွေ့ရှိကြောင်း နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူက တင်ပြလာလျှင် အရေးယူဆောင်ရွက်ခြင်း၊

( - ) အပိုဒ် ၃၈ အပိုဒ်ခွဲ (ဆ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ (စ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ စိစစ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေး ရန် ငြင်းပယ်ခြင်း ဆိုသည့်စကားရပ်ကို စိစစ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

( – ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၈ အပိုဒ်ခွဲ (ဇ) ကို ပယ်ဖျက်ပါသည်။

( – ) အပိုဒ် ၃၈ အပိုဒ်ခွဲ (ဈ) နှင့် (ည) တို့ကို အပိုဒ် ၄၀ အပိုဒ်ခွဲ (ဆ) နှင့် (ဇ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(ဆ) ပုဒ်မ ၃၇ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို စိစစ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) ပုဒ်မ ၃၇ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်ကို စိစစ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( – ) အပိုဒ် ၃၉ အပိုဒ်ခွဲ (က) ကို အပိုဒ် ၄၁ အပိုဒ်ခွဲ (က) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(က) နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရရှိသူထံမှ လိုအပ်သော သတင်းအချက်အလက်များကို တောင်းယူခွင့်ရှိသည်။

( – ) အပိုဒ် ၃၉ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၄၁ အပိုဒ်ခွဲ (ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ဗဟိုဘဏ်က လိုအပ်သည်ဟု ယူဆသော ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

( – ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၀ အပိုဒ်ခွဲ (က) ကို ပယ်ဖျက်ပါသည်။

( – ) အပိုဒ် ၄၀ အပိုဒ်ခွဲ (ခ) နှင့် (ဂ) တို့ကို အပိုဒ် ၄၂ အပိုဒ်ခွဲ (က) နှင့် (ခ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(က) နိုင်ငံခြား သုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားရာတွင် မမှန်ကန်သော စာရွက်စာတမ်းများ၊ သတင်းအချက်အလက်များ တင်ပြခဲ့ကြောင်း ပေါ်ပေါက်ခြင်း၊

(ခ) နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူက လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် ရုပ်သိမ်းပေးပါရန် တင်ပြခြင်း၊

( – ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၀ အပိုဒ်ခွဲ (ဃ) နှင့် (င) ကို ပယ်ဖျက်ပါသည်။

( – ) အပိုဒ် ၄၀ အပိုဒ်ခွဲ (စ) ကို အပိုဒ် ၄၂ အပိုဒ်ခွဲ (ဂ) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ အခွန်လိမ်လည်မှု နှင့် ငွေရေးကြေးရေးဆိုင်ရာပြစ်မှု ဆိုသည့် စကားရပ်ကို အခွန်လိမ်လည်မှု သို့မဟုတ် ငွေရေးကြေးရေးဆိုင်ရာပြစ်မှု ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၄၀ အပိုဒ်ခွဲ (ဆ) ကို အပိုဒ် ၄၂ အပိုဒ်ခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(ဃ) နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူက မိမိတာဝန်များ ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် လုပ်ငန်းတွင် အရှုံးပေါ် ပေါက်၍ လုပ်ငန်းဖျက်သိမ်းရဖွယ်ရှိသည်ဟု ခိုင်လုံသော အထောက် အထားများ တွေ့ရှိခြင်း။

( – ) အခန်း (၁၂) အပိုဒ် ၄၁ ခြေဆင်းကို အပိုဒ် ၄၃ ခြေဆင်းအဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၄၃။ ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူက ပုဒ်မ ၂၄ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် ထိုသူကို အောက်ပါစီမံခန့်ခွဲရေး နည်းလမ်းတစ်ရပ်ဖြင့်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် –

( – ) အပိုဒ် ၄၁ အပိုဒ်ခွဲ (ခ) (ဂ) (ဃ) နှင့် (င) တို့ကို အပိုဒ် ၄၃ အပိုဒ်ခွဲ (ခ) (ဂ) (ဃ) နှင့် (င) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(ခ) နိုင်ငံခြားသုံးငွေလုပ်ငန်း ဆောင်ရွက်ချက်များကို ကန့်သတ်ခြင်း၊

**မူကြမ်း**

(ဂ) သတ်မှတ်သည့် ဒဏ်ကြေး ပေးဆောင်စေခြင်း၊

(ဃ) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(င) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကို ရုပ်သိမ်းခြင်း။

( - ) အပိုဒ် ၄၂ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ (က) တို့ကို အပိုဒ် ၄၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၄။ ပုဒ်မ ၂၃ သို့မဟုတ် ပုဒ်မ ၄၃ အရ ဆုံးဖြတ်ချက်ကို ကျေနပ်မှု မရှိသူသည် ဆုံးဖြတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့သို့ အယူခံနိုင်သည်။

( - ) အပိုဒ် ၄၅ အပိုဒ်ခွဲ (က) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၄၅။(က) ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့သည် ပုဒ်မ ၄၄ အရ အယူခံမှုတွင် ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

( - ) အပိုဒ် ၄၂ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၄၅ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အပြီးအပြတ် အတည်ဖြစ်သည် ဆိုသည့် စကားရပ်ကို အပြီး အပြတ်ဖြစ်သည် ဟု ပြင်ဆင်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၃ ကို ပယ်ဖျက်ပါသည်။

( - ) အခန်း (၁၃) အပိုဒ် ၄၄ ကို အပိုဒ် ၄၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် တစ်မျိုးမျိုးမရှိဘဲ ဆိုသည့် စကားရပ်ကို နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် မရှိဘဲ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၅ ကို အပိုဒ် ၄၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၇။ မည်သူမျှ ရွှေ သို့မဟုတ် နိုင်ငံခြားသုံးငွေကို သတ်မှတ်ချက်များနှင့် အညီမဟုတ်ဘဲ ပြည်ပသို့ ယူဆောင်ခြင်း သို့မဟုတ် ပြည်ပမှ ယူဆောင်ခြင်း မပြုရ။

( – ) အပိုဒ် ၄၆ ကို အပိုဒ် ၄၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၄၈။ ပြည်တွင်း၌နေထိုင်သူမည်သူမျှ ပို့ကုန်ရငွေကို သတ်မှတ်ကာလအတွင်း ပြည်တွင်းရှိ ယင်း၏ ဘဏ်စာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ။

( – ) အပိုဒ် ၄၇ ကို အပိုဒ် ၄၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၄၉။ ပြည်တွင်း၌ နေထိုင်သူမည်သူမျှ ခွင့်ပြုချက်မရှိဘဲ ပြည်ပနိုင်ငံတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုအတွက် ရင်းနှီးမြှုပ်နှံ ငွေကို လွှဲပြောင်းမှု မပြုရ။

( – ) အပိုဒ် ၄၈ ကို အပိုဒ် ၅၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၅၀။ ပြည်တွင်း၌ နေထိုင်သူမည်သူမျှ ခွင့်ပြုချက်မရှိဘဲ ငွေသားဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြည်ပမှ ချေးငွေရယူခြင်း မပြုရ။

( – ) အပိုဒ် ၄၉ ကို အပိုဒ် ၅၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၅၁။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုရ။

( – ) အပိုဒ် ၅၀ ကို အပိုဒ် ၅၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၅၂။ မည်သူမျှ ပြည်တွင်း ကုန်စည်၊ ဝန်ဆောင်မှု သို့မဟုတ် အခြေပစ္စည်း ရောင်းချခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ငှားရမ်းခြင်းတို့အတွက် နိုင်ငံခြား သုံးငွေဖြင့် ဈေးနှုန်းသတ်မှတ်ခြင်း၊ ပေးချေခြင်း သို့မဟုတ် လက်ခံခြင်း တို့ကို

**မူကြမ်း**

စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

( – ) အပိုဒ် ၅၁ကို အပိုဒ် ၅၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၅၃။ ပြည်တွင်း၌ နေထိုင်သူမည်သူမျှ ပြည်ပနိုင်ငံ တစ်ခုခုတွင် နိုင်ငံခြားငွေစာရင်းကို စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ရန် ပျက်ကွက် ခြင်း မရှိစေရ။

( – ) အပိုဒ် ၅၂ ကို အပိုဒ် ၅၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၅၄။ ပြည်တွင်း၌ နေထိုင်သူမည်သူမျှ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများအကြား နိုင်ငံခြားငွေ ငွေသား၊ ပေးချေမှု စာချုပ်စာတမ်းများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များအား လက်ရောက်လွှဲပြောင်းခြင်းမှတစ်ပါး နိုင်ငံခြားသုံးငွေဖြင့် လွှဲပြောင်းမှု သို့မဟုတ် ပေးချေမှုကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူမှတစ်ဆင့် ဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ။

( – ) အပိုဒ် ၅၄ ကို အပိုဒ် ၅၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၅၆။ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမျှ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခံရပြီးနောက် ပုဒ်မ ၂၄ ပုဒ်မခွဲ (က) ကို ထပ်မံဖောက်ဖျက်ခြင်း မပြုရ။

( – ) အပိုဒ် ၅၅ ခြေဆင်းကို အပိုဒ် ၅၇ ခြေဆင်းအဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၅၇။ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိသူမည်သူမျှ ပုဒ်မ ၄၁ အရ
–

( – ) အပိုဒ် ၅၆ ကို အပိုဒ် ၅၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

**မူကြမ်း**

၅၈။ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမျှ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခံရပြီးနောက် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းတို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံဖောက် ဖျက်ခြင်း မပြုရ။

( – ) အခန်း (၁၄) ခေါင်းစဉ်ကို ပြစ်မှုနှင့်ပြစ်ဒဏ်များ ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၅၇ ကို အပိုဒ် ၅၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၅၉။ မည်သူမဆို ပုဒ်မ ၄၆၊ ပုဒ်မ ၄၇၊ ပုဒ်မ ၅၁ သို့မဟုတ် ပုဒ်မ ၅၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သန်း ၅၀၀ မှ အများဆုံး ကျပ်သန်း ၁၀၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

( – ) အပိုဒ် ၅၈ ကို အပိုဒ် ၆၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၆၀။ ပြည်တွင်း၌ နေထိုင်သူမည်သူမဆို ပုဒ်မ ၄၈၊ ပုဒ်မ ၄၉၊ ပုဒ်မ ၅၀၊ ပုဒ်မ ၅၃ သို့မဟုတ် ပုဒ်မ ၅၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်း ခံရလျှင်သော်လည်းကောင်း၊ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် သော်လည်းကောင်း ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သန်း ၅၀ မှ အများဆုံးကျပ် သန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( – ) အပိုဒ် ၅၉ ကို အပိုဒ် ၆၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

**မူကြမ်း**

၆၁။ နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သန်း ၅၀၀ မှ အများဆုံး ကျပ်သန်း ၁၀၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( – ) အပိုဒ် ၆၀ ကို အပိုဒ် ၆၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၆၂။ နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သန်း ၅၀ မှ အများဆုံး ကျပ်သန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

( – ) အပိုဒ် ၆၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်–

၆၃။ နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၅၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သန်း ၃၀ မှ အများဆုံး ကျပ်သန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

( – ) အခန်း (၁၅) အပိုဒ် ၆၄ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်–

၆၄။ ဗဟိုဘဏ် ဥက္ကဋ္ဌသည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် အစီရင်ခံစာအား ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်အစီရင်ခံတင်ပြရမည်။

( – ) အပိုဒ် ၆၁ ကို အပိုဒ် ၆၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ဤဥပဒေပါ ပြစ်မှုများဖြင့် ဆိုသည့်စကားရပ်ကို ဤဥပဒေပါ ပြစ်မှုဖြင့် ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၆၂ ကို အပိုဒ် ၆၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

**မူကြမ်း**

၆၅။ ဤဥပဒေပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

( – ) အပိုဒ် ၆၃ ကို အပိုဒ် ၆၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၆၇။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ ထုတ်ပြန်ခဲ့သည့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

( – ) အပိုဒ် ၆၅ အပိုဒ်ခွဲ (က) ကို အပိုဒ် ၆၉ အပိုဒ်ခွဲ(က) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ နည်းဥပဒေများ ဆိုသည့်စကားရပ်ကို နည်းဥပဒေ ဟု ပြင်ဆင် ပါသည်။

( – ) အပိုဒ် ၆၆ ကို အပိုဒ် ၇၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၇၀။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂ ) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

ခင်မောင်ဝင်း

ဥက္ကဋ္ဌ

ဥပဒေကြမ်းကော်မတီ

## ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နဲ့အညီ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၇-၈-၂၀၂၀ ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကပေးပို့သော ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကပေးပို့လာသော ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၀၁ နဲ့အညီ ၁၀-၇-၂၀၂၀ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေ

ထားပြီးဖြစ်ပါတယ်။ ယင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၂ နဲ့အညီ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် အဆိုတင်သွင်းရမှာဖြစ်ပါတယ်။ ယင်းနည်းဥပဒေများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က ၂၀-၈-၂၀၂၀ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်ကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၇-၈-၂၀၂၀ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

**ဦးအုန်းခင်၊ ပုလောမဲဆန္ဒနယ်ကတင်သွင်းသည့်မြန်မာနိုင်ငံအနှံ့ နှစ်စဉ်တိုး၍ ဖြစ်ပွားလာနေသောရေကြီးရေလျှံမှုများလျော့ပါးသွားစေရန် ရေတိုရေရှည်စီမံချက်များဖြင့်သက်ဆိုင်ပတ်သက်သောဌာနများ ပူးပေါင်းဆောင်ရွက်၍ မြစ်ချောင်းများ ပြုပြင်ထိန်းသိမ်းကာကွယ်မှုများကို စွမ်းအားရှိသမျှဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးအုန်းခင်အား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအုန်းခင်(ပုလောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြပါကုန်သော ဂုဏ်သရေရှိလူကြီးမင်းများ မင်္ဂလာပါခင်ဗျား။ ကျွန်တော်က

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာနှစ်စဉ်လိုလို တိုးတိုးပြီးတော့ဖြစ်ပွားလာနေတဲ့ ရေကြီးရေလျှံမှုများ လျော့ပါးသက်သာသွားစေရန် ရေတိုရေရှည်စီမံချက်များဖြင့် သက်ဆိုင်ရာဌာနများပူးပေါင်း၍ မြစ်ချောင်းများပြုပြင်ထိန်းသိမ်းကာကွယ်မှုများကို စွမ်းအားရှိသမျှကူညီဆောင်ရွက်ပေးကြပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ပစိဖိတ်သမုဒ္ဒရာနဲ့ အိန္ဒိယသမုဒ္ဒရာတို့ကြားမှာရှိတဲ့ ပင်လယ်တွေ ဖြစ်တဲ့ တောင်တရုတ်ပင်လယ်၊ ထိုင်းပင်လယ်ကွေ့၊ ဘင်္ဂလားပင်လယ်၊ ကပ္ပလီပင်လယ်တို့ရဲ့ ရေအပူချိန်ပြောင်းလဲမှု၊ ရေစီးကြောင်းပြောင်းလဲမှုတို့ကြောင့် မုန်တိုင်းဖြစ်ပေါ်ပြီးတော့မိုးရွာသွန်းမှု ကို အဆုံးအဖြတ်ခံနေရတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ ထိုနည်းတူပဲ ကျွန်တော်တို့က ကြီးမားတဲ့ တောင်တန်းဖြစ်တဲ့ ဟိမဝန္တာတောင်ခြေမှာဖြစ်ဖျားခံခဲ့တဲ့ မြစ်ချောင်းတွေစီးဆင်းတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ မိုးရွာသွန်းခြင်းကို ကျွန်တော်တို့စီမံခန့်ခွဲလို့မရနိုင်သေးပါဘူး။ အခြားတစ်ဖက်မှာ ကလည်းပဲ ကျွန်တော်တို့နိုင်ငံဟာ ဆင်းရဲတဲ့နိုင်ငံ၊ မဖွံ့ဖြိုးသေးတဲ့နိုင်ငံဖြစ်ပါတယ်။ ဆင်းရဲတဲ့ထဲမှာ အခြားအပိုဒုက္ခတွေ၊ နဂိုတုတ်ထောက်တွေကိုလည်း နပမ်းလုံးနေရတာကိုတွေ့ရပါတယ်။ အဲဒီကိစ္စ တွေကို လျော့နည်းသွားစေချင်လို့ ဒီအဆိုကိုတင်သွင်းရခြင်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နှုရာဝဲစွဲလဲရာသူခိုးထောင်း ဖြစ်နေကြတာကြာပါပြီ။ ဆေးပညာလောကမှာ စကားပုံရှိပါတယ်။ ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုကောင်း၏လို့ဆိုပါတယ်။ အခုလည်းပဲ ကြိုတင်ကာကွယ်မှု တွေ လုပ်ထားမယ်ဆိုလို့ရှိရင် မိုးကျပြီဆိုတာနဲ့ကယ်ဆယ်ရေးတွေကို မျှော်ရတဲ့ဒုက္ခ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ဒုက္ခမျိုးစုံမကြုံတွေ့ရတော့ဘဲနဲ့ တစ်နည်းအားဖြင့်ကြုံရမယ်ဆိုလို့ရှိရင် သက်သာမယ်ဆိုလို့ ရှိရင် သားရွှေအိုးထမ်းတဲ့ကိန်းကို မြင်ကြရမှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခြင်း ခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်တို့မည်သည်အလွန်တရာမာယာများပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ နည်းပညာရယ်၊ စိတ်

စေတနာရယ်၊ လုပ်အားရယ်ရှိမယ်ဆိုရင် ကျွန်တော်တို့ ကာကွယ်ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ မြစ်ချောင်းတွေဖြစ်ချင်တာဖြစ်နေတာကို လေ့လာကြည့်ခြင်းအားဖြင့် သစ်အလွန်အကျွံခုတ်ယူခြင်းတွေ၊ သတ္တုထုတ်ယူဖို့အတွက် မြေသား၊ မြေစာတွေ၊ တောင်တွေကိုဖြိုချနေတာတွေ။ ဥပမာအားဖြင့် ဖားကန့်၊ ဥရုချောင်းကနေ ဇေ့ခါကိစ္စတွေကို ကျွန်တော်တို့သတိပြုဖို့လိုပါတယ်။ လူဦးရေတိုးတက်များပြားလာတဲ့အတွက်ကြောင့်လည်းပဲ လူတွေကနေရာတွေကို မြစ်ကမ်းဘေးမှာချဲ့ထွင်လာကြပါတယ်။ စီးပွားရေးလုပ်ငန်းလုပ်ဖို့အတွက်လည်း နေရာတွေချဲ့ထွင်ကြရပါတယ်။ လူထုရဲ့စားသောက်နေထိုင်မှုကလည်း ပုံစံပြောင်းလာပါတယ်။ အမှိုက်တွေကိုလည်း မြစ်ချောင်းထဲကိုစွန့်ပစ်ကြပါတယ်။ စွန့်ပစ်တဲ့နေရာမှာလည်း မဆွေးမြည့်နိုင်တဲ့ပစ္စည်းတွေကို အများဆုံးဖြစ်နေတာတွေ့ရပါတယ်။ နောက်တစ်ခုကျတော့ မြစ်ချောင်းတွေပေါ်မှာ တည်ဆောက်ထားတဲ့တံတားအချို့ရဲ့ ဒီဇိုင်းတွေကြောင့် ရေစီးကြောင်းကိုဟန့်တားမှုဖြစ်ပေါ်စေတာကိုတွေ့နေရပါတယ်။ နောက်ဆုံးတစ်ခုကျတော့ ရေလမ်းကြောင်းကို လူတွေတိုးတက်မှုအခြေအနေတွေကြောင့် အသုံးပြုမှုနည်းပါးလာခြင်းအားလည်းပဲ အခက်အခဲတစ်ခုအနေနဲ့တွေ့ရပါတယ်။ ဒါတွေကျွန်တော်တို့ လေ့လာကြည့်တဲ့အခါကျတော့ ဌာနတစ်ခုချင်း၊ တစ်ဦးကောင်းတစ်ယောက်ကောင်းအနေနဲ့ ပြုပြင်လို့တော့မလွယ်တာတွေ့ရပါတယ်။ ဒါတွေမဖြစ်ပွားအောင်၊ လျော့နည်းသက်သာသွားအောင်လုပ်မယ်ဆိုလို့ရှိရင် သစ်တောကပြောင်မသွားရင်ပြန်စိုက်လို့ရတဲ့အနေအထားရှိပါတယ်။ ဒါကြောင့်လည်းပဲ အလျင်အမြန်ပြန်ပြီးတော့ဖွံ့ဖြိုးလာအောင် ဘက်စုံစဉ်းစားပြီး ဆောင်ရွက်ပေးဖို့လိုပါတယ်။ တောကိုပြောင်လို့ပြန်ပြီးတော့စိမ်းလန်းလာပေမဲ့လည်းပဲ တောင်ကိုဖြိုလို့ကတော့ ပြန်ပြီးတော့ဖြစ်မလာနိုင်တော့ပါဘူး။ မြစ်တွေ၊ ချောင်းတွေကို အများဆုံးနဲ့အမြန်ဆုံး သယ်ပို့ချနေမှာဖြစ်လို့ တောင်ဖြိုပြီးလိုချင်တာတွေကိုထုတ်ယူခြင်းကို အမြန်ဆုံးထိန်းသိမ်းကာကွယ်စောင့်ရှောက်ရပါမယ်။ တားဆီးကာကွယ်မှုကို ဆောင်ရွက်ဖို့လိုပါတယ်။ မြို့ရွာများတိုးချဲ့ဖို့မြစ်ချောင်းတွေကိုဖို့ပြီးတော့ နေရာယူခြင်းတို့ကိုတားဆီးရပါမယ်။ စနစ်တကျစီစဉ်ပေးရပါမယ်။ အမှိုက်တွေကို အလွယ်တကူ စွန့်ပစ်ခြင်း

သည် အထူးသဖြင့် မဆွေးမြည့်မပျက်စီးနိုင်တဲ့အရာများ စွန့်ပစ်ခြင်းတွေကို ကျပ်တည်းစွာ တားမြစ်ကြရပါမယ်။ တံတားများရဲ့ဒီဇိုင်းမပြောင်းလဲနိုင်ဘူးဆိုလို့ရှိရင် မြစ်ချောင်း တို့ရဲ့စောက်ကို နက်စွာစီးဆင်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရပါမယ်။ ရေတို့ရဲ့သဘော၊ မြစ်ချောင်းတို့ရဲ့သဘာဝ ဆိုတာက ဒေါင်လိုက်စီးလို့မရရင် အလျားလိုက်စီးသွားတာဖြစ်ပါတယ်။ အလျားလိုက်စီးတာကို ကျွန်တော်တို့ကရေလျှံတယ်လို့ခေါ်ပါတယ်။ ရေကြီးတယ်လို့ခေါ်ပါတယ်။ ရေလျှံရင်းနဲ့ပဲ အားနည်း တဲ့ကမ်းပါးတွေကို တိုက်စားပါတယ်။ ရေစီးဧရိယာနည်းတဲ့အခါကျတော့ အလျင်ကိုတိုးပြီးတော့ စီးပါတယ်။ ဒါကြောင့်မြစ်ကမ်းများတိုး၍ပြိုပါတယ်။ ပြုပြင်ရေး လုပ်ကြတာကလည်းပဲပြောရမယ် ဆိုရင် ဆင်ပါးစပ်နှမ်းပက်သလိုဖြစ်နေတဲ့အထဲမှာ အထွေထွေအားနည်းမှုတွေပါလာတော့ ပိုဆိုးတာ တွေကိုတွေ့ကြရပါတယ်။ ရေလမ်းကြောင်းအသုံးပြုခြင်းကလည်းပဲ မြစ်ချောင်းရေလမ်းကြောင်း တွေကို မသိအသာအကျိုးပြုတာတွေ့ရပါတယ်။ ဒါကြောင့်လည်းပဲ ရေလမ်းအသုံးပြုဖို့အတွက် တိုက်တွန်းအားပေးသင့်ပါတယ်။ မြစ်ချောင်းတွေမှာ လိုအပ်တဲ့အနက်ပေရရှိမှသာလျှင် မှန်ကန်တဲ့ ရေစီးကြောင်းနဲ့ လိုအပ်တဲ့ရေစီးနှုန်းကိုရရှိမှာ ဖြစ်ပါတယ်။ မလိုလားအပ်တဲ့ အိုမီဂါအကွေ့တွေကို လည်းပဲ ရေလမ်းကြောင်းပြောင်းရင် ရေလမ်းတိုသည့်ရေလမ်းကြောင်းပြောင်းခြင်း၊ ရေလမ်းကိုတို စေခြင်းဖြင့် ရေကြီးခြင်းမှကင်းဝေးစေနိုင်မှာ ဖြစ်ပါတယ်။ အခုလက်ရှိမှာသန်လျင်မြစ်ဝမှာ သောင်ထွန်းနေမှုကြီးမားလာတာကြောင့် ပင်လယ်ရေ ရေထရက်တွေမှာဆိုရင် မော်လမြိုင်– သံဖြူဇရပ်ကားလမ်းမှာ ရေကြီးတာတွေဟာ နှစ်စဉ်ဆိုသလို ဖြစ်နေပါပြီ။ ထိုနည်းတူစွာပဲ ထားဝယ်မြစ်ရဲ့မြစ်ဝမှာ နှုန်းပို့ချမှုကြောင့်နှစ်စဉ်လိုလို ထားဝယ်မှာ ရေကြီးတာဖြစ်လာပါပြီ။ ဒီနေရာတွေမှာ မြစ်ကိုပြန်ဖော်ဖို့ဆိုလို့ရှိရင် မြစ်အထက်ကသဲတို့၊ ကျောက်တို့ကို ဘယ်နေရာမှာ ဖယ်ထုတ်မလဲ၊ ဘယ်လိုစုပုံမှာလဲဆိုတဲ့ ပြဿနာရှိလာပါတယ်။ မြစ် သဲ၊ ကျောက်၊ နုန်းတွေကို လိုချင်တဲ့သူတွေ နေရာများစွာမှာ ရှိနေကြပါတယ်။ စီမံခန့်ခွဲမှု ကောင်းကောင်းနဲ့လုပ်ပေးဖို့ရယ်၊ စိတ်စေတနာသန့်သန့်နဲ့ မှန်မှန်ကန်ကန်လုပ်ပေးဖို့သာ အဓိကကျပါတယ်။ မြစ်ချောင်းထဲမှာ ဟိုဟာ

ရှိတယ်၊ ဒီဟာရှိတယ်ဆိုတဲ့စကားတွေနဲ့ တွေဝေပြီးတော့ မလုပ်ချင်မကိုင်ချင်ဖြစ်နေရင်တော့ ကျွန်တော်တို့နိုင်ငံသားတွေဟာ ကံမကောင်းသေးဘူးလို့ပဲ ဆိုရမယ့်ကိန်း ဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်းပဲ သဲဝယ်လိုသူတွေကို တနင်္သာရီ၊ ထားဝယ်၊ ရန်ကုန်၊ သန်လျင် ဧရာဝတီမြစ်ဝတွေမှာရှိတဲ့ ရေလမ်းမှာ ပိတ်ဆို့နေတဲ့သဲသောင်တွေကို စနစ်တကျတူးဖော်ယူစေခြင်းဖြင့်ကိုလည်း စဉ်းစားတန်က စဉ်းစားရမှာဖြစ်ပါတယ်။ ပြည်တွင်းမှာ ရှိတဲ့မြစ်၊ သဲ၊ ကျောက်စုပ်ယူမှုတွေကိုလည်း သင့်လျော်တဲ့နေရာတွေမှာသာ ထိန်းချုပ်ထုတ်ယူ စေခြင်းအားဖြင့်ကြပ်မတ်ရပါလိမ့်မယ်။ ဒါတွေအားလုံးကို အတိုချုပ်လိုက်မယ်ဆိုရင် ချောင်းဖျား၊ မြစ်ဖျားကနေပြီးတော့ တောင်ဖြိုမြေဖြိုနေသူကနေအစ၊ တောင်ယာခုတ်သူနဲ့ မြို့ရွာမြေအသုံးချသူ တို့အလယ်၊ စိုက်ပျိုးမွေးမြူရေးနဲ့ခရီးသွားလာရေးအဆုံး အားလုံးတိုက်ရိုက်ပဲဖြစ်စေ၊ သွယ်ဝိုက်သော ဖြစ်စေ ပါဝင်ပတ်သက်နေသူများက ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ စေတနာရှင်များအပါအဝင် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ ဝိုင်းဝန်းပြုပြင်ထိန်းသိမ်းကာကွယ်မှုများကို စွမ်းအားရှိသမျှမခိုမကပ်ပဲ စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ပေးမှသာလျှင် မိုးရာသီရောက်တိုင်း စိတ်ပူပင်မှုမရှိ နေနိုင်ထိုင်နိုင်အောင်ဆောင်ရွက်ပေးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းလိုက်ရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးအုန်းခင်တင်သွင်းသွားတဲ့အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဦးခမ်း( သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ဒီကနေ့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင်တင်သွင်းတဲ့ ရေကြီးရေလျှံမှုနဲ့ မြစ်ချောင်းများပြုပြင်ထိန်းသိမ်းရေး

ကာကွယ်မှုများဆိုင်ရာအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးများဖြစ်ကြတဲ့ မုန်တိုင်းဖြစ်ပေါ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံဖြစ်ပေါ်ခြင်း ထိုမှတစ်ဆင့် လူနဲ့တိရစ္ဆာန်များရွှေ့ပြောင်းရခြင်း၊ အသက်အန္တရာယ်ဖြစ်ပေါ်စေခြင်း၊ စိုက်ပျိုးမြေနဲ့စိုက်ပျိုးသီးနှံများဆုံးရှုံးသွားရခြင်း စတဲ့ဘေးအန္တရာယ်တွေကို နှစ်စဉ်ကြုံတွေ့နေရပါတယ်။ ရေကြီးရေလျှံမှုနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာရတဲ့အကြောင်းအရင်းကိုဆန်းစစ်ကြည့်တဲ့အခါမှာ (၁) ရာသီဥတုဖောက်ပြန်ခြင်းကြောင့်လည်းကောင်း၊ (၂) လူသားတို့ကြောင့်လည်းကောင်းဖြစ်ပေါ်လာခြင်း ဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ရေကြီးရေလျှံဖြစ်ရတယ်ဆိုရာမှာကမ္ဘာကြီးပူနွေးလာမှုကြောင့်ပင်လယ်ရေမြင့်တက်လာရပြီးရေဘေးအန္တရာယ်ကိုဖြစ်စေပါတယ်။ ဆူနာမီကြောင့်ရေလှိုင်းကြီးတွေကြီးမားလာစေပါတယ်။ မုန်တိုင်းကြောင့် ဒီရေတွေတက်လာရပါတယ်။ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းလာရပါတယ်။ နောက်တစ်ခု လူသားကြောင့်ရေကြီးရေလျှံဖြစ်ရတယ်ဆိုရာမှာ အဓိကပြဿနာကရေလမ်းကြောင်းများပိတ်ဆို့သွားစေခြင်း ဖြစ်ပါတယ်။ အဲဒီထဲမှာ ရေမြောင်းတွေ၊ ချောင်းတွေ၊ မြစ်တွေကွေ့ကောက်လွန်းခြင်း၊ တာတမံ၊ မြစ်ကူးတံတားတွေ တည်ဆောက်တဲ့နေရာမှာ နည်းပညာပိုင်းဆိုင်ရာအားနည်းခြင်း၊ စိုက်ပျိုးရေးကို စနစ်တကျဆောင်ရွက်ထားနိုင်မှုအားနည်းခြင်း၊ မြို့ပြအခြေခံတည်ဆောက်မှု (Town Plan) မရှိခြင်း၊ သစ်တောပြုန်းတီးအောင်ပြုလုပ်ခြင်း၊ စနစ်ကျတဲ့အမှိုက်စွန့်ပစ်မှုအားနည်းခြင်း၊ ရေပြွန်တပ်ဆင်မှု၊ အသုံးပြုမှုတွေအားနည်းခြင်း၊ သယံဇာတ၊ တွင်းထွက်များထုတ်လုပ်ရာမှာ စည်းမဲ့ကမ်းမဲ့ထုတ်နေကြခြင်း စသည်တို့ကြောင့် ရေကြီးရေလျှံဖြစ်ပေါ်လာရခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ပထဝီဝင်အနေအထားအရ ဘင်္ဂလားပင်လယ်အော် အတွင်းမှာဖြစ်ပေါ်နေတဲ့ လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်းကြီးငယ်များအဖြစ် ပြောင်းလဲစေပြီး မြန်မာနိုင်ငံရဲ့ အနောက်ဘက်ခြမ်းဒေသတွေဖြစ်တဲ့ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊

မန္တလေးတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့မှာ ရေကြီးရေလျှံမှုများဖြစ်ပေါ် လာစေပါတယ်။ နောက်တစ်ခု တောင်တရုတ်ပင်လယ်နဲ့ ဖိလစ်ပိုင်ပင်လယ်တွေမှာ နှစ်စဉ်လေဖိအား ရပ်ဝန်းများ၊ မုန်တိုင်းကြီးငယ်များဖြစ်ပေါ်ပြီး မြန်မာနိုင်ငံရဲ့အရှေ့ဘက်ခြမ်းဒေသတွေဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်း ဒေသကြီးတွေမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ထိုသို့သောရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးမြေများပျက်စီး ဆုံးရှုံးမှု၊ စိုက်ပျိုးသီးနှံများဆုံးရှုံးမှု၊ လူ့အသက်ဘေးအန္တရာယ်ဖြစ်စေမှု၊ ရေဘေးသင့်ဒုက္ခသည်များ အဖြစ် နေရာပြောင်းရွှေ့ရမှု၊ အဆောက်အဦများပျက်စီးဆုံးရှုံးမှုများ နှစ်စဉ်ကြုံတွေ့နေရပါတယ်။ ထို့အပြင် ပိတ်ခဲ့ရတဲ့ကျောင်းတွေကလည်းပဲ အများကြီးတွေ့နေရတာရှိပါတယ်။ ထို့အပြင် နောက်ဆက်တွဲသက်ရောက်မှုတွေအနေနဲ့ လူသားတို့ရဲ့ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ ရေမှတစ်ဆင့်ရတဲ့ရောဂါများ ဥပမာ– အူရောင်ငန်းဖျား၊ ကာလဝမ်း၊ အသဲရောင်အသားဝါ၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေးစသည်ဖြင့်၊ နောက် မြစ်ချောင်း၊ အင်းအိုင်၊ မြစ်ကမ်းပါးမြေဆီလွှာ သစ်ပင်တွေရဲ့ သဘာဝအနေအထားကနေ ပျက်ယွင်းသွားခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားခြင်း၊ လူမှုစီးပွားရေးစနစ်၊ ဈေးကွက်စနစ်ပျက်စီးသွားခြင်းစသည်တို့ကို ရင်ဆိုင်နေရပါတယ်။ ဒါကြောင့်မို့လို့ ယင်းသဘာဝဘေးအန္တရာယ်ကိုတားဆီးရန် မဖြစ်နိုင်သော်လည်း ကြိုတင် ကာကွယ်မှုနှင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စနစ်တကျစီစဉ်ဆောင်ရွက်ရန် အထူးအရေးကြီး လိုအပ်နေပါတယ်။ စနစ်တကျစီစဉ်ဆောင်ရွက်ထားပါမှလည်းပဲ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသွားစေမှာ ဖြစ်ပါတယ်။ ထို့အပြင် ဓာတ်သတ္တုတွင်းနှင့် ထုတ်လုပ်တဲ့နေရာမှာ လည်းကောင်း၊ သစ်တောနှင့်သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရာမှာလည်းကောင်း၊ မြို့မြေ ချဲ့ထွင်ခြင်း၊ မြို့သစ်တည်ဆောက်ခြင်း၊ ရေစီးရေလာစနစ်၊ အမှိုက်စွန့်စနစ်တို့တွေမှာ တိကျတဲ့ မူဝါဒတွေ၊ ဥပဒေ၊ နည်းဥပဒေတွေနဲ့ သတ်မှတ်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ အဓိကအရေးကြီး အချက်ထဲက ရေကြီးရေလျှံမှုကိုခန့်မှန်းရန်နှင့် သတိပေးချက်များကို သက်ဆိုင်ရာဌာနက ထုတ်ပြန်

**မှုကြမ်း**

ပေးဖို့လည်းလိုအပ်ပါတယ်။ သဘာဝဘေး ကြိုတင်ပြင်ဆင်မှု၊ ပံ့ပိုးမှုများနှင့် အစိုးရရဲ့လမ်းညွှန်ချက်များကိုရရှိပြီး လူထုကလည်းလိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ရေကြီးရေလျှံမှုကို ထိန်းချုပ်နိုင်ရန် နည်းလမ်းများပံ့ပိုးပေးခြင်း ဥပမာ– သစ်ပင်စိုက်တာ၊ လေ့ကားထစ်စိုက်ပျိုးရေးစနစ်စသည်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ထားဖို့လိုအပ်ပါကြောင်းဆွေးနွေးရင်း ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးအုန်းခင် တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးအုန်းခင်၊ ပုလောမဲဆန္ဒနယ်က တင်သွင်းသော မြန်မာနိုင်ငံအနှံ့ နှစ်စဉ်တိုး၍ဖြစ်ပွားလာနေသော ရေကြီးရေလျှံမှုများလျော့ပါးသွားစေရန် ရေတိုရေရှည်စီမံချက်များဖြင့် သက်ဆိုင်ပတ်သက်သော ဌာနများ ပူးပေါင်းဆောင်ရွက်၍ မြစ်ချောင်းများပြုပြင်ထိန်းသိမ်းကာကွယ်မှုများကို စွမ်းအားရှိသမျှ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးအုန်းခင် ပုလောမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေ နဲ့ ၂၆-၈-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က နိုင်ငံတော်သမ္မတ၏အထူးရန်ပုံငွေဖြင့် ထူထောင်ထားသည့် လူမှုကွန်ရက်စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့(SMMT)နှင့် Facebook Team တို့၏ ဆောင်ရွက်မှုသည် လူမှုကွန်ရက်များအသုံးပြုသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများအပေါ် မျှတမှုမရှိခြင်းကြောင့် လူမှုကွန်ရက်တွင် မကျေနပ်မှုအမုန်းစကားများ တိုးပွားလာပြီး အမျိုးသား ရင်ကြားစေ့ရေးနှင့် တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရေးတို့ကို ထိခိုက်ပျက်စီးစေနိုင်သဖြင့် SMMT နှင့် Facebook Team တို့က မည်သည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒများဖြင့် မည်သို့အရေးယူဆောင်ရွက်နေသည်ကို ပွင့်လင်းစွာ ရှင်းလင်းတင်ပြပြီး တရားမဲ့မှု မဖြစ်အောင် အချိန်မီထိန်းကျောင်း ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးသောင်းအေးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေးပါ။ Power Point သုံးစွဲခွင့်ပြုပါ။ ကျွန်တော်ရဲ့အဆိုက နိုင်ငံတော်သမ္မတရဲ့အထူးရန်ပုံငွေနဲ့ ထူထောင်ထားတဲ့ လူမှုကွန်ရက်စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့(SMMT)နဲ့ Facebook တို့ရဲ့ ဆောင်ရွက်မှုသည် လူမှုကွန်ရက်များ အသုံးပြုနေသည့်လူပုဂ္ဂိုလ်အဖွဲ့အစည်းများအပေါ် မျှတမှုမရှိခြင်းကြောင့် လူမှုကွန်ရက်တွင် မကျေနပ်မှုအမုန်းစကားများ တိုးပွားလာပြီး အမျိုးသားရင်ကြားစေ့ရေးနှင့် တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပရေးတို့ကို ထိခိုက်ပျက်စီးစေနိုင်သဖြင့် SMMT နှင့်

Facebook Team တို့က မည်သည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒများဖြင့် မည်သို့ အရေးယူဆောင်ရွက်နေသည်ကို ပွင့်လင်းစွာရှင်းလင်းတင်ပြပြီး တရားမဲ့မှုများမဖြစ်အောင် အချိန်မီ ထိန်းကျောင်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ပါတီစုံဒီကရေစီခေတ်မှာ လက်ရှိအစိုးရဟာ Facebook နဲ့ အခြား Social Media တွေကို ဥပဒေနှင့်အညီ စောင့်ကြည့်ထိန်းကျောင်းမှုပြုလုပ်နိုင်ဖို့အတွက် Social Media Monitoring Team(SMMT)ကို ၂၃-၈-၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ်(၁၆/၂၀၁၇)က သဘောတူခွင့်ပြုခဲ့ပါတယ်။ ဒီအတွက် နိုင်ငံတော်သမ္မတရုံး က ၇-၂-၂၀၁၈ ရက်နေ့မှာ SMMT ကို ဖွဲ့စည်းပေးခဲ့တယ်လို့ သိရပါတယ်။ ဒီအဖွဲ့ရဲ့လုပ်ငန်း ဆောင်ရွက်ဖို့အတွက် လိုအပ်တဲ့နည်းပညာနှင့်စက်ပစ္စည်းများဝယ်ယူဖို့ ငွေကျပ် ၆၄၂၆ သန်းကို နိုင်ငံတော်သမ္မတရဲ့အထူးရန်ပုံငွေမှ သုံးစွဲခွင့်ပြုခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုရှိ/မရှိနှင့် နိုင်ငံတော်သမ္မတရုံးရဲ့ အထူးရန်ပုံငွေသုံးစွဲမှုမူဝါဒနှင့် ကိုက်ညီခြင်းရှိ/မရှိ မိတ္ထီလာမဲဆန္ဒနယ်က ဒေါက်တာမောင်သင်းက ၂၀-၁-၂၀၁၈ ရက်နေ့က လွှတ်တော်မှာ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ပါတယ်။ ဒုတိယဝန်ကြီးက ဒီအဖွဲ့ ဖွဲ့စည်းတာနဲ့ပတ်သက်ပြီးတော့ ဥပဒေနှင့်ကိုက်ညီကြောင်းနှင့် နိုင်ငံတော်သမ္မတရဲ့အထူး ရန်ပုံငွေသုံးစွဲတာလည်း မူဝါဒနှင့်ကိုက်ညီကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉၊ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၇၅၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ အပိုင်း(၄)တို့နဲ့ ကိုးကားဖြေဆို ခဲ့ပါတယ်။ ဒီကိစ္စက ဂန့်ဂေါမဲဆန္ဒနယ်က ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကစပြီး လွှတ်တော်ထဲကို ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ ဒီအဆိုကို စတင်ဆွေးနွေးစဉ်က အစိုးရအနေနဲ့ ပြည်သူလူထုရဲ့ IT နည်းပညာအသုံးပြုမှုကို ဘယ်သူတွေနဲ့ ဘယ်လို စောင့်ကြည့်ထိန်း ကျောင်းမှာလဲဆိုတဲ့ မေးခွန်းတွေ ဖြစ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘယ်လိုကြံရွယ်ချက်ရှိလို့ ဒီစောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့(SMMT)ကို ဖွဲ့တာဖြစ်ပါစေ။ နိုင်ငံတော်နှင့် နိုင်ငံသားကောင်းကျိုးအတွက်လုပ်တဲ့လုပ်ရပ်ဖြစ်ရင် ကြိုဆိုရမှာ ဖြစ်ပါတယ်။ လုပ်တဲ့လုပ်ဆောင်ချက်ဟာ မှန်ကန်တယ်။ မျှတတယ်ဆိုရင် ပိုပြီးကြိုဆိုထောက်ခံ ရမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာက ဖြေကြားတင်ပြချက်တွေအရ စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့ ဟာ Facebook၊ Messenger၊ Twitter စတဲ့ လူမှုကွန်ရက်တွေကတစ်ဆင့် လူငယ်၊ လူရွယ်တွေရဲ့ အကျင့်စာရိတ္တပျက်ပြားစေမှု၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို ထိပါးစေမယ့် အပြုအမူဆောင်ရွက်ချက်တွေကိုစောင့်ကြည့်ထိန်းကျောင်းမယ်လို့ သိရပါတယ်။ ယခုလိုဥပဒေနှင့်အညီ ဖွဲ့စည်းထားတဲ့ စောင်ကြည့်ထိန်းကျောင်းရေးအဖွဲ့ဟာ လူငယ်၊ လူရွယ်တွေရဲ့အကျင့်စာရိတ္တပျက်ပြားစေတဲ့ Social Media တွေကို ထိန်းကျောင်းနိုင်ပါပြီလား။ မောင်နှင့်နှမ၊ သားနှင့်အမိ၊ မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်တဲ့ Media သတင်းတွေ ပိတ်သိမ်းနိုင်ပါပြီ လား။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အဆင့်အတန်းနိမ့်ကျတဲ့စကားလုံးများနှင့် ပြောဆို တိုက်ခိုက်ထိုးနှက်မှုတွေ လျော့ကျသွားပါပြီလား။ အမုန်းစကားများ လျော့ပါးသွားပြီလား။ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်ပြီလားလို့ ဆန်းစစ်ဖို့လိုအပ်နေပါ ပြီ။ ဒီအလုပ်တွေ ဖြစ်မြောက်အောင် ပြည်သူလူထုကို ပညာပေးခြင်း၊ သတိပေးနှိုးဆော်ခြင်းတွေ ဘယ်လောက်လုပ်ပြီးပါပြီလဲ။ Social Media ဝန်ဆောင်မှုပေးတဲ့ကုမ္ပဏီတွေနဲ့ပူးပေါင်းပြီးတော့ တည်ဆဲဥပဒေများနဲ့ ငြိစွန်းနေတဲ့ကိစ္စရပ်တွေအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းတွေက အရေးယူဆောင်ရွက်နိုင်အောင် ဘယ်လောက်လုပ်ပြီးပါပြီလဲ။ ဘယ်လိုလုပ်နေပါသလဲ။ ဘယ်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒတွေကို ကျင့်သုံးနေသလဲလို့ ပြည်သူတွေသိလိုနေကြပါ တယ်။ ဒုတိယဝန်ကြီးပြောတဲ့ ဆက်သွယ်ရေးဥပဒေပုဒ်မ ၇၅ အရ သတင်းအချက်အလက်ရယူဖို့ ဆိုရင် အဲဒီပုဒ်မထဲမှာပါတဲ့ နိုင်ငံသားများရဲ့မူလအခွင့်အရေးကို မထိခိုက်စေရ ဆိုတဲ့စာသားကို သတိပြုဖို့လိုအပ်ကြောင်း ပြောလိုပါတယ်။

**မူကြမ်း**

ဒါ့အပြင် မင်းဘူးမဲဆန္ဒနယ်က ဦးဝင်းဝင်းက ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)(ဂ)(ဃ)မှာ နိုင်ငံသားတစ်ဦးရဲ့လွတ်လပ်မှုနဲ့ လုံခြုံမှုကို အနှောင့်အယှက်ဖြစ်စေတဲ့၊ လူ့ဂုဏ်သိက္ခာကိုထိခိုက်စေတဲ့ နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်းမပြုရ။ ကြားဖြတ်ဖမ်းယူနားထောင်ခြင်း၊ အချက်အလက်တောင်းယူခြင်း၊ ထုတ်ပေးခြင်းမပြုရဆိုတာတွေနဲ့ မဆန့်ကျင်ဖို့ဆွေးနွေးခဲ့တာ ကြားခဲ့ရပါတယ်။ ဒီပြဋ္ဌာန်းချက်တေ့ွက မြန်မာနိုင်ငံရဲ့တည်ဆဲဥပဒေတွေ ဖြစ်ပါတယ်။ ဒုတိယဝန်ကြီးက နိုင်ငံတကာမှာကျင့်သုံးနေတဲ့ Open Source Intelligence ဆိုတာကိုအသုံးပြုပြီး ဒီလိုစောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်တာဖြစ်တယ်လို့ ပြောဆိုနေတာ တွေ့ရပါတယ်။ ကျွန်တော်မကြာခဏတင်ပြဖူးပါတယ်။ International ဆိုတဲ့ နိုင်ငံတကာစံဟာ ကိုယ့်နိုင်ငံမှာ အံဝင်ဂွင်ကျဖြစ်ချင်မှဖြစ်ပါမယ်။ အတိုက်ခိုက်တွေများနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ အရာရာကို ပုံတူကူးလို့မရပါဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်အခြေအနေနဲ့သင့်တော်ပြီး သုံးသင့်တာပဲ သုံးရမှာပဲ ဖြစ်ပါတယ်။ Open Source Intelligence လို့ ဘယ်လိုပဲပြောပြော သာမန်မဟုတ်ဘဲ အဆင့်မြင့်နည်းပညာနှင့် နောက်ယောင်ခံစောင့်ကြည့်တာ၊ စုံထောက်တာ၊ ကြားဖြတ်ဖမ်းယူလုပ်ဆောင်တာတွေဟာ တည်ဆဲဥပဒေတွေကို ကျော်လွန်တဲ့လုပ်ဆောင်မှုလို့ အသိရှိဖို့ လိုအပ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ဥပဒေတွေကို နိုင်ငံသားတိုင်းက လေးစားလိုက်နာရမှာဖြစ်ပါတယ်။ ဒီကိစ္စတွေကို ဒုတိယဝန်ကြီးက နိုင်ငံတော်အကြီးအကဲရဲ့မူအရ ထိုက်သင့်တဲ့အချိန်မှာတော့ ထိုက်သင့်တဲ့အတိုင်းအတာအထိ လွှတ်တော်ကို အသိပေးသွားမယ်လို့ ဆိုထားတဲ့အတွက် မကြာမီပြီးဆုံးတော့မယ့် ကျွန်တော်တို့ရဲ့လွှတ်တော်သက်တမ်းမှာ ရှင်းလင်းတင်ပြရန် အချိန်အနည်းငယ်သာ ကျန်တော့တဲ့အတွက် ရှင်းလင်းပေးရန် အချိန်တန်ပြီလို့ ယူဆလို့ ဒီအဆိုကို ကျွန်တော်တင်သွင်းခြင်းလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုကွန်ရက်စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့ကို ဘယ်သူတွေ၊ ဘယ်မူနဲ့ ဘယ်လိုလုပ်ကိုင်နေတယ်ဆိုတာ မသိရပေမဲ့ ဖွဲ့စည်းပြီးတဲ့နောက် လူမှုကွန်ရက်အသီးသီးမှာ

တော့ လူငယ်၊ လူရွယ်တွေ အကျင့်စာရိတ္တပျက်ပြားစေတဲ့အကြောင်းအရာများနှင့် နိုင်ငံတော် လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိပါးစေတဲ့အကြောင်းအရာ များ၊ အမုန်းစကားများဟာ မြန်မာ့ယဉ်ကျေးမှု ကိုယ်ကျင့်သီလများနှင့် ဖီလာဆန့်ကျင့်ပြီး တိုးပွား နေတာ တွေ့နေရပါတယ်။ ယခုရက်ပိုင်း ဂျာနယ်တစ်စောင်ရဲ့ဆောင်းပါးတစ်ခုမှာဆိုရင် Messenger Group၊ Viber Group များ လျှို့ဝှက်ထူထောင်ပြီး အချင်းချင်း Sex Movie များ ဖြန့်ဝေခြင်း၊ လျှို့ဝှက် Facebook Page များထောင်ပြီး အမှောင်လောကတည်ဆောက်ခြင်း၊ အမျိုးသား၊ အမျိုးသမီးများ အကောင့်တုများဖွင့်ပြီး အပြန်အလှန်ဆက်သွယ်ခြင်းတွေ ပြုလုပ်လာလို့ Sex Movie များကိုလည်းပဲ လစဉ်ငွေကြေးနဲ့စီးပွားရှာနေသူများ တိုးပွားလာကြောင်း ဖော်ပြထားတာ တွေ့ရပါ တယ်။ ဒီကနေတစ်ဆင့် လူတွေဟာ အကျင့်စာရိတ္တပျက်ပြားလာကြပြီး သက်ငယ်မုဒိမ်းမှုကအစ မှုခင်းတွေဖြစ်ပွားမှုတိုးနေခြင်းလည်း ဖြစ်ပါတယ်။ လူငယ်၊ လူရွယ်တွေရဲ့အကျင့်စာရိတ္တမပျက်ပြား အောင်ရည်ရွယ်ထားတာမှန်ရင် ယခုတင်ပြထားတဲ့ကိစ္စတွေကို လက်ရှိထူထောင်ထားတဲ့ စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့ကြီးက စနစ်တကျစောင့်ကြည့်ထိန်းကျောင်းရမယ်လို့ ထင်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သာမန်ပြည်သူတွေသုံးစွဲနေတဲ့ Website တွေ၊ Facebook Account တွေ၊ Messenger တွေ၊ ပါတီအသီးသီးက အသုံးပြုနေတဲ့ အကောင့်တွေ၊ Page တွေ၊ Website တွေ၊ လိုင်းပေါ်မှာသာမန်ကြည့်ရင် ရည်ရွယ်ချက်အမျိုးမျိုး၊ ဦးတည်ချက်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးနဲ့ တွေ့ရပါ တယ်။ လက်ရှိ Social Media တွေ စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့ရဲ့လုပ်ဆောင်မှုဟာ ဒီအခြေ အနေကို တွေ့ရတာကတော့ Facebook အနေနဲ့ အကောင့်တေ ွ၊ Page တွေကို အမုန်းစကားတွေ ဖြန့်ဝေမှု၊ Community Standardနဲ့မကိုက်ညီလို့ စတဲ့အကြောင်းပြချက်နဲ့ ဖြစ်စေ၊ အကြောင်းမပြဘဲဖြစ်စေ ပိတ်သိမ်းတာ၊ ဖြုတ်ချတာတွေ တွေ့ရပါတယ်။ ဒီလိုပိတ်သိမ်း ဖြုတ်ချတာတွေကို ကြည့်ရင်လည်း တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် နိုင်ငံရေးပါတီအချို့ရဲ့

အကောင့်တွေ၊ အစိုးရရဲ့အားနည်းချက်ကို ဝေဖန်ထောက်ပြတဲ့ ပြည်သူတွေရဲ့အကောင့်တွေကို ပိတ်သိမ်းနေတာ တွေ့မြင်ရပြီး ဘာသာတရားကို စော်ကားပုတ်ခတ်မှု၊ လူပုဂ္ဂိုလ်နှင့် နိုင်ငံရေးပါတီတချို့ကို အကြောင်းမဲ့သတင်းအမှားများနဲ့ လုပ်ကြံဖန်တီးပြီး တိုက်ခိုက်မှုတွေ၊ အဆင့်အတန်းနိမ့်ပါးတဲ့ ယုတ်ရင်းကြမ်းတမ်းတဲ့စကားလုံးတွေနဲ့ ရုပ်ပုံတွေအသုံးပြုတိုက်ခိုက်မှုတွေကိုတော့ Report တင်ရင်တောင်မှ ဂရုမစိုက်၊ မပိတ်သိမ်း၊ မဖြုတ်ချဘဲ ခွင့်ပြုနေတာတွေ့ရပါတယ်။ ဥပမာအားဖြင့် ကျွန်တော့်တွေ့ကြုံမှုတစ်ခုကို တင်ပြပါမယ်။ ကျွန်တော်ရဲ့အင်တာဗျူးတစ်ခုကပုံကိုယခုလို မဟုတ်မမှန်လုပ်ကြံဖြန့်ချိတာ ခံခဲ့ရပါတယ်။ ဒါကို သတင်းကောင်စီကို တိုင်ကြားခဲ့ပေမဲ့ အဆင်မပြေခဲ့ပါဘူး။ နောက်တစ်ခုက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီက ပြောရေးဆိုခွင့်ရှိသူ ဒေါ်ယဉ်မင်းမင်းစုရဲ့ ရှစ်နှစ်လောက်သုံးထားတဲ့ Facebook Account ကိုလည်း အကြောင်းအရာ ခိုင်ခိုင်မာမာမပြဘဲ ဖြုတ်ချပိတ်သိမ်းခြင်းခံရသလို ဒီသတင်းကိုတင်တဲ့ ပြည်သူတစ်ဦးရဲ့အကောင့်ကိုလည်း Facebook က ဖြုတ်ချခဲ့တာ၊ Post ကိုလည်း ပိတ်ပင်ခဲ့တာ တွေ့ရပါတယ်။ အလားတူဖြစ်စဉ်ပေါင်းများစွာဖြစ်နေတဲ့အတွက် ထွက်ပေါ်နေတဲ့ ပြည်သူရဲ့အသံဟာ Facebook ကျင့်သုံးနေတဲ့ Community Standard ဆိုတာ အမှန်တကယ်အမုန်းပွား၊ အမုန်းစကားတွေပြောနေသူတွေ၊ မိမိဆန့်ကျင်ဘက်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအပေါ် မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်တာတွေ၊ လူငယ်၊ လူရွယ်တွေမကောင်းမှုဒုစရိုက် အတုမြင်အတတ်သင်အောင်လုပ်တာတွေကို ဖြုတ်ချပိတ်သိမ်းခြင်းမပြုဘဲ တရားဝင်အကောင့်အစစ်နဲ့ မှန်မှန်ကန်ကန်ရပ်တည်အသုံးပြုနေတဲ့ အတိုက်ခံတွေရဲ့အကောင့်တွေ၊ Page တွေကို၊ လက်ရှိအစိုးရအာဏာရပါတီက လုပ်ဆောင်ချက်အမှားအယွင်းတွေကို ပြောဆိုထောက်ပြမှုတွေကိုတော့ Community Standard နဲ့မညီလို့ ဖြုတ်ချပိတ်သိမ်းနေတဲ့အတွက် Facebook နှင့် SMMT ဟာ အစိုးရကိုဘက်လိုက်ပြီး နိုင်ငံရေးအရ အသုံးချနေသလားလို့ မေးခွန်းထုတ်နေကြပါတယ်။ တကယ်တော့ Media ထိန်းကျောင်းမှုမှာ

အစိုးရဘက်ကိုဖြစ်စေ၊ အတိုက်ခံဘက်ကိုဖြစ်စေ တစ်ဘက်ဘက်ကို လိုက်ပြီးလုပ်နေရင် ဒီမိုကရေစီစနစ်မှာ အန္တရာယ်ရှိပါတယ်။ အမျိုးသား ရင်ကြားစေ့ရေးထိခိုက်မှုကနေ တိုင်ပြည်ပြိုကွဲနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ပကတိအခြေအနေဟာ ဒီမိုကရေစီကူးပြောင်းဆဲကာလဖြစ်တဲ့အတွက် အမျိုးသားရင်ကြားစေ့ရေးက အရေးကြီးပါတယ်။ ဒီအချိန်မှာ အမျိုးသားလူမှုကွန်ရက်များကို စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့ဟာ Community Standard ကို လိုရာသုံးပြီးပိတ်ချင်တာပိတ်၊ လွှတ်ချင်တာ လွှတ်တဲ့ Double Standard မျိုးဖြစ်ဖို့ မဖြစ်စေလိုပါဘူး။ ဒီလုပ်ရပ်ကို မတည့်မတ်၊ မထိန်းကျောင်းပေးဘူးဆိုရင် ကိုဗစ်ရောဂါပြန့်ပွားနေတဲ့ကာလမှာ ပြုလုပ်ကြရမယ့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲကြီးကလည်း တရားမျှတမှုကင်းဝေးသွားမှာ စိုးရိမ်စရာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ရဲ့အဆိုကို လွှတ်တော်ကြီးက လက်ခံဆွေးနွေးအတည်ပြုပေးပါရန် အဆိုတင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းအေး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ လွှတ်တော်အစည်းအဝေးကြီးမှာ တင်သွင်းလာတဲ့ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး၏ လူမှုကွန်ရက်စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့(SMMT)နဲ့ Facebook အဖွဲ့တို့၏ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အချိန်မီထိန်းကျောင်းဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကျောင်းအဆိုကိုထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(က)မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့် အခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လည်း လူမှုကွန်ရက် Media၊ Social Online Media၊ Facebook သုံးစွဲသူများကလည်း တစ်နေ့တခြားများစွာတိုးတက်ပွားများလျက် ရှိပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ အချက်အလက်များအရ Mobile Sim Card သုံးစွဲသူစုစုပေါင်း ၉၀.၈၈ သန်း ရှိပြီး အင်တာနက်သုံးစွဲသူ ၇၁.၅၄ သန်းခန့်ရှိနေပါတယ်။ ၎င်းတို့အနက် Facebook သာ လူသုံးအများဆုံး Media တစ်ခုဖြစ်ပြီး ကောင်းကျိုးဆိုးကျိုးနှစ်ဖြာဒွန်တွဲနေတဲ့ Media တစ်ခုဖြစ်ပါတယ်။ Facebook ကြောင့် အကျိုးအကြောင်း၊ အဆိုးအကောင်းတို့ကို အချိန်နှင့်တစ်ပြေးညီ သိရှိခွင့်ရရှိကြပါတယ်။ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်းနှင့် သဘာဝဘေးအန္တရာယ်သတင်းတို့ကို ချက်ချင်းသိမြင်ခွင့်ရရှိစေပြီး အသိပညာဗဟုသုတများစွာ တိုးတက်ရရှိနိုင်ပါတယ်။ သို့ရာတွင် လူအမျိုးမျိုး၊ စိတ်အထွေထွေဆိုသကဲ့သို့ Facebook ကို ခုတုံးလုပ်ပြီး အကောင့်တုများဖြင့် စီးပွားရေးလုပ်ငန်းများတွင် လိမ်လည်လှည့်ဖျားရောင်းဝယ်ခြင်း၊ လူမှုရေးကဏ္ဍများတွင် မကြားဝံ့မနာသာ ထုတ်လွှင့်တင်ပြခြင်း၊ နိုင်ငံရေးလောကတွင် အမုန်းစကားများ ပြန့်ပွားစေရန် တမင်လုပ်ကြံတင်ပြခြင်း စသည့် ဆိုးကျိုးများ ပေါ်ပေါက်နေတာ အားလုံးသိရှိကြတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ အချို့ကလည်း အကောင့်အစစ်များ အသုံးပြုကြသလို အကောင့်အတုသုံးစွဲသူတွေက ပိုမိုများပြားပါတယ်။ လူတစ်ယောက်တွင် Sim Card နှစ်ခု၊ သုံးခုထက်မနည်း ကိုင်ဆောင်ပြီး ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ ဤကဲ့သို့ Social Media ကို မှန်မှန်ကန်ကန်သုံးစွဲခြင်းမျိုးမဟုတ်ဘဲ လွဲမှားစွာလုပ်ဆောင်နေခြင်းကြောင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အသင်းအဖွဲ့တစ်ခုခု၏

ဂုဏ်သိက္ခာကို ကျဆင်းစေခြင်း၊ ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများ ဖြစ်ပေါ်စေရန် လှုံ့ဆော်နေခြင်း၊ လူငယ်၊ လူရွယ်များ အကျင့်စာရိတ္တပျက်ပြားစေနိုင်ခြင်း၊ လူမှုအသိုင်းအဝိုင်းများတွင် အမုန်းစကားများ မွေးဖွားဖြန့်ဝေသကဲ့သို့ ဖြစ်ပေါ်နေခြင်း၊ ရာဇဝတ်မှုများ ထူပြောလာစေခြင်း၊ ကမ္ဘာ့အလယ်တွင် မြန်မာဟူသောဂုဏ်သိက္ခာ ကျဆင်းဖွယ်ရာကိစ္စရပ်များ တစ်စတစ်စ များပြားလာခြင်းတို့ကို ကျွန်တော်တို့အားလုံးမြင်တွေ့ ကြားသိနေရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကဲ့သို့ IT နည်းပညာ သုံးစွဲရာတွင် တတ်သိသည့်၊ တာဝန်ကျေပွန်သည့် လူမှုကွန်ရက်အသုံးပြုသူများ ဖြစ်လာကြစေရန် ရည်ရွယ်ပြီးတော့ လူမှုကွန်ရက် စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့(Social Media Monitoring Team–SMMT)ကို နိုင်ငံတော်သမ္မတရုံးက ၇–၂–၂၀၁၈ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါတယ်။ ဤအဖွဲ့ လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် ရန်ပုံငွေများလည်း ဖြည့်ဆည်းထားခဲ့ပြီး ဖြစ်ပါတယ်။ သို့ရာတွင် Community Standard နဲ့ မကိုက်ညီတဲ့အကောင့်တွေကို ပိတ်သိမ်းခြင်း၊ ဖြုတ်ချခြင်းအဆင့်လောက်သာ ဆောင်ရွက်နိုင်ကြောင်း ကျွန်တော်တို့လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ လာမယ့်ရွေးကောက်ပွဲကာလ Facebook အသုံးပြုခြင်းကိစ္စရပ်ကို ကြယ်ပွင့်ပြမေးခွန်းအဖြစ်နဲ့လည်းကောင်း၊ အကောင့်အတုများနှင့်ပတ်သက်တဲ့ကိစ္စကို ကြယ်ပွင့်မပြမေးခွန်းအဖြစ်နဲ့လည်းကောင်း တင်သွင်းမေးမြန်းခဲ့ဖူးပါတယ်။ လက်ရှိအခြေအနေအထိတော့ ကျေနပ်နိုင်တဲ့ပြောင်းလဲမှုမျိုး မရရှိခဲ့ပါဘူး။ အချို့အကောင့်တွေမှာတော့ Comment တစ်ခုလောက်မှားရေးမိတာနဲ့ တစ်လလောက်ပိတ်ထားသိမ်းခံခဲ့ရတာလည်း ကြုံတွေ့ခဲ့ဖူးပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့လက်ရှိလူမှုကွန်ရက်အသုံးပြုမှုအနေအထားဟာ ဒီထက်မကပိုမိုများပြားလာဖို့ပဲရှိပါတယ်။ ၂၀၁၇ ခုနှစ်၊ နိုင်ငံသားများ၏ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ဃ)မှာ

တော့ မည်သူမျှ တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့်၊ ခွင့်ပြုချက် သို့မဟုတ် ဝရမ်းတစ်စုံတစ်ရာမရှိဘဲ ဖြစ်စေ နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်မရှိဘဲဖြစ်စေ ဆက်သွယ်ရေးအော်ပရေတာများထံမှ ပုဂ္ဂိုလ်ရေးဆိုင်ရာတယ်လီဖုန်းနှင့် Electronic ဆက်သွယ်ရေးသတင်းအချက်အလက်များ တောင်းယူခြင်း၊ ထုတ်ပေးခြင်းမပြုရလို့ ပြဋ္ဌာန်းထားတဲ့အတွက် အနာဂတ်ကာလမှာ ဒီလိုအကောင့်တုတွေ များစွာပေါက်ဖွားလာနေဦးမှာပဲ ဖြစ်ပါတယ်။ လက်ရှိအနေအထားမှာတော့ အကောင့်အတုတွေ ဖွင့်ချင်သလိုဖွင့်ပြီး ရေးချင်သလို Post တွေရေးတင်နေကြပေမဲ့ အမှုဖွင့်တိုင်ကြားတဲ့အဆင့်တွေက နည်းပါးနေပါတယ်။ အမှုဖွင့်အရေးယူခံရတာတွေလည်း ကျွန်တော်တို့တွေ ကြားသိနေရပေမဲ့ နည်းပါးနေပါသေးတယ်။ အမှန်တကယ်ဖြစ်သင့်တာကတော့ အမှုဖွင့်တိုင်တန်းခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ Community Standard နဲ့မကိုက်ညီရင် ပိတ်သိမ်း၊ ဖြုတ်သိမ်းခဲ့ရသလိုမျိုး ကျွန်တော်တို့နိုင်ငံအတွင်းက Facebook အကောင့်တွေကို ပိုမိုစောင့်ကြည့်ထိန်းကျောင်းသွားဖို့ လိုအပ်လှပါတယ်။ လိုအပ်တဲ့နည်းပညာနှင့် စက်ပစ္စည်းများအတွက် ပြည်ထောင်စုလွှတ်တော်ကြီးက အတည်ပြုပေးခြင်း ဖြစ်ပါတယ်။ ယခုဆိုရင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကြီး ကျင်းပရန် တစ်နေ့တခြားနီးကပ်လာပြီ ဖြစ်ပါတယ်။ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ပေါ်လာနိုင်စေရန် နိုင်ငံတော်အစိုးရမှ လူမှုကွန်ရက် Media ကို အချိန်မီထိန်းကျောင်းပေးဖို့ လိုအပ်ပါတယ်။ ဖြုတ်ချင်တဲ့အကောင့်တွေကို ဖြုတ်။ မဖြုတ်ချင်တဲ့အကောင့်တွေကို ဆက်လက်ထားရှိတာမျိုးတွေဟာ မဖြစ်သင့်ပါဘူး။ သို့ဖြစ်ပါ၍ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး တင်သွင်းသော နိုင်ငံတော်သမ္မတ၏အထူးရန်ပုံငွေဖြင့် လူမှုကွန်ရက်စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့ (SMMT)နှင့် Facebook အဖွဲ့တို့၏ ဆောင်ရွက်မှုသည် လူမှုကွန်ရက်များအသုံးပြုသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများအပေါ် မျှတမှုမရှိခြင်းကြောင့် လူမှုကွန်ရက်တွင် မကျေနပ်မှုအမုန်းစကားများ တိုးပွားလာပြီး အမျိုးသားရင်ကြားစေ့ရေးနှင့် တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရေးတို့ကို ထိခိုက်ပျက်စီးစေနိုင်ပါသဖြင့် SMMT နှင့်

Facebook အဖွဲ့တို့က မည်သည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒများဖြင့် မည်သို့ အရေးယူဆောင်ရွက်နေသည်ကို ပွင့်လင်းစွာရှင်းလင်းတင်ပြပြီး တရားမဲ့မှုများမဖြစ်အောင် အချိန်မီ ထိန်းကျောင်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်းအဆိုကို ထောက်ခံတင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးသောင်းအေး တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံတော်သမ္မတ၏အထူးရန်ပုံငွေဖြင့် ထူထောင်ထားသည့် လူမှုကွန်ရက်စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့(SMMT) နှင့် Facebook Team တို့၏ ဆောင်ရွက်မှုသည် လူမှုကွန်ရက်များအသုံးပြုသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများအပေါ် မျှတမှု မရှိခြင်းကြောင့် လူမှုကွန်ရက်တွင် မကျေနပ်မှုအမုန်းစကားများ တိုးပွားလာပြီး အမျိုးသား ရင်ကြားစေ့ရေးနှင့် တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရေးတို့ကို ထိခိုက်ပျက်စီးစေနိုင်သဖြင့် SMMT နှင့် Facebook Team တို့က မည်သည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒများဖြင့် မည်သို့အရေးယူဆောင်ရွက်နေသည်ကို ပွင့်လင်းစွာရှင်းလင်းတင်ပြပြီး တရားမဲ့မှု

မဖြစ်အောင် အချိန်မီထိန်းကျောင်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်မှ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၆-၈-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဦးမင်းသိန်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်က တင်သွင်းသည့်မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများ တဖြည်းဖြည်းမြင့်တက်လာနေပါသောကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူခြင်းများကို ယခုထက်ပို၍ ထိထိရောက်ရောက် အရှိန်မြှင့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမင်းသိန်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့(၃၀-၇-၂၀၂၀ ရက်နေ့)တွင် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများ

တဖြည်းဖြည်း မြင့်တက်လာနေပါသောကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူခြင်းများကို ယခုထက်ပို၍ ထိထိရောက်ရောက်အရှိန်မြှင့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်သုံးဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးပြီး အကြံပြုချက်များတင်ပြမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့ အဓိကရည်ရွယ်ရင်းကတော့ ယာဉ်မတော်တဆမှုများမဖြစ်ရန် ပညာပေးဖို့နဲ့အရေးယူဖို့ တိုက်တွန်းထားခြင်းပဲဖြစ်ပါတယ်။ ကျွန်မရဲ့ဆွေးနွေးချက်မှာတော့ ယာဉ်မတော်တဆမှုတွေထဲမှာ အဖြစ်များနေတဲ့ဆိုင်ကယ် Accident ကို ဖောင်းပေးလိုပါတယ်။ ဒါ့အပြင် အဆိုရှင်ရဲ့တိုက်တွန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ရာမှာ ထပ်ဆောင်းအကြံပြုချက်များ တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုမှာတော့ ယာဉ်တိုက်မှုဖြစ်ပွားတဲ့ အခြေအနေများ၊ သေဆုံးမှုများ၊ သေဆုံးသူရဲ့ ၆၅ ရာခိုင်နှုန်းက ဆိုင်ကယ်တိုက်မှုတို့ကြောင့်ဖြစ်ကြောင်း ပါဝင်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ယခုနှစ်ထဲမှာပဲ မိမိမဲဆန္ဒနယ်မြေရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကို မြို့နယ်ရဲ့မှုခင်း ဖြစ်ပွားမှုအခြေအနေနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ပါတယ်။ ယာဉ်မတော်တဆမှုတွေကတော့ ကျဆင်းမှုမရှိကြောင်းနှင့် ဥပဒေရှိနေပါသော်လည်း ဖြေလျှော့မှုတွေများနေခြင်းကြောင့် ဖြစ်နိုင်ကြောင်း

ပြောပါတယ်။ ဒါကြောင့် မိမိမဲဆန္ဒနယ်မြေကိုအခြေပြုပြီး တစ်နိုင်ငံလုံးသေဆုံးမှုများနေတဲ့ ဆိုင်ကယ် Accident ဖြစ်စေတဲ့ အကြောင်းတရားများကို ဆက်လက်ဆွေးနွေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခင်ဆယ်စုနှစ်များကတော့ ဆိုင်ကယ်သုံးစွဲမှုများမှာ သွားလာမှုအဆင်ပြေစေဖို့ လူလတ်တန်းစားများလောက်ကသာ သုံးစွဲနိုင်ခဲ့ပါတယ်။ ယနေ့အချိန်မှာတော့ အခြေခံလူတန်းစားများကပါ မိမိတို့စားဝတ်နေရေးအတွက် မရှိမဖြစ်သုံးရတဲ့ယာဉ်ဖြစ်လာပါတယ်။ ကျွန်မမဲဆန္ဒနယ်မှာလည်း ဆိုင်ကယ်အသုံးပြုမှုများသလို ဆိုင်ကယ်သုံးစွဲမှုများပိုတိုးလာနိုင်ကြောင်းကို ဒေသခံများထံမှ သိရှိရပါတယ်။ ဒါကြောင့် တာဝန်ရှိသူများအနေနဲ့ ဆိုင်ကယ် Accident နဲ့သေဆုံးမှုအဖြစ်နည်းအောင် စီမံဆောင်ရွက်ပေးဖို့သာ ပိုတိုးပြီးဆောင်ရွက်သင့်ပါတယ်။ ဦးစွာ သုံးစွဲနေတဲ့ ဆိုင်ကယ်များကို ဆန်းစစ်ကြည့်ရပါမယ်။ လူလတ်တန်းစားတွေကတော့ လူလိုင်စင်၊ ဆိုင်ကယ်လိုင်စင်ရှိမယ်။ အကယ်၍ မရှိသေးဘူးဆိုရင်လည်း သက်ဆိုင်ရာခရိုင်မြို့ကိုသွားလုပ်ရမယ်ဆိုလည်း အဆင်ပြေစွာဆောင်ရွက်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ အများစုဖြစ်တဲ့ အခြေခံလူတန်းစားများကတော့ ဆိုင်ကယ်ကို စားဝတ်နေရေးအတွက်ရှာဖွေကြရာမှာ အသက်မပြည့်တဲ့ကလေးတွေကို မောင်းခိုင်းတယ်။ လူလိုင်စင်လည်းမရှိ၊ ဆိုင်ကယ်လိုင်စင်လည်းမရှိ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလည်းနားမလည် ခရိုင်မြို့တွေကိုသွားလုပ်ဆိုပြန်တော့လည်း အခြေအနေကမပေး။ ဒါကြောင့် ဒီလိုအခြေအနေမျိုးများကို အဖြေရှာကုစားနိုင်ဖို့ မြေပြင်အခြေအနေနဲ့ကိုက်ညီအောင် တာဝန်ရှိသူများမှ စီစဉ်ဆောင်ရွက်ပေးသင့်ပါတယ်။ ဒါ့အပြင် ကြားသိရတာကတော့ မြို့နယ်အတွင်း လိုင်စင်လာလုပ်ပေးတယ်ဆိုတာကလည်း တစ်နှစ်ကိုတစ်ကြိမ်၊ နှစ်ကြိမ်၊ ပညာပေးသည်ဆိုခြင်းမှာလည်း လိုင်စင်လုပ်ချိန်တွင် စာရွက်ပေးပြီးရှင်းလင်းခြင်း၊ မြို့နယ်အတွင်းရှိ ဒေသများသို့ အခွင့်အခါကြုံမှသာ တစ်နှစ်ကိုတစ်ကြိမ်၊ နှစ်ကြိမ် လာရောက်ရှင်းလင်းကြောင်းသိရှိရပါတယ်။ ဒါကြောင့် ပညာပေးခြင်းကို မြေပြင်မှာဖြစ်နေတဲ့ပကတိအခြေအနေနဲ့ကိုက်ညီအောင် အချိန်နှင့်တစ်ပြေးညီ အပြင် စနစ်တကျဆောင်ရွက်ဖို့လိုအပ်ကြောင်းကိုလည်း အကြံပြုလိုပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ထပ်မံအကြံပြုလိုတာကတော့ ကျွန်မ အထက်ကတင်ပြခဲ့သလို ဆိုင်ကယ်သုံးစွဲမှုတွေထပ်တိုးနေခြင်းကို ဘယ်လိုလျော့သုံးအောင်စီစဉ်ဆောင်ရွက်ပေးကြမလဲဆိုတဲ့အပိုင်းပဲဖြစ်ပါတယ်။ ယာဉ်လိုင်းများပုံမှန်စီစဉ်ပေးခြင်းဖြင့် ဆိုင်ကယ်စီးမှုလျော့နည်းလာစေနိုင်မှာဖြစ်ပါတယ်။ ဥပမာအနေနဲ့တင်ပြရရင် မိမိမဲဆန္ဒနယ်မြေဖြစ်တဲ့ ရုံးစိုက်ရာ ပန်းတောင်းမြို့သို့ ပုဂ္ဂလိကယာဉ်လိုင်းပြေးဆွဲဖူးသော်လည်း ပုံမှန်မလည်ပတ်နိုင်ခင်မှာ အရှုံးပေါ်ပြီး ရပ်ဆိုင်းကြခြင်းကြောင့် ယာဉ်လိုင်းမရှိတော့ပါဘူး။ ဒါကြောင့် မြို့နယ်အလိုက် အမှန်တကယ်လိုအပ်နေမှုအပေါ် ယာဉ်လိုင်းများပုံမှန်ရှိစေရန် သက်ဆိုင်ရာဌာနမှ ကူညီပံ့ပိုးပေးရန်လိုအပ်ကြောင်းကိုလည်း အကြံပြုလိုပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဆိုင်ကယ် Accident ဖြစ်ရခြင်းရဲ့အကြောင်းတရားတစ်ခုကို ထပ်မံတင်ပြလိုပါတယ်။ လမ်းများရဲ့လမ်းပုခုံးသားများပျက်စီးနေခြင်းပဲဖြစ်ပါတယ်။ အချို့သော အဝေးပြေးလမ်းမများ၊ မြို့တွင်းသုံးလမ်းမများတွင် ကတ္တရာလမ်းကကျဉ်းခြင်း၊ လမ်းပုခုံးသားများက ပျက်စီးခြင်းတို့ကြောင့် ကားနဲ့ဆိုင်ကယ်ရှောင်တဲ့အခါမှာ ဆိုင်ကယ် Accident များဖြစ်ပေါ်ရခြင်း ကြောင့် လမ်းပျက်စီးမှုများကိုလည်း အချိန်မီပြုပြင်သင့်ကြောင်း အကြံပြုလိုပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ဆိုင်သော ဥပဒေများရှိပြီးဖြစ်ပေမဲ့ အရေးယူမှုကတော့ မြေပြင်မှာ ဥပဒေချိုးဖောက်နေသလောက်ကိုတော့ မဆောင်ရွက်နိုင်ပါဘူး။ ဖြေလျှော့မှုများစွာပြုလုပ်ပေး နေရဆဲပဲဖြစ်ပါတယ်။ ဥပဒေချိုးဖောက်လို့ အရေးယူတာကတစ်ပိုင်း၊ ဥပဒေချိုးဖောက်မှုနည်းပြီး ဥပဒေအသက်ဝင်နိုင်ဖို့ကိုတော့ မြေပြင်မှာဖြစ်ပျက်နေတဲ့အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် စီမံဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ခြုံငုံတင်ပြရရင်တော့ မြန်မာနိုင်ငံမှာ ဆိုင်ကယ်ကြောင့် အသက်ဆုံးရှုံးနေရသော အကြောင်းတရားများကို အဖြေရှာပြီး ကဏ္ဍအလိုက် စီမံဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးညဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဟိန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုသည် ဒသမ အကြိမ်မြောက်အစည်းအဝေးကာလ ၁၄-၁၂-၂၀၂၀ ရက်နေ့တွင် အတည်ပြုခဲ့သော လေးမျက်နှာ မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးဇော်မင်းသိန်းရဲ့အဆိုနဲ့ အလွန်ဆင်တူနေပါတယ်။ ဒါကြောင့် မှချအတည်ပြုသင့်ကြောင်းကို ဦးစွာတင်ပြအပ်ပါတယ်။ ဘယ်လောက်တိုက်ဆိုင်သလဲဆိုရင် ယာဉ် မတော်တဆမှုတွေကြောင့် ယခင်အဆိုမှာက လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးတယ်လို့ ဖော်ပြပါ တယ်။ ယခုအဆိုမှာတော့ လူတွေသေကြေဒဏ်ရာရတယ်လို့ ဖော်ပြထားခြင်းသာလျှင် ကွာပါတယ်။ အဆိုတင်သူအမည်တောင်မှ ဦးဇော်မင်းသိန်းနဲ့ ဦးမင်းသိန်းဆိုတော့ တော်တော့်ကို ဆင်နေတာကို ထူးထူးခြားခြား တွေ့ရှိရပါတယ်။ ဒါဖြင့်ရင် အဆိုတင်စဉ်ကာလက ဘာဖြစ်လို့ ဒီလိုမတင်ပြခဲ့သလဲ မေးရင် အမှန်ကိုရိုးသားစွာဝန်ခံရရင် ကျွန်တော်အလွန်ဆွေးနွေးချင်လို့ဖြစ်ပါတယ်။ ယာဉ်မတော် တဆမှုအများစုသည် အသုံးပြုသူများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာ၍ သာလျှင် ဖြစ်ပါတယ်။ ကမ္ဘာကြီးတစ်ခုလုံးနဲ့ခြုံကြည့်ရင် ၂၄ စက္ကန့်တွင် ယာဉ်မတော်တဆမှုကြောင့် တစ်ဦး နှုန်းသေဆုံးနေတဲ့ ပြဿနာဖြစ်ပါတယ်။ ဒါကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရန် ထိန်းကျောင်းမှုသည် ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းကို အဓိကကာကွယ်ရမယ့်ကိစ္စ ဖြစ်လာပါ တယ်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဆိုပြီးတော့ NRSC အဖွဲ့အစည်းကြီး ရှိပါတယ်။ စီမံချက်တွေလည်း ရေးထားခဲ့ပါတယ်။ လက်တွေ့အကောင်အထည် ဖော်နေခြင်းတော့ အားနည်းပါတယ်။ NRSC ရဲ့စီမံချက်မှာ ဝန်ကြီးဌာနပေါင်းစုံပါဝင်တယ်။ နောက်မြို့နယ်အဆင့်ထိ ကို ဖွဲ့ထားပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့လို့ လက်တွေ့အကောင်အထည်ဖော်မှု အပိုင်းမှာတော့ အား

နည်းတာကို တွေ့ရှိရပါတယ်။ အခြေခံပညာမူလတန်းတွေအထိကို ကာလတို၊ ကာလလတ်၊ ကာလရှည်ဆိုပြီးတော့ စီမံချက်တွေဆွဲထားပါတယ်။ ပညာပေးဖို့လည်း ဖော်ပြထားပါတယ်။ ဒါပေမဲ့ လို့ သင်ရိုးညွှန်းတမ်းတွေမှာတောင် ထည့်သွင်းနိုင်ခြင်းမရှိသေးပါဘူး။ မြို့နယ်အဆင့်ထိ ဖွဲ့ထား သော်လည်းပဲ ရန်ပုံငွေမရှိတာအကြောင်းပြပြီးတော့ မြို့ရွာများမှာ သတိပေးဆိုင်းဘုတ်တွေတောင် မစိုက်ထူထားနိုင်တာကို တွေ့ရှိရပါတယ်။ စီမံချက်ဟာ စာရွက်ပေါ်မှာတော့ ရေပက်မဝင်အောင် အလွန်ကောင်းနေပါတယ်။ ဒါပေမဲ့လို့ ပါဝင်ကြတဲ့ Stakeholder တွေရဲ့ လုပ်နိုင်စွမ်းကိုတော့ ထည့်သွင်း မစဉ်းစားထားတာဖြစ်တဲ့အတွက်ကြောင့် မအောင်မြင်တာဖြစ်ပါတယ်။ အမှန်ဖြစ်သင့် တာက လုပ်နိုင်စွမ်းရှိသလောက်ကို တစ်လမ်းတည်းသာစီမံချက်ကို ရေးဆွဲ အကောင်အထည်ဖော် သင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်အကြိမ်ကာလမှာ ယာဉ်မှုတွေကြန့်ကြာတဲ့ အကြောင်းကို တင်ပြခဲ့ပါတယ်။ အဲဒီတုန်းကဆွေးနွေးရာမှာ ပထမသတင်းပေးတိုင်ချက်မှာ ကျူးလွန်သူက ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်မတင်ပြခဲ့နိုင်ဘူးဆိုတဲ့ ပထမသတိပေး တိုင်တန်း ချက်မှာပါသည့်အချက်သည် သက်သေခံဥပဒေအရ စွပ်စွဲသူကနေတင်ပြတဲ့အချက် ဖြစ်ပါတယ်။ ဒါပေမဲ့လို့ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်ရှိကြောင်းကိုပြရမယ့် ကျူးလွန်သူရဲ့ အလီဘိုင်ပြရမယ့် အချက်ကိုတော့ အမှုစစ်ရဲအရာရှိက သွားပြနေတာတွေ့ရပါတယ်။ ချက်စီနံပါတ်တွေနဲ့ ကညန (ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန)ရုံးကို မေးရပါတယ်။ တကယ်တော့ ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးကလည်း အဲဒီလိုမေးလာရင် ၄၈ နာရီအတွင်းမှာ ပြန်ကြားတယ် လို့ သိရပါတယ်။ ဒါပေမဲ့လို့ ဒီအချက်သည် အစွပ်စွဲခံရသူက ပြရမယ့်ဟာကို အမှုစစ်ကပြနေတဲ့ လုပ်ထုံးလုပ်နည်းသည် ကျွန်တော်တို့ ပြန်လည်စဉ်းစားသင့်သောအချက် ဖြစ်ကြောင်း လေးစားစွာ ဖြင့် တင်ပြအပ်ပါတယ်။ တကယ်တော့ အဲဒီလိုကျွန်တော်ဆွေးနွေးမိလို့ ထင်ပါတယ်။ တိုင်းဒေသကြီး နှင့်ပြည်နယ် ၁၄ ခုမှာ ကျွန်တော်တို့မွန်ပြည်နယ်တစ်ခုသာလျှင် လင်းယုန်စီမံချက် ဆိုပြီးတော့

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းအရေးယူတာ တွေ့ရပါတယ်။ တကယ်တော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ မဲ့နေတာက ကျွန်တော်တို့မြို့မှ မဟုတ်ပါဘူး။ ကျွန်တော်တို့နယ်မှ မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကို ယာဉ်သုံးစွဲဖူးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး အသိဖြစ်ပါတယ်။ အဲဒီတော့ နိဂုံးချုပ်အနေနဲ့ ကျွန်တော်အကြံပြုလိုပါတယ်။ ဒီလို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းဖို့အတွက်ကို သိပ်များများမလိုပါဘူး။ သုံးချက်လောက်သာလျှင် ပြုပြင်လိုက်ပါ။ ကျွန်တော်အကြံပြုပါမယ်။ (၁) နိုင်ငံတွင်ကျင့်သုံးသော ယာဉ်မောင်းစနစ်သည်၊ ယာဉ်စနစ်သည် လက်ယာကပ်မောင်းစနစ်ဖြစ်ကြောင်းကို အထူးသဖြင့် တိုင်းရင်းသားဒေသတွေနဲ့ ကျေးလက်နေပြည်သူတွေအကုန်လုံး အကြွင်းမဲ့သိအောင်ပညာပေးပေးပါ။ (၂) မြို့ရွာအတွင်းမည်သည့်ယာဉ်မဆို တစ်နာရီလျှင် ကီလို ၃၀ သို့မဟုတ် ၁၅ မိုင်နှုန်းအောက်မောင်းရန် ပညာပေးပေးပါ။ (၃) အရက်သေစာနှင့်မူးယစ်ဆေးဝါး သုံးစွဲပြီးတော့ ယာဉ်မမောင်းရဆိုတဲ့ အချက်ကို အကြွင်းမဲ့သိရှိအောင် ပညာပေးပေးပါ။ ပြီးရင် ဒီသုံးချက်ကို မလိုက်နာသူတွေကို ထိထိရောက်ရောက်နဲ့ ပြင်းပြင်းထန်ထန် အရေးယူသွားမယ်ဆိုရင် ဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြောင့် ဆုံးရှုံးနေတဲ့ လူ့အရင်းအမြစ် သေဆုံးထိခိုက်ဒဏ်ရာရနေတဲ့ အဖြစ်အပျက်တွေကို ထက်ဝက်မက လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း လေးစားစွာတင်ပြရင်းဖြင့် ကျွန်တော်၏ဆွေးနွေးခြင်းကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုယ်စိတ်ရွှင်လန်း ချမ်းမြေ့ကြပါစေ။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဝင်းမင်းထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဗိုလ်မှူးဝင်းမင်းထွန်းဖြစ်ပါတယ်။ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း တင်သွင်းတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့မှ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာတင်ပြလိုတာကတော့ ယခုတင်သွင်းတဲ့အဆိုဟာ ၂၀၁၈

ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့က လေးမျက်နှာမဲဆန္ဒနယ်က ဦးဇော်မင်းသိန်းတင်သွင်းခဲ့တဲ့အဆိုနဲ့ သံတူကြောင်းကွဲ အဆိုတစ်ရပ်ဖြစ်ပါတယ်။ ၎င်းအဆိုကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့က လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးဆွေးနွေးခဲ့ပြီးတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဆိုကိုအတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပြီးတော့မှ အတည်ပြုခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၇ နည်းဥပဒေခွဲ(ဂ)မှာ အဆိုဟာ လွှတ်တော်အစည်းအဝေးနဲ့ ဆုံးဖြတ်ပြီးသောကိစ္စရပ်နှင့် ဘဘောချင်းတူညီတဲ့ကိစ္စရပ်မပါရှိစေရလို့ ပြဋ္ဌာန်းထားပါတယ်။ အတည်ပြုပြီးတဲ့အဆိုတစ်ခုကို ထပ်မံတင်သွင်းဆွေးနွေးခွင့်ပြုခဲ့တာဟာ အစိုးရအနေနဲ့က အလေးထားဆောင်ရွက်မှုမရှိလို့လား ဒါမှမဟုတ်လို့ရှိရင် ကတိကဝတ်ကို အကောင်အထည်ဖော်နိုင်မှု အလွန်အားနည်းနေလို့လားလို့ မေးခွန်းထုတ်ရမှာဖြစ်သလို နိုင်ငံ တစ်ဝန်းလုံးမှာ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာ ရခြင်းများ လျော့ပါးသွားခြင်းမရှိတာကြောင့် လွှတ်တော်ရဲ့အပြန်အလှန်ထိန်းကျောင်းခြင်း တာဝန် တွေအရ အစိုးရနှင့်သက်ဆိုင်ရာဌာနအဖွဲ့အစည်းပေါင်းစုံကို မီးမောင်းထိုးပြလိုတဲ့အတွက် ဖြစ်တယ်လို့ယူဆရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC)ကို ထူထောင်ခဲ့တာ ယခုဆိုလို့ရှိရင် ငါးနှစ်အတွင်းရောက်ရှိလာပြီဖြစ်ပါတယ်။ ထို့အတူ Road Safety Action Plan(2014–2020)ရေးဆွဲပြီးတော့မှ အကောင်အထည်ဖော်ကြိုးစားဆောင်ရွက်လာခဲ့ တာဟာ အခုဆိုလို့ရှိရင် Action Plan ရဲ့ နောက်ဆုံးနှစ်ဖြစ်တဲ့ ၂၀၂၀ ပြည့်နှစ်ကိုရောက်ရှိနေပြီ ဖြစ်ပါတယ်။ NRSC ကို ရည်ရွယ်ချက်ကောင်းတွေနဲ့ဖွဲ့စည်းပြီးတော့မှဆောင်ရွက်နေသော်လည်းပဲ လုပ်ငန်းတာဝန်တွေ၊ စီမံချက်အကောင်အထည်ဖော်မှုအပိုင်း၊ ဥပဒေဖြင့်အရေးယူမှုအပိုင်း၊ ပြည်သူ လူထုပူးပေါင်းပါဝင်ဆောင်ရွက်မှုနဲ့ ရလဒ်ကောင်းများရရှိမှုအပိုင်းမှာတော့ အားနည်းချက်များစွာ

ရှိနေတာကိုတွေ့ရပါတယ်။ တစ်နိုင်ငံလုံးရဲ့ ယာဉ်တိုက်မှုတွေကိုလေ့လာကြည့်မယ်ဆိုလို့ရှိရင် ဖြစ်စဉ်အားလုံးရဲ့ထက်ဝက်ခန့်က မော်တော်ဆိုင်ကယ်ကြောင့်ဖြစ်ပွားတာကို တွေ့ရှိရပါတယ်။ မော်တော်ဆိုင်ကယ်နဲ့မောင်းနှင်နေသူအများစုက လိုင်စင်မရှိ၊ Helmet မပါ၊ လူ၊ ပစ္စည်းအပိုတင်၊ စတန့်ထွင်စီး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားမလည် မလိုက်နာ၊ မော်တော်ဆိုင်ကယ်တွေရဲ့ အရည်အသွေးကမပြည့်ဝ၊ ထိရောက်တဲ့ပြုပြင်ထိန်းသိမ်းမှုမရှိ၊ ချို့ယွင်းပျက်စီးမှုသာ ပြုပြင်ကြတဲ့ အတွက် Accident ဖြစ်ပွားတဲ့အခါမျိုးမှာ ဘေးကင်းမှုမရှိတော့ဘဲနဲ့ ဒဏ်ရာရသေဆုံးမှုများစွာကို ဝမ်းနည်းဖွယ်ရာကြုံတွေ့ရခြင်းဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာတင်သွင်းနေတဲ့ ဆိုင်ကယ်တွေ နဲ့ Helmet များရဲ့ အရည်အသွေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ အနည်းဆုံး စံတစ်မျိုးသတ်မှတ်ဖို့ လိုနေပြီဖြစ်ပါတယ်။ ဒါ့အပြင် တာဝန်ရှိသူတွေအနေနဲ့ကလည်း ဈေးကွက် အတွင်းမှာရောင်းချနေတဲ့ ဈေးသက်သာပြီးတော့ အရည်အသွေးမမီတဲ့ဆိုင်ကယ်တွေကို ပြဋ္ဌာန်း ထားတဲ့ ဥပဒေများနဲ့အညီ ထိရောက်စွာဖမ်းဆီးအရေးယူဖို့ တိုက်တွန်းလိုပါတယ်။ အလားတူ ကိုယ်ပိုင်ယာဉ်၊ ခရီးသည်တင် အဝေးပြေးဘတ်စ်ကားကြီးတွေမှာလည်း ယာဉ်မောင်းသူတွေနဲ့ ခရီးသည်အားလုံးအနေနဲ့ကတော့ သတ်မှတ်ထားတဲ့ ညွှန်ကြားချက်တွေဖြစ်တဲ့ သတ်မှတ်မိုင်နှုန်း အတိုင်းမောင်းနှင်ရေး၊ မူးယစ်သောက်စားမှုမရှိစေရေး၊ အသက်ကယ်ခါးပတ်ပတ်ရေးစတာတွေကို တိကျစွာလိုက်နာနိုင်ရေးတို့အတွက် သက်ဆိုင်ရာ RSC များအနေနဲ့ စစ်ဆေးကြပ်မတ်ခြင်းနဲ့ ပညာပေးဆောင်ရွက်ခြင်းများအပြင် ထိရောက်တဲ့ပြစ်ဒဏ်ချမှတ်ခြင်းများကို ကျောသားရင်သား မခွဲခြားဘဲ ပြုလုပ်သွားဖို့ တိုက်တွန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ လမ်းများအားလုံးမှာ ယာဉ်များအန္တရာယ် ကင်းစွာ မောင်းနှင်သွားလာနိုင်ရေးအတွက် လမ်းအန္တရာယ်ကင်းရှင်းရေးစိစစ်အကဲဖြတ်လုပ်ငန်း (Road Safety Audit) ဟာလည်း အရေးကြီးပါတယ်။ NRSC အနေနဲ့ လမ်း၊ တံတားတွေကို Safety

ဖြစ်ရန် စစ်ဆေးဆောင်ရွက်ဖို့အတွက် ဘက်လိုက်မှုနှင့်အဂတိကင်းပြီးတော့မှ သိက္ခာသမာဓိရှိတဲ့ Third Party ကို ဖွဲ့စည်းတာဝန်ပေးဖို့လိုအပ်ကြောင်း တိုက်တွန်းလိုပါတယ်။ Road Safety တိုးတက်လာဖို့အတွက်ဆိုရင် Accident Analysis ကို ဆောင်ရွက်ဖို့ Traffic engineer တွေက Accident ဖြစ်ပွားရာနေရာတွေကနေ မြေပြင်အချက်အလက်တွေ၊ ပွန်းရာ၊ ခြစ်ရာသက်သေတွေ၊ ထိခိုက်ပျက်စီးမှုဓာတ်ပုံ၊ CCTV Video သက်သေစတာတွေကို အသေးစိတ်စစ်တမ်း ကောက်ယူရမှာဖြစ်ပါတယ်။ Accident ဖြစ်ရတဲ့အကြောင်းအရင်းမှန်ကိုသိမှသာ နောင်အခါ ယင်းကဲ့သို့ မဖြစ်ရအောင် ဖြေရှင်းရမည့်အဖြေကို သိရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီအဖြေအတိုင်း အကောင်အထည်ဖော်ပြုပြင်လုပ်ဆောင်မှသာ လူ၊ ယာဉ်၊ လမ်းအန္တရာယ်များ လျော့ကျလာမှာဖြစ်ပါတယ်။ NRSC ရဲ့ လုပ်ငန်းစဉ်၊ မူဝါဒ၊ ရည်ရွယ်ချက်တွေ အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အဓိကအကျဆုံးအဖွဲ့အစည်းဖြစ်တဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အား လုံလောက်မှုမရှိတာကိုလည်း ဖွဲ့စည်းပုံပြည့်မီအောင် တိုးချဲ့ခန့်ထားဖို့နဲ့ ဘဏ္ဍာငွေလိုအပ်ချက်နဲ့ အခြားလိုအပ်ချက်များကိုလည်း လုံလောက်စွာဖြည့်တင်းပေးရန် တိုက်တွန်းလိုပါတယ်။ ဒါ့အပြင် စည်းကမ်းမဲ့ယာဉ်မောင်းသူတွေရဲ့ ရန်ပြုမှုကိုကာကွယ်နိုင်ဖို့အတွက် ထိုက်သင့်တဲ့လက်နက်ကိုင်ဆောင်ခွင့်ကိုလည်း ခွင့်ပြုပေးရမှာဖြစ်ပါတယ်။

ယာဉ်အစီးရေတိုးပွားလာမှုနဲ့ ယာဉ်မတော်တဆမှုက တိုက်ရိုက်အချိုးကျတဲ့ သဘောသဘာဝရှိပါတယ်။ Accident ဆိုတာကတော့ ပပျောက်အောင်လုပ်လို့ မရပါဘူး။ Accident Rate ကျအောင်နဲ့ ထိခိုက်ပျက်စီးမှုနည်းအောင်သာ လုပ်လို့ရပါတယ်။ ဖြစ်ပွားရတဲ့အကြောင်းအရင်းတွေကို ခြုံငုံသုံးသပ်ကြည့်တဲ့အခါမှာ လူကြောင့်ဖြစ်တာ အများဆုံးလို့ဆိုတဲ့အတွက် ယာဉ်တိုက်မှုကြောင့်မို့လို့ လူသားအရင်းအမြစ်ထိခိုက်သေဆုံးမှုလျှော့ချနိုင်ဖို့အတွက် ပြည်သူလူထုကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ပတ်သက်ပြီးတော့မှ ပညာပေးရေးလုပ်ငန်းစဉ်ဟာ အရေးကြီးဆုံး

ဖြစ်ပါတယ်။ ဒီလိုပညာပေးရေးလုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ အနုပညာရှင်များနဲ့ ပညာပေး အစီအစဉ်ပြုလုပ်ခြင်းက အထိရောက်ဆုံးဖြစ်တဲ့အတွက် အစိုးရအနေနဲ့ကတော့ အနုပညာရှင် များရဲ့အားကို ကောင်းစွာအသုံးချနိုင်ဖို့လိုအပ်ပါတယ်။ ဖြစ်နိုင်လို့ရှိရင် နိုင်ငံတကာမှာလို Brand Ambassador တွေခန့်အပ်ပြီးတော့မှ စည်းရုံးပညာပေးရေးဆောင်ရွက်ရမှာဖြစ်ပါတယ်။ လေးစား အပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၆-၅-၂၀၂၀ ရက်နေ့က အသစ်ပြဋ္ဌာန်းခဲ့တဲ့ ယာဉ်အန္တရာယ်ကင်းရှင်း ရေးနဲ့ မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပါ ရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်နိုင်ခြင်းရှိ/မရှိနဲ့ Law Enforcement ကောင်းအောင် လွှတ်တော်မှ မျက်ခြည်မပြတ် စောင့်ကြည့်ထိန်းကျောင်းရန်နှင့် ကိုယ်ထင်ပြရန် လိုအပ်နေပြီဖြစ်ပါတယ်။ ယာဉ်တိုက်မှု၊ မတော်တဆမှုများကြောင့် သေဆုံး ထိခိုက်ဒဏ်ရာရခြင်းများ လျှော့နည်းကျဆင်းအောင်ဆောင်ရွက်ဖို့ကတော့ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှု(All Inclusives)ဖြစ်မှသာ အောင်မြင်မှုရနိုင်တဲ့လုပ်ငန်းတာဝန်မျိုးဖြစ်ပါတယ်။ Road Traffic Accidents ကို ပြည်သူ့ကျန်းမာရေးဆိုင်ရာပြဿနာတစ်ရပ်အဖြစ် နိုင်ငံတကာသာမက မိမိတို့နိုင်ငံမှာပါ ရင်ဆိုင်နေရပြီးတော့မှ အဲဒီပြဿနာကို NRSC အနေနဲ့ Multi-Disciplinary Approach နဲ့ ဖြေရှင်းကိုင်တွယ်သင့်ပြီးတော့မှ အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့မှသာ 2020 Road Safety ဆိုင်ရာ တစ်ကမ္ဘာလုံးမျှော်မှန်းချက်ဖြစ်တဲ့ Towards Zero Together ဆိုတဲ့ Vision ကို အမှန်တကယ် ရောက်ရှိလာနိုင်မှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ကတော့ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမယ်ဆိုတဲ့ စကားအတိုင်း အမှန် တကယ်လုပ်ဆောင်ဖို့လိုအပ်ကြောင်းနဲ့ ကိုယ်စားလှယ်တော်ကြီးများအပါအဝင် နိုင်ငံသူနိုင်ငံသား အားလုံး ယာဉ်အန္တရာယ်ကင်းရှင်းကြပါစေလိုကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

## ဦးမင်းသိန်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၏ မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများ တဖြည်းဖြည်း မြင့်တက်လာနေပါသောကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူခြင်းများကို ယခုထက်ပို၍ ထိထိရောက်ရောက်အရှိန်မြှင့်တင်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ပြန်လည်ရှင်းလင်းဆွေးနွေးမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအတွင်း ယာဉ်မတော်တဆထိခိုက်မှုများကြောင့် ပြည်သူတို့၏ အသက်အန္တရာယ်နှင့် လူမှုစီးပွားဘဝဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ၊ ယာဉ်ကြောင့်ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများ

လျော့နည်းကျဆင်းလာစေရန်နှင့် ၂၀၁၄ ခုနှစ် ဇွန်လတွင် ရေးဆွဲခဲ့တဲ့ မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက် (Action Plan)(၂၀၁၄-၂၀၂၀)ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(NRSC)ကို ဒုတိယသမ္မတ(၂)ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များပါဝင်၍ ၂၀၁၆ ခုနှစ်မှာဖွဲ့စည်းခဲ့ပြီး ဆပ်ကော်မတီ(၄)ရပ်နှင့် လုပ်ငန်းအဖွဲ့(Task Force)များ ဖွဲ့စည်းပြီးတော့ ယာဉ်အန္တရာယ်/လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာလည်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများကို သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ ဦးဆောင်၍ ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ၏ကင်းရှင်းရေး Action Plan မှာတော့ ၂၀၁၃ ခုနှစ်ကို အခြေခံနှစ်အဖြစ် သတ်မှတ်ပြီးတော့ လုပ်ငန်းကဏ္ဍ(၁၂) ရပ်အတွက် လုပ်ငန်းစဉ်ပေါင်း ၁၀၁ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ တင်ပြခဲ့တဲ့ Action Plan ပါ လုပ်ငန်းစဉ်တွေအပြင် အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာရလဒ်ကောင်းများ ရရှိနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်မှစတင်ပြီးတော့ ချမှတ်တွန်းအားပေးကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့ Quick Win အစီအမံ(၅)ရပ်ကတော့ (၁) မော်တော်ယာဉ်မောင်းသူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်စေရေး၊ (၂) မော်တော်ဆိုင်ကယ်စီးနင်းသူများ အရည်အသွေးပြည့်မီတဲ့ ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်မောင်းနှင်စေရေး၊ (၃) အရက်သေစာမူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမရှိစေရေး၊ (၄) မော်တော်ယာဉ်မောင်းနှင်သူများ လက်ကိုင်ဖုန်းအသုံးမပြုစေရေးနှင့် (၅) မော်တော်ယာဉ်မောင်းနှင်ရာမှာ သတ်မှတ်ထားတဲ့ အမြန်နှုန်းထက်ပို၍ မောင်းနှင်မှုမရှိစေရေးတို့ ဖြစ်ပါတယ်။

**မူကြမ်း**

NRSC ရဲ့ ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီများအနေနဲ့ လုပ်ငန်းအစီအမံများကို အလေးထားကြိုးပမ်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိတဲ့အတွက် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအထိ Quick Win အစီအမံတစ်ခုချင်းအလိုက် တင်ပြပါအတိုင်း ပညာပေးမှု၊ စစ်ဆေးဆောင်ရွက်မှု၊ အရေးယူမှုများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရရှိတဲ့နေရာမှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မော်တော်ယာဉ်ကြီးကြပ်ထိန်းသိမ်းမှုကော်မတီများ ပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေး၍လည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက်မှာ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့တို့ ပူးပေါင်း၍လည်းကောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးခြင်း၊ စစ်ဆေးခြင်း၊ ထိန်းသိမ်းကြပ်မတ်အရေးယူခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်နှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသကဲ့သို့ ယာဉ်မတော်တဆမှုအားလုံးရဲ့ ၅၀ ရာခိုင်နှုန်းကျော်ဟာ မော်တော်ဆိုင်ကယ် မတော်တဆမှုကြောင့်ဖြစ်ပွားနေပြီး ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်း၊ ဦးထုပ်ဆောင်းသော်လည်း အရည်အသွေးပြည့်မီတဲ့ ဆိုင်ကယ်စီးဦးထုပ်များ မဟုတ်ခြင်းတို့ကြောင့်ပြင်းထန်တဲ့ ဦးခေါင်းထိခိုက် ဒဏ်ရာများနှင့် သေဆုံးမှုများဖြစ်ပေါ်နေသည်ကို သုံးသပ်တွေ့ရှိရတဲ့အတွက် NRSC အနေဖြင့် အထူးအလေးထားပြီးတော့ မြန်မာနိုင်ငံ၌ အရည်အသွေးပြည့်မီသော မော်တော်ဆိုင်ကယ်စီးဦးထုပ် စံသတ်မှတ်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉-၃-၂၀၂၀ ရက်နေ့မှာ ကျင်းပပြုလုပ် ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့(၆/၂၀၂၀) အစည်းအဝေးက UN Regulation No 22(Safety Helmet)

စံကို တိုက်ရိုက်ကိုးကားကျင့်သုံးရန် သဘောတူခွင့်ပြုချက်ရရှိခဲ့ပြီး လက်တွေ့အကောင်အထည်ဖော်နိုင်ရေးလုပ်ငန်းစဉ်များကို NRSC ရဲ့ စီမံခန့်ခွဲရေးဆပ်ကော်မတီအနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့နှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအပြင် အဆိုရှင်ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသကဲ့သို့ အချို့သောဒေသများ၌ အိမ်သုံးမော်တော်ဆိုင်ကယ်များကို ကိုယ့်နည်းကိုယ့်ဟန်နှင့် ပြုပြင်တပ်ဆင်ပြီး ခရီးသည်တင်ဆောင်ခြင်း၊ ကုန်တင်ဆောင်ခြင်း၊ ကုန်ပစ္စည်းများအရောင်းယာဉ်များအဖြစ် အသုံးပြုခြင်းရှိနေတာမှန်ပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်နေမှုများဟာဆိုရင် ၂၆-၅-၂၀၂၀ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မညီညွတ်တဲ့အပြင် လက်တွေ့မှာလည်း အင်မတန်မှ အန္တရာယ်ကြီးတဲ့အတွက်ကြောင့် အဲဒီလိုဆောင်ရွက်နေတဲ့ စည်းကမ်းပျက်မော်တော်ဆိုင်ကယ်များကို ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် မြေပြင်၌ ကြပ်မတ်၍ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်၌ ၇၇၈၁၆ စီး၊ ၂၀၁၉ ခုနှစ်၌ ၁၄၇၈၄၀ စီးနှင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအထိ ၄၀၆၀၅ စီးတို့ကို စစ်ဆေးအရေးယူနိုင်ခဲ့ပါတယ်။ ယာဉ်မတော်တဆမှုစာရင်းအင်း အချက်အလက်များကို သုံးသပ်လေ့လာရာမှာ အဆိုရှင်ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးခဲ့တဲ့အတိုင်း လူငယ်၊ လူရွယ်အုပ်စုတွေဟာ အများဆုံးထိခိုက်ဆုံးရှုံးနေရတာကိုတွေ့ရှိရတဲ့အတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ စတုတ္ထအကြိမ်နှင့် ပဥ္စမအကြိမ်အစည်းအဝေးများ၌ အသက်(၂၀)မှ အသက်(၄၀)ကြား လူငယ်၊ လူရွယ်များကို Target Group အဖြစ် သတ်မှတ်၍ ယာဉ်နှင့်လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးမှုများကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်သွားကြရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါတယ်။ အဆိုပါဆုံးဖြတ်ချက်များနှင့်အညီ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း လူငယ်၊ လူရွယ်အများဆုံးရှိတဲ့ တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများအပါအဝင် လူစည်ကားရာနေရာများနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး

များ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲအကြိမ်ရေ စုစုပေါင်း ၁၀၁၀၅ ကြိမ်ပြုလုပ်ခဲ့ပြီး လူဦးရေ ၉.၄ သိန်းကျော်အထိ ပညာပေးဟောပြောခြင်းကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်များအတွင်း ယာဉ်တိုက်ခိုက်မှုအရေအတွက် လျော့နည်းကျဆင်းလာခဲ့သော်လည်း သေဆုံးသူဦးရေကျဆင်းမှုမရှိသည်ကို ဆန်းစစ်တွေ့ရှိရတဲ့အတွက် အကြောင်းရင်းများကို သုံးသပ်ခဲ့ရာ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်မတော်တဆမှုများပြားခြင်း၊ အသက်ကယ်ထိုင်ခုံခါးပတ်ကို အပြည့်အဝအသုံးမပြုခြင်းတို့ကြောင့် သေဆုံးတိုးမြှင့်ခဲ့ရသည်ကို တွေ့ရှိခဲ့ရပါတယ်။ ထို့ကြောင့် NRSC စီမံခန့်ခွဲရေး ဆပ်ကော်မတီအနေနဲ့ ယာဉ်မောင်းများအပါအဝင် ခရီးသွားပြည်သူအားလုံးအသက်ကယ်ထိုင်ခုံခါးပတ်ကို ခရီးစဉ်အစမှအဆုံးအထိ ဝတ်ဆင်အသုံးပြုကြစေရေးအတွက် အသိပညာပေး Video Clip များ ရိုက်ကူးခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးရှိ အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများ စုစုပေါင်း ၃၁၉၁ လိုင်းသို့ Video ခွေများ ဖြန့်ဝေ၍ ယာဉ်များပေါ်တွင် ပြသစေလျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်ကစတင်ပြီး မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာမူဝါဒများ ပြောင်းလဲဖြေလျှော့ပေးခဲ့မှုကြောင့် မော်တော်ယာဉ်စီးရေဟာ တစ်နှစ်ထက်တစ်နှစ် လျင်မြန်စွာ တိုးတက်များပြားလာလျက်ရှိပြီးတော့ ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းမှာ ယာဉ်စီးရေ ၂.၃ သန်းသာ ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ် ဇွန်လမှာဆိုရင် ယာဉ်စီးရေ ၇.၅ သန်းရှိခဲ့သဖြင့် ကိုးနှစ်အတွင်း ယာဉ်စီးရေ သုံးဆကျော် တိုးတက်များပြားလာကြောင်း တွေ့ရှိရပါတယ်။ သာမန်အားဖြင့် ယာဉ်စီးရေ တိုးတက်လာမှုနှင့် ယာဉ်တိုက်ခိုက်မှုသည် တိုက်ရိုက်အချိုးကျလျက်ရှိသော်လည်း NRSC က ဦးဆောင်ချမှတ်ထားတဲ့ လုပ်ငန်းအစီအမံများအပေါ် အားလုံးကအလေးထားကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့အတွက် ယာဉ်မတော်တဆထိခိုက်မှုကြောင့် သေဆုံးမှုဟာ အခြေခံနှစ်ဖြစ်တဲ့ ၂၀၁၃ ခုနှစ်မှာ ယာဉ်စီးရေ ၁၀၀၀၀ မှာ ၉.၂၆ ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်မှာ ၇.၇၄ သို့လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှာ ၇.၁၈ သို့လည်းကောင်း အဆင့်ဆင့်လျော့ကျလာခဲ့ပါတယ်။ ၂၀၁၉

ခုနှစ်ကတော့ ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်ရင်သေဆုံးမှုနှုန်း ၀.၀၈ မြင့်တက်လာတာကို စိစစ်တွေ့ရှိရပြီး ၂၀၂၀ ပြည့်နှစ်မှာတော့ COVID–19 ကြောင့် ခရီးသွားလာမှုလျော့နည်းလာခဲ့သဖြင့် သေဆုံးမှုနှုန်းလည်း ပြန်လည်လျော့ကျလာမည်လို့ ခန့်မှန်းနိုင်ပါတယ်။ လက်ရှိ NRSC စတင်ဖွဲ့စည်းခဲ့တဲ့ ၂၀၁၆ ခုနှစ်မှစပြီးတော့ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အထိ ယာဉ်တိုက်ခိုက်မှု၊ ဒဏ်ရာရမှုနှင့် သေဆုံးမှုစာရင်းများအရ ရည်မှန်းချက်များအတိုင်း အောင်မြင်စွာ ထိန်းချုပ်လျှော့ချနိုင်စွမ်းမရှိသေးသော်လည်း အနည်းငယ်လျော့ကျလာနေသည်ကိုတွေ့ရှိရပါတယ်။ နောက်ဆုံးလိုင်းဖြစ်တဲ့ (င) မှာဖော်ပြထားတဲ့ လျော့နည်းမှုတွေကတော့ ၂၀၁၉ ခုနှစ် အလားတူကာလ လျော့ကျခဲ့မှုကိုပြထားတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ NRSC အနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်စီများ၊ ဆပ်ကော်မတီများအလိုက် တွန်းအားပေးဆောင်ရွက်လျက်ရှိတဲ့အပြင် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အထူးအားဖြင့် Suu Foundation နှင့်စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ်၌ Suu Foundation Road Safety High Level Panel ၏ Expert Group က မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပကတိအခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ပြီး Recommendations ၄၃ ချက်ကို အကြံပြုခဲ့ပါတယ်။ အဆိုပါအကြံပြုချက် ၄၃ ချက်အနက် ကိုးချက်ကို ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိတဲ့ ၃၄ ချက်မှာ စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားရမယ့်ကိစ္စရပ်များဖြစ်သဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ အထောက်အကူဖြစ်စေနိုင်ရေးအတွက် Suu Foundation အား ၂၀၁၈ ခုနှစ်၌ Road Safety Special Adviser တစ်ဦးခန့်အပ်ပေးခဲ့ပြီး ၎င်း၏သုံးသပ်အကြံပြုချက်များနှင့်အညီ လုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ Road Safety Special Adviser မြန်မာနိုင်ငံသို့လာရောက်ခဲ့တဲ့

ခရီးစဉ် ခြောက်ကြိမ်အတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဦးဆောင်၍ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများပါဝင်တဲ့ Regional Workshop On Motorcycle Helmet and Minimum Safety Requirements for Cars အလုပ်ရုံဆွေးနွေးပွဲကျင်းပဆောင်ရွက်ခြင်း၊ Road Crash Database System အကောင်အထည်ဖော်ခြင်း၊ တပ်မတော်သားကိုယ်စားလှယ်တော်ကြီးရဲ့ဆွေးနွေးချက်မှာပါရှိတဲ့ Road Safety Audit & Road Safety Inspection System ဖော်ဆောင်နိုင်ရေးဆောင်ရွက်ခြင်း၊ ISO 39001 အကောင်အထည်ဖော် ကျင့်သုံးနိုင်ရေးအတွက် ပြင်ဆင်ခြင်း၊ မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက် (Action Plan) (၂၀၂၁-၂၀၃၀)(မူကြမ်း)ထွက်ပေါ်လာစေရေးအတွက် ဆွေးနွေးခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အဆိုရှင်ကိုယ်စားလှယ်တော်ကြီးဆွေးနွေးသွားသလို အသိပညာပေးရမယ့်ကိစ္စ၊ အရေးယူရမယ့်ကိစ္စဟာ အစိုးရရဲ့တာဝန်ဆိုတာ ကောင်းစွာနားလည်လက်ခံထားတဲ့အတွက် ရှေ့မှာတင်ပြသွားခဲ့တဲ့အတိုင်းပဲ NRSC အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာတဲ့ပြည်သူများအား အသိပညာပေးမှု၊ စစ်ဆေးအရေးယူကြပ်မတ်မှုများကို အစဉ်တစိုက်အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အချိန်အဟုန်တိုးမြှင့် တွန်းအားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ယာဉ်တိုက်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုသည် တစ်ဦးချင်းအတွက် မိသားစုတစ်ခုချင်းအတွက် ဆုံးရှုံးမှုသာမကဘဲ နိုင်ငံတော်၏နစ်နာဆုံးရှုံးမှု၊ တစ်မျိုးသားလုံးရဲ့လူမှုစီးပွားဘဝတန်ဖိုးများ ပျက်စီးဆုံးရှုံးမှုအဖြစ် ပြည်သူများကိုယ်တိုင်က ခံယူရှုမြင်ကြပြီး ကိုယ်ပိုင်အသိတရားဖြင့် လေးစားလိုက်နာကြမှသာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြောင့် ကြုံတွေ့ရမယ့် ဆင်းရဲဒုက္ခပြဿနာဆိုးကျိုးများကို ကျော်လွှားလွန်မြောက်နိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ NRSC ရဲ့ ကြိုးပမ်းဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်နိုင်စေရန်အတွက် ပြည်သူကိုယ်စားပြု၊ လွှတ်တော်

ကိုယ်စားလှယ်တော်ကြီးများအနေနဲ့လည်း ပူးပေါင်းပါဝင်ကူညီစည်းရုံးပေးနိုင်ရေးအတွက် အလေးအနက် ဒီနေရာမှာ မေတ္တာရပ်ခံလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ NRSC အနေနဲ့ နိုင်ငံအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ရာမှာ လက်တွေ့ကျတဲ့လုပ်ဆောင်ချက်၊ မြေပြင်လိုအပ်ချက်များကို အခြေခံလျက် ချမှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသိပညာပေး၊ စစ်ဆေးကြပ်မတ်အရေးယူခြင်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသဖြင့် အဆိုရှင်ကိုယ်စားလှယ်တော်ကြီးနှင့် အဆိုကိုထောက်ခံဆွေးနွေးသည့်ကိုယ်စားလှယ်တော်ကြီးနှင့် အဆိုအပေါ်ယနေ့ ဆွေးနွေးသွားကြတဲ့ ကိုယ်စားလှယ်တော်ကြီးများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများ၏ အကြံပြုဆွေးနွေးချက်များကို အထူးအလေးထား၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်း၊ ယာဉ်များနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအသိပညာပေး စစ်ဆေးကြပ်မတ်အရေးယူမှုများ ပိုမိုထိရောက်အောင်မြင်မှုရှိစေရေးအတွက် ပိုမိုအရှိန်မြှင့်တင်၍ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းတင်ပြလျက် ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုကို ပြည်သူ့လွှတ်တော်မှ အတည်ပြုသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော့်ရဲ့အဆိုကို ဝိုင်းဝန်းဆွေးနွေးပေးခဲ့တဲ့ ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)၊ ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)နဲ့ ဗိုလ်မှူးဝင်းမင်းထွန်း (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)တို့ကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်ရဲ့ အဆိုကို အတည်ပြုပေးဖို့တင်ပြပေးခဲ့တဲ့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကိုလည်း

ကျေးဇူးတင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့လည်း ကျွန်တော့်အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်၏သဘောထားကို တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမင်းသိန်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်သုံးဦးက ဆွေးနွေးပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်းရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမင်းသိန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

## (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၁၆) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနှင့် ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မှူကြမ်း**

**အချိန်၊ ၁၃:၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၃:၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**


## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ (၂၅.၈.၂၀၂၀) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



Dr Kyaw Linn    Dr Khin Sithu



U Khin Maung Win    Daw Ni Shwe Lyan



U Khin Maung Win    U Maung Maung Oo



U Saw Thalay Saw    Dr Ye Myint Swe




Dr Ye Myint Swe    U Aung Soe Min



Dr Ye Myint Swe    Daw Zin Mar Aung

-

pyithu.hluttaw.mm



U Myint Wai



U Win Maw Tun

pyithu.hluttaw.mm



U Myint Lwin



U Win Maw Tun

pyithu.hluttaw.mm



U Win Myint Oo



U Win Maw Tun

pyithu.hluttaw.mm



U Myat Lay Oo



U Win Maw Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်